The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
စီးပွားရေးသတင်းဂျာနယ်
VOL.20, NO. 16
တနင်္လာနေ့တိုင်းထုတ်ဝေသည်
June 8, 2020

# စီးပွားရေး၊ ပညာရေး၊ လူမှုရေး ကဏ္ဍအသီးသီးတွင် အရေးပါလာသည့် မူပိုင်ခွင့်

စာမျက်နှာ - ၁၈ ➢



## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် အစေ့ထုတ်ပြောင်းသီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဗိုရမ်သို့ တက်ရောက်အမှာစကားပြောကြား

စာမျက်နှာ - ၃ ➢



## COVID-19 ကာလအတွင်း မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး အခက်အခဲများ ညှိနှိုင်းဆောင်ရွက်

စာမျက်နှာ - ၈ ➢



## ပြည်တွင်း အထည်ချုပ်လုပ်ငန်းများ အမှာအော်ဒါသစ်ရရန် အခက်အခဲနှင့် ရင်ဆိုင်နေရ

စာမျက်နှာ - ၂၆ ➢

## သတိထားဆင်ခြင်ပါ Online ရောင်းဝယ်ရာမှာ

စာမျက်နှာ - ၂၅ ➢

YAMADA
MYANMAR
COMPANY LIMITED









SALES & RENTAL SERVICES

No.(94/89), Yadanar Housing Part(B), Yadanar Road, Ward(67), Dagon Seikkan Township, Yangon, Myanmar.
Ph: 09 7969 96333, 09 9769 96333



# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် အစေ့ထုတ်ပြောင်းသီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်သို့ တက်ရောက်အမှာစကားပြောကြား

အစေ့ထုတ်ပြောင်းသီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် အခမ်းအနားကို ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၆ ရက် နံနက် ၁၀ နာရီအချိန်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ကျင်းပပြုလုပ်ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာ စကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုသည် ပုဂ္ဂလိက ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်မှုပေါ်တွင် မှီတည်နေသည့်အတွက် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ အဆင်ပြေချောမွေ့လာအောင် နိုင်ငံတော်ဘက်မှ လိုအပ်သည့်ဖြေလျှော့ပေးမှုများ၊ လုပ်ငန်းလွယ်ကူလျှင်မြန်ချောမွေ့စေရေး အစီအမံများကို စီစဉ်ဆောင်ရွက်ပေးနေပါကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်ကို အဟန့်အတားဖြစ်စေသည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း၊ ခေတ်စနစ်နှင့် လိုက်လျောညီထွေဖြစ်စေမည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို ရေးဆွဲပြဋ္ဌာန်းပေးခြင်းစသည့် လိုအပ်သော ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ပေးနေကြောင်း၊ မြန်မာနိုင်ငံတွင် ပြောင်းကို နှစ်စဉ်ပြည်တွင်းစားသုံးမှုထက် ပိုလျှံစွာထုတ်လုပ်နိုင်ခဲ့ပြီး ပြည်ပတင်ပို့မှုအပိုင်းတွင်လည်း အာဆီယံဒေသတွင်း နိုင်ငံပေါင်း ၁၀ နိုင်ငံအနက် ဒုတိယအများဆုံးတင်ပို့သောနိုင်ငံဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ပြောင်းစိုက်ဧက ၁ ဒသမ ၉ သန်းခန့်ရှိပြီး ရှမ်းပြည်နယ်မြောက်ပိုင်း၊ တောင်ပိုင်း၊ ကယား၊ ကရင်၊ ဧရာဝတီတိုင်း၊ နေပြည်တော် စသည့်နေရာများမှ ထွက်ရှိသော ပြောင်းများကို တရုတ်ဈေးကွက်သို့ အများဆုံးတင်ပို့လျက်ရှိရာ ပြောင်းအဓိကဝယ်ယူနေသည့် တရုတ်နိုင်ငံက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ကစ၍ ဝယ်ယူမှုလျော့နည်းလာခြင်းကြောင့် ဈေးနှုန်းများ ဆက်တိုက်ကျဆင်းခဲ့သည့် အခြေအနေဖြစ်ပေါ်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ ရေမြေရာသီဥတုအရ ပြောင်း သီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေမည့် အခြေအနေကောင်း အခွင့်အလမ်းကောင်းများရှိသည့်အတွက် ပြောင်းကဏ္ဍ၌ ပါဝင်ပတ်သက်သူများ အားလုံး စိတ်ပါဝင်စားစွာ လက်တွဲဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ ကျရာကဏ္ဍမှ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်သွားကြဖို့ လိုအပ်သလိုလုပ်ငန်းရှင်များအနေဖြင့်လည်း နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးက အားကိုးအားထားပြုရသည့် လုပ်ငန်းရှင်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ စိုက်ပျိုးထုတ်လုပ်သူများ၊ ကုန်သည်ပွဲစားများ၊ ပြည်ပတင်ပို့သူများအနေဖြင့် အချင်းချင်း ရောင်းဝယ်မှုပြုလုပ်ရာတွင် Online စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြောင်းသီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်မှာ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးကြမည့်အကြောင်းအရာများမှတစ်ဆင့် ဖော်ထုတ်ရရှိမည့် အချက်များသည် ပြည်တွင်း ကုန်သွယ်ရေးဖွံ့ဖြိုးမှုအတွက် ဆောင်ရွက်နိုင်မည့် အခြေခံအချက်များဖြစ်ပြီး နိုင်ငံတကာသို့ ပြောင်းတင်ပို့မှုကို မြှင့်တင်နိုင်မည့် အထောက်အပံ့ကောင်းတစ်ခုဖြစ်စေရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးအောင်ထူးက ဈေးကွက်နှင့် ပို့ကုန်အခြေအနေ လိုအပ်ချက်ရှိသည့် သီးနှံများအား ပြောင်းလဲစိုက်ပျိုးထုတ်လုပ်ခြင်း၊ တင်ပို့ရောင်းချခြင်းတို့ကို ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပြောင်းကို ပြည်တွင်း အစာထုတ်လုပ်ငန်းများမှလည်း တန်ချိန် ၁ ဒသမ ၂ သန်းမှ ၁ ဒသမ ၅ သန်းအထိ သုံးစွဲပါကြောင်း၊ ကမ္ဘာ့ပြောင်းထွက်ရှိမှု တန်ချိန် သန်း ၁၁၀၀ ကျော်ထွက်ရှိပြီး မြန်မာနိုင်ငံအနေဖြင့် တစ်နှစ်လျှင် ၂ ဒသမ ၃ သန်းခန့်ထွက်ရှိသည်ဟု စာရင်းအင်းများအရ သိရှိရကြောင်း၊ ပြည်ပတင်ပို့မှုတွင်လည်း ယခုနှစ်တွင် ပြောင်းတန်ချိန် ၁ ဒသမ ၈ သန်းကျော် တင်ပို့ထားပြီး ထိုင်းနိုင်ငံသို့ တန်ချိန် ၁ ဒသမ ၂ သန်းခန့် တင်ပို့ထားပါကြောင်း၊ ပြည်ပပို့ကုန်အတွက် အလားအလာရှိသည့်အပြင် ပြည်တွင်း အစာစပ်လုပ်ငန်းများနှင့် ဝယ်လိုအား မြင့်တက်လာလျက်ရှိသည့်အတွက်လည်း ပြောင်းသီးနှံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်း အကြံပြုဆွေးနွေးပေးစေလိုကြောင်း စသည်ဖြင့် ပြောကြားသည်။

ဆက်လက်၍ Zoom Application ဖြင့် ဖိုရမ်သို့ ပါဝင်တက်ရောက်လာသူများက ပြောင်းသီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပေါင်းစပ်ဆောင်ရွက်ခဲ့မှု အခြေအနေ၊ မျိုးစေ့သုံးစွဲမှု၊ ပြောင်းစိုက်ပျိုးမှုနှင့် ပြည်ပတင်ပို့မှုတို့တွင် ကြုံတွေ့ရသည့်အားနည်းချက်၊ အားသာချက်များ၊ အခက်အခဲများ၊ COVID-19 ကာလအတွင်း ပြည်တွင်းပြောင်းဈေးကွက်အခြေအနေနှင့် COVID-19 ကာလအလွန် ဆက်လက် ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ပြည်တွင်းရှိ အစာစပ်လုပ်ငန်းတွင် လက်ရှိ ပြောင်းသုံးစွဲနေမှုအခြေအနေ၊ တိရစ္ဆာန်အစာ ပြည်တွင်း ဖြန့်ဝေရောင်းချမှု အခြေအနေ၊ COVID-19 အလွန်ကာလများတွင် ပြောင်းကုန်ကြမ်းဝယ်ယူမည့် အခြေအနေများကို ဆွေးနွေးဖော်ထုတ်ခဲ့ကြပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကားပြောကြား၍ နေ့လယ် ၁ နာရီအချိန်တွင် ဖိုရမ်ကို ရုပ်သိမ်းခဲ့သည်။

အဆိုပါဖိုရမ်သို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးပညာရှင်များ၊ အသင်းအဖွဲ့များနှင့် ကုန်သည်လုပ်ငန်းရှင်များ၊ ဧရာဝတီတိုင်းနှင့် ရှမ်းပြည်နယ်တို့မှ စိုက်ပျိုးတောင်သူများ၊ အစေ့ထုတ်ပြောင်းကုမ္ပဏီလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **MOC (IR)**

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
အောင်မောင်း
မြင့်သူရ
ဦးဦးဟန်

**စာတည်းမှူးချုပ်**
မင်းအောင်အေး

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**တာဝန်ခံစာတည်း**
စိန်သံ

**စာတည်းအဖွဲ့**
ရဲမင်းနိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ အေးအေးသန့်
သီတာဝင်း

**သတင်းထောက်များ**
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
စောမောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ခင်မိုးသူ

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း
မြင့်ဇင်ညွန့်

**ထုတ်ဝေသူ**
ဦးမျိုးခိုင်ဝင်း (၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊ ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
မြင့်ဇော်မိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
အိမွန်မွန်သူ၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ယခုတစ်ပတ် ဆန်နှင့် ဆန်ကွဲ တန်ချိန်လေးသောင်းကျော်တင်ပို့

မေ ၂၃ ရက်မှ ၂၉ ရက်တာ ကာလအတွင်း မြန်မာ-တရုတ် နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၄၆၇ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၁၃၀၀ ခန့်တင်ပို့ခဲ့ကြောင်း သိရသည်။ မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ဆန်တန်ချိန် ၁၃၀၀ ခန့်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဆန်တန်ချိန် သုည ဒသမ ၀၀၆ တင်ပို့နိုင်ခဲ့သဖြင့် ယခင်တစ်ပတ် တင်ပို့မှုနှင့် နှိုင်းယှဉ်လျှင် ဆန်တန်ချိန် ၂၅၀၀ ကျော် လျော့နည်းတင်ပို့ခဲ့ကြောင်း သိရသည်။

ယခုတစ်ပတ် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၃၆၀ ဒေါ်လာသန်းတန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၁၃၅၀ ခန့် တင်ပို့ခဲ့ကြောင်း သိရသည်။ ယခင်တစ်ပတ်တင်ပို့မှုနှင့် နှိုင်းယှဉ်လျှင် တန်ချိန် ၁၀၀၀ ခန့်ပိုမိုခဲ့ပါသည်။

မေ ၂၄ ရက်မှ ၃၀ ရက်တာ ကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၈ ဒသမ ၃၃၀ သန်း တန်ဖိုးရှိ ဆန်တန်ချိန် ၁၈၉၀၀ ခန့် တင်ပို့နိုင်ခဲ့ပါသည်။ တင်ပို့မှုအနေဖြင့် အာရှနိုင်ငံများသို့ ဆန်တန်ချိန် ၁၁၅၀၀ခန့်၊ အီးယူအဖွဲ့ဝင်နိုင်ငံများသို့ဆန်တန်ချိန် ၃၂၀၀ ကျော်၊ အာဖရိကနိုင်ငံများသို့ ဆန်တန်ချိန် ၄၂၀၀ ကျော် တင်ပို့နိုင်ခဲ့သဖြင့် ယခင်တစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် ဆန်တန်ချိန် ၁၃၁၀၀ ခန့် လျော့နည်းတင်ပို့ခဲ့ကြောင်းသိရသည်။ မေ ၂၄ ရက်မှ ၃၀ ရက်တာကာလအတွင်း ပင်လယ်ရေကြောင်းမှ ဆန်ကွဲတင်ပို့မှုအနေဖြင့် အမေရိကန်ဒေါ်လာ ၆ ဒသမ ၀၃၂ သန်း တန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၂၁၈၀၀ ခန့်တင်ပို့ခဲ့ကြောင်း သိရသည်။ အီးယူအဖွဲ့ဝင်နိုင်ငံများသို့ ဆန်ကွဲတန်ချိန် ၁၃၇၅၀ ခန့်၊ ယူကရိန်းနိုင်ငံသို့ ၂၃၄ တန်၊ အာရှနိုင်ငံများသို့ ဆန်ကွဲတန်ချိန် ၆၀၃၀၊ အာဖရိကနိုင်ငံများသို့ ၁၇၈၀ တင်ပို့နိုင်ခဲ့သည်။ ယခင်တစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် ဆန်ကွဲတန် ချိန် ၁၁၀၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့သည်။

ယခုတစ်ပတ် ဆန်နှင့်ဆန်ကွဲတင်ပို့မှု စုစုပေါင်းတန်ချိန် ၄၃၀၀၀ ကျော် တင်ပို့နိုင်သဖြင့် ယခင်တစ်ပတ် တင်ပို့မှုနှင့် နှိုင်းယှဉ်လျှင် တန်ချိန် ၁၄၀၀၀ ခန့်လျော့နည်းတင်ပို့ခဲ့ကြောင်း သိရသည်။

**အေးအေးသန့်**



# ဧရာဝတီတိုင်းအတွင်း ဆန်၊ စပါးဈေးကွက် ဈေးနှုန်းအပြောင်းအလဲဖြစ်

ဧရာဝတီတိုင်းအတွင်း ဆန်၊ စပါးဈေးကွက်တွင် ဇွန်လ ပထမပတ်အတွင်း မြို့နယ်အချို့ ဈေးနှုန်းအတက်အကျ အပြောင်းအလဲဖြစ်လျက်ရှိရာ ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်တွင် ဧည့်မထနွေစပါးအရောင်းအဝယ် အနည်းငယ်အေးလျက်ရှိသောကြောင့် ယခင်နွေစပါး ၄၆ ပေါင်တင်း ၁၀၀ ကို ကျပ် ၅၈၅၀၀၀ ဈေး၊ ဆန် တစ်အိတ်ကို ကျပ် ၂၅၀၀၀ မှ ယခုစပါးဈေး ကျပ် ၅၈၀၀၀၀၊ ဆန်တစ်အိတ်ကို ၂၄၅၀၀ ကျပ်ဖြစ်သွား၍စပါးတင်း ၁၀၀ ကို ကျပ် ၅၀၀၀ နှင့် ဆန်တစ်အိတ်ကို ကျပ် ၅၀၀ ဈေးနှုန်းကျဆင်းလျက်ရှိပြီး ဟင်္သာတခရိုင်အတွင်းရှိမြို့နယ်အချို့တွင် စပါး၊ ဆန်လက်ကျန်များနည်းလာခြင်းကြောင့် ဟင်္သာတ၊ ဇလွန်နှင့် ကြံခင်းမြို့နယ်များတွင် ယခင်မိုးဧည့်မထစပါး ၄၆ ပေါင် တင်း ၁၀၀ ကို ကျပ် ၅၅၀၀၀၀/၅၇၀၀၀၀ ဈေးမှ ယခုဈေး ကျပ် ၅၇၀၀၀၀၊ ၅၈၅၀၀၀ ဈေးဖြစ်သွား၍ စပါးတင်း ၁၀၀ ကို ကျပ် ၂၀၀၀၀ ဝန်းကျင် ဈေးနှုန်းမြင့်တက်သွားပြီး ဆန်တစ်အိတ်ကို ယခင် ကျပ် ၂၃၀၀၀ မှ ယခု ကျပ် ၂၄၀၀၀ ဖြစ်သွားသည့်အတွက် ဆန်တစ်အိတ်ကို ကျပ် ၁၀၀၀ မြင့်တက်မှုရှိကြောင်း တိုင်းဆန်စပါးသတင်းများမှသိရသည်။

**မင်းမင်းဦး (ပုသိမ်)**

# ရောင်းလိုအားများပြီး ဝယ်လိုအားနည်းနေသည့် မုံရွာနွားနို့

နွားနို့သည် အာဟာရပြည့်ဝကာ ကလေးများငယ်စဉ်ကတည်းက သောက်သုံးလျှင် ဉာဏ်ရည်ဖွံ့ဖြိုးပြီး အရပ်လည်းရှည်ပါသည်။ နွားနို့ကို ကျိုချက်ရာတွင် အချိန် ၄၅ မိနစ်ခန့် ကျိုချက်၍မှသာလျှင် ကျန်းမာရေးနှင့်ညီညွတ်မည်ဖြစ်သည်။ မုံရွာမြို့နယ် မုံရွာနွားဇုန် ကူတော မင်းရွာနှင့် ချောင်းဦးမြို့နယ်တို့တွင် နွားမွေးမြူသူဦးရေ ၂၁၀ ကျော်ရှိပြီး မုံရွာနွားဇုန်တွင် နွားမွေးမြူသူဦးရေ ၆၀ ကျော်ရှိကာ နွားကောင်ရေ ၁၀၀၀ ကျော်ရှိကြောင်း၊ မုံရွာနွားဇုန်မှ တစ်ရက်လျှင် နွားနို့ပိဿာချိန် ၁၅၀၀၀ ကျော်ထွက်ရှိပြီး ထွက်ရှိသည့် နွားနို့များကို မြဘုရင်နို့ဆီချက်စက်ရုံမှ ဝယ်ယူကြောင်း၊ နို့တစ်ပိဿာလျှင် ၈၅၀ ကျပ်သာရရှိကြောင်း သိရသည်။

ယခင်က နို့ချက်စက်ရုံမှ နေ့တိုင်းဝယ်ယူသော်လည်း မေလမှစတင်၍ နို့ဝယ်ယူမှုကို ခုနစ်ရက် တစ်ပတ်လျှင် တစ်ရက်နားသဖြင့် တစ်လ လေးရက်နားရ၍ နားသည့်ရက်များတွင်ရရှိပြီး စက်ရုံသို့မပို့ရသည့် နွားနို့များကို အဆီထုတ်၍ မုံရွာမြို့တွင်းနှင့် မန္တလေး၊ ပြင်ဦးလွင်ရှိ မုန့်တိုက်များသို့ မိမိအဆက်အသွယ်ဖြင့်ရောင်းချရကြောင်း၊ အဆီထုတ်ရာတွင် နွားနို့ ၁၀ ပိဿာလျှင် အဆီတစ်ပိဿာထွက်ရှိ၍ အဆီတစ်ပိဿာလျှင် ၁၀၀၀၀ ကျပ်ရရှိကြောင်း၊ ဒေသတွင်း နွားများမှထွက်ရှိသည့် နွားနို့ ၁၀ ပိဿာကို အဆီထုတ်လျှင် အဆီတစ်ပိဿာထွက်ရှိ ပြီး မေထုံနွားများမှ နွားနို့ ၁၀ ပိဿာကို အဆီထုတ်လျှင် ၉၀ ကျပ်သားသာ ရရှိကြောင်း၊ နွားစာကျွေးရာတွင် ၁၀ ရက် ကုန်ကျစရိတ် ခြောက်သိန်းကျော် ကုန်ကျပြီး နွားနို့ပိဿာ ၁၀၀ ထွက် ရှိမှလုပ်အားခ ကျန်ရှိကြောင်း၊ အလုပ်သမားမငှားဘဲ မိသားစုများကိုယ်တိုင် နို့ညှစ်ကြောင်း၊ ကုန်ကျစရိတ်များ၍ အလုပ်သမား မငှားနိုင်ကြောင်း၊ နွားနို့များ ရောင်းချရာတွင် နို့ချက်စက်ရုံတစ်ခုထည်းကိုသာ မှီခိုအားထားရသဖြင့် စက်ရုံမှ မဝယ်ယူလျှင် နွားနို့များကို ဆေးရုံနှင့် ဘုန်းကြီးကျောင်းများသို့ လှူဒါန်းရသည်။

ဈေးကွက်တွင် ရောင်းလိုအားများပြီး ဝယ်လိုအားနည်းနေသဖြင့် ပိုလျှံနွားနို့များကို ဒိန်ချဉ်၊ ဒိန်ခဲ၊ နို့အေးပြုလုပ်၍ ဈေးကွက်သို့ ရောင်းချင်သော်လည်း နည်းပညာလိုအပ်ခြင်း၊ အရင်းအနှီးလိုအပ်ခြင်းတို့ကြောင့် မဆောင်ရွက်နိုင်ကြောင်း၊ ဌာနဆိုင်ရာများမှ ပူးပေါင်း၍ နွားဇုန်အတွက်ဆွေးနွေးပွဲများ ပြုလုပ်ပြီး နည်းပညာသင်တန်းများ ပေးစေလိုကြောင်း မုံရွာနွားဇုန်ဥက္ကဋ္ဌ၏ ပြောကြားချက်အရ သိရသည်။

**နှင်းပန်းဖြူ (ဇေယျာကုန်သွယ်မှုဗဟိုဌာန)**

## အာရှနိုင်ငံများမှ FOB ဆန်ဈေးနှုန်းများ

၅-၆-၂၀၂၀ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၅၈၀ | ၅၂၁ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၅၀၁ | ၅၀၅ | △ | ၄၇၃ | ၄၇၃ | □ | ၃၆၈ | ၃၆၈ | □ | ၄၅၈ | ၄၄၈ | ▽ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၄၈၇ | ၄၉၁ | △ | ၄၅၃ | ၄၅၃ | □ | ၃၃၈ | ၃၃၈ | □ | ၃၉၈ | ၃၉၈ | □ |
| ပေါင်းဆန် | ၅၁၇ | ၅၃၁ | △ | - | - | - | ၃၆၈ | ၃၆၈ | □ | ၄၆၆ | ၄၆၆ | □ |

*Source: thairiceexporters*

## ပြည်တွင်းမြို့ကြီးများ၏ (၅-၆-၂၀၂၀)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၅၇၀၀ | □ | ၂၂၀၀၀ | △ | ၆၉၀၀ | □ | ၃၃၀၀၀ | □ |
| ပုသိမ် | ၅၅၂၀ | ▽ | ၂၃၅၀၀ | ▽ | ၇၄၅၀ | ▽ | ၃၅၀၀၀ | □ |
| ပဲခူး | ၅၅၀၀ | □ | ၂၄၀၀၀ | △ | ၇၂၀၀ | □ | ၃၃၀၀၀ | □ |
| ရွှေဘို | ၁၀၀၀၀ | □ | ၄၅၀၀၀ | □ | ၁၃၀၀၀ | ▽ | ၄၈၀၀၀ | △ |
| စစ်တွေ | ၅၃၀၀ | □ | ၂၃၀၀၀ | □ | ၈၅၀၀ | □ | ၄၀၀၀၀ | □ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၇၀၀၀ | □ | ၂၇၀၀၀ | □ | - | - | ၄၂၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၂၅၀ | □ | ၂၃၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မန္တလေး | ၆၇၀၀ | □ | ၂၃၅၀၀ | □ | - | - | ၅၁၀၀၀ | □ |
| မကွေး | ၇၀၀၀ | □ | ၂၈၅၀၀ | △ | - | - | ၅၅၀၀၀ | □ |
| မော်လမြိုင် | ၅၃၀၀ | □ | ၂၆၅၀၀ | □ | ၈၃၀၀ | □ | ၃၆၀၀၀ | □ |
| လှိုင်ကော် | ၈၃၃၀ | ▽ | ၃၇၀၀၀ | □ | - | - | ၆၃၀၀၀ | □ |
| မြိတ် | ၆၀၀၀ | △ | ၂၆၀၀၀ | □ | - | - | ၃၉၀၀၀ | △ |
| ဘားအံ | ၆၅၀၀ | □ | ၂၅၀၀၀ | □ | - | - | ၃၂၀၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၂၉-၅-၂၀၂၀မှ ၄-၆-၂၀၂၀ရက်နေ့အထိOnline CO Applicationမှ CO / Proudct Card / CE လျှောက်ထားမှုစာရင်း

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 303 | 16 | - | - | 1 | 320 |
| | Form AANZ | 6 | - | - | - | - | 6 |
| | Form AHK | 2 | - | - | - | - | 2 |
| | Form AI | 36 | 2 | - | - | - | 38 |
| | Form AJ | 22 | - | - | - | - | 22 |
| | Form AK | 79 | 4 | - | - | - | 83 |
| | Form CHINA | - | - | - | - | - | - |
| | Form D | - | - | - | - | - | - |
| | Form DFTP | - | - | - | - | - | - |
| | Form E | 103 | 9 | - | - | - | 112 |
| | Form Korea | 10 | 1 | - | - | - | 11 |
| | E Form D | 191 | - | - | - | - | 191 |
| 2. | Product Card | - | - | - | - | - | - |
| 3. | Certified Exporter | - | - | - | - | - | - |
| | Total | 752 | 32 | - | - | 1 | 785 |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၅-၆-၂၀၂၀ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂၉/၅ | ၅/၆ | ပြောင်းလဲမှု | ၂၉/၅ | ၅/၆ | ပြောင်းလဲမှု | ၂၉/၅ | ၅/၆ | ပြောင်းလဲမှု | ၂၉/၅ | ၅/၆ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၅၂၅ | ၁၅၆၉ | ▲ | ၁၅၅၀ | ၁၅၅၀ | ■ | ၁၄၂၅ | ၁၄၅၀ | ▲ | ၁၄၅၀ | ၁၄၂၅ | ▼ |
| ပဲစင်းငုံ | ၁၂၁၆ | ၁၂၇၆ | ▲ | ၁၁၈၃ | ၁၂၁၇ | ▲ | ၁၁၂၅ | ၁၂၁၅ | ▲ | ၁၁၃၅ | ၁၂၉၀ | ▲ |
| ပဲတီစိမ်း | ၁၉၁၅ | ၁၈၈၀ | ▼ | ၁၈၁၃ | ၁၈၆၇ | ▲ | ၁၉၄၇ | ၁၈၄၂ | ▼ | ၁၉၅၀ | ၁၈၇၀ | ▼ |
| ကုလားပဲရိုးရိုး | ၁၇၅၀ | ၁၇၅၀ | ■ | ၁၂၇၅ | ၁၂၇၅ | ■ | - | ၁၂၆၃ | - | ၁၂၄၀ | ၁၂၁၀ | ▼ |
| ပဲလွန်းဖြူ | ၁၅၆၅ | ၁၅၆၅ | ■ | - | - | | - | ၁၀၅၂ | - | ၁၄၇၅ | ၁၄၀၀ | ▼ |
| ထောပတ်ပဲ | ၉၇၀ | ၉၇၀ | ■ | ၁၀၈၄ | ၉၉၆ | ▼ | ၉၀၅ | ၉၀၅ | ■ | ၉၃၀ | ၉၇၅ | ▲ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၂၃.၅.၂၀၂၀)ထိ | ယခုတစ်ပတ် (၃၀.၅.၂၀၂၀)ထိ | (၁.၁.၂၀၂၀) မှ (၃၀.၅.၂၀၂၀) ထိ |
| မတ်ပဲ | ၂၇၆၈၁၃ | ၇၄၇၇ | ၂၈၄၂၉၀ |
| ပဲတီစိမ်း | ၁၅၉၉၉၉ | ၇၄၄၅ | ၁၆၇၄၄၄ |
| ပဲစင်းငုံ | ၁၁၄၈၆ | ၅၉၁ | ၁၂၀၇၇ |
| ကုလားပဲ | ၇၄၄၇ | ၄၁၂ | ၇၈၅၉ |
| ပဲလွန်းဖြူ | ၁၇၂၂၁ | ၈၈၄ | ၁၈၁၀၅ |
| မြေထောက်ပဲ | ၁၀၆၂၅ | ၈၅၀ | ၁၁၄၇၅ |

## မတ်ပဲတင်ပို့မှု

မေ ၂၄ ရက်မှ ၃၀ ရက်အထိ ပင်လယ်ရေကြောင်းမှ မတ်ပဲတင်ပို့မှုမှာ တန်ချိန် ၇၄၇၇ ဒသမ ၄၃၉၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၅၇၈၅၅၅၀ ဒသမ ၄၈ တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

တင်ပို့ခဲ့သော နိုင်ငံများမှာ ၁၅ နိုင်ငံရှိပြီး ဩစတြေးလျ၊ ကနေဒါ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ကာတာ၊ စင်ကာပူ၊ ထိုင်း၊ ဖီဂျီ၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ အင်္ဂလန်၊ ဗီယက်နမ်၊ ဂျပန်၊ ကိုရီးယားနှင့် ပါကစ္စတန်တို့ဖြစ်သည်။

အများဆုံးတင်ပို့ခဲ့သော နိုင်ငံမှာ ပါကစ္စတန်ဖြစ်၍ တန်ချိန် ၄၈၃၁ ဒသမ ၈၅၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၃၅၈၁၉၉၃ ဒသမ ၈ဖြစ်ပြီး အနည်းဆုံးတင်ပို့ခဲ့သော နိုင်ငံမှာ ဖီဂျီနိုင်ငံဖြစ်၍ တန်ချိန် ၇ ဒသမ ၇၅၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၆၉၅၀ ဖြစ်ကြောင်း သိရသည်။ မတ်ပဲတစ်တန် ပျမ်းမျှ ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၇၇၄ ခန့်ဖြစ်ကြောင်း သိရသည်။

**စန်းစန်းမော် (မြှင့်တင်၊ပြည်တွင်း-ရန်ကုန်)**

## ပခုက္ကူကုန်စည်ဒိုင်တွင် ပဲတီစိမ်းကြီး၊ ထောပတ်ပဲနှင့် ပဲစင်းငုံနီ ပုံမှန်အရောင်းအဝယ်ဖြစ်နေ

ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်တွင် အညာဒေသ၏ အဓိကစိုက်ပျိုးသီးနှံများဖြစ်ကြသည့် ပဲတီစိမ်းကြီး၊ ထောပတ်ပဲ၊ ပဲစင်းငုံနီတို့မှာ ဥပုသ်နေ့မှလွဲ၍ နေ့စဉ်ပုံမှန် အိတ်ရေ ၁၀၀ အရောင်းအဝယ်ဖြစ်နေသည်။

ပဲစင်းငုံနီမှာ အနည်းငယ်ဈေးတက်လျက်ရှိပြီး ယခုတစ်ပတ် ပဲစင်းငုံနီဈေးနှုန်းမှာ တစ်တင်းလျှင် ကျပ် ၂၄၁၀၀ ဖြင့် အိတ် ၁၀၀၊ ပဲတီစိမ်းကြီး ဈေးနှုန်းမှာ တစ်တင်းလျှင် ကျပ် ၃၄၂၀၀ ဖြင့် အိတ် ၁၀၀၊ ထောပတ်ပဲဖြူဈေးနှုန်းမှာ တစ်တင်းလျှင် ကျပ် ၁၈၀၀၀ ဖြင့် အိတ် ၁၀၀၊ ယခုတစ်ပတ် ကုလားပဲ သုံးမျိုးဈေးနှုန်းများမှာ ကုလားပဲဝါလုံးကြီး(929)သစ် တစ်တင်းလျှင် ကျပ် ၂၃၈၀၀ ဖြင့် အိတ် ၅၀၊ ကုလားပဲဖြူလုံးကြီး (V2) တစ်တင်းလျှင် ကျပ် ၂၃၅၀၀ ဖြင့် အိတ် ၅၀၊ ကုလားပဲဝါ (HL)သစ် တစ်တင်းလျှင် ကျပ် ၂၃၀၀၀ ဖြင့် အိတ် ၅၀၊ ပဲဇီးကွက် တစ်တင်းလျှင် ကျပ် ၁၇၀၀၀ ဖြင့် အိတ် ၁၀၀၊ ပြောင်းဖူးစေ့ (CP) တစ်တင်းလျှင် ကျပ် ၉၀၀၀ ဖြင့် အိတ် ၆၅ ဥပုသ်နေ့မှလွဲ၍ ပုံမှန်ရောင်းဝယ် လည်ပတ်လျက်ရှိပါသည်။

ရေစကြို ကုန်စည်ဒိုင်တွင် ယခုတစ်ပတ် ပဲဈေးနှုန်းများမှာ ပြောင်းဖူးစေ့ (CP)တစ်တင်းလျှင် ကျပ် ၉၁၀၀ ဖြင့် အိတ် ၁၀၀၀ ပေါက်ဈေးဖြင့် အရောင်းအဝယ်ဖြစ်နေသည်။ စွန်တာနီ တစ်တင်းလျှင် ကျပ် ၁၆၅၀၀၊ နှမ်းဖြူသန့် တစ်တင်းလျှင် ၃၉၀၀၀ မှ ၄၁၀၀၀ ကျပ်ပေါက်ဈေးဖြင့် ဥပုသ်နေ့မှလွဲ၍ ပုံမှန်ရောင်းဝယ်လည်ပတ်လျက်ရှိပါသည်။ **လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## ဟသ်ာတမတ်ပဲ ဈေးပြန်မာလာ

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတကုန်စည်ဒိုင်တွင် မေလနောက်ဆုံးသီတင်းပတ်က ကျပ် ၃၀၀၀၀ အောက် ကျဆင်းခဲ့သော မတ်ပဲသည် ဇွန် ၄ ရက်တွင် ၃၀၆၀၀ ကျပ်သို့ပြန်လည်မြင့်တက်ခဲ့ပြီး ယခင်သီတင်းပတ်ထက် ကျပ် ၁၇၀၀ မြင့်တက်ခဲ့ကာ အိတ် ၂၀၀၀ အရောင်းအဝယ်ဖြစ်ခဲ့သည်။ တက်ရိပ်ပြလာသည့်အတွက် အဝယ်စုံခဲ့ပါသည်။

အစေ့ထုတ်ပြောင်း တစ်တင်းလျှင် ၁၀၆၅၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်သီတင်းပတ်ထက် ကျပ် ၃၅၀ မြင့်တက်ခဲ့သည်။ ပဲတီစိမ်း(ဆီပြောင်)တစ်တင်းလျှင် ကျပ် ၃၅၀၀၀၊ ပဲတီစိမ်း(ဝါးခယ်မ) တစ်တင်းလျှင် ကျပ် ၃၂၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ကာ ပဲလွန်းနီတစ်တင်းလျှင် ကျပ် ၂၆၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ပြီး ယခင်သီတင်းပတ်ထက် ကျပ် ၂၀၀၀ ခန့် မြင့်တက်ခဲ့သည်။ ပဲလွန်းဖြူတစ်တင်းလျှင် ကျပ် ၂၉၃၀၀ ဖြင့်အရောင်းအဝယ်ဖြစ်ပြီး ယခင်သီတင်းပတ်ထက် ကျပ် ၂၀၀ ကျဆင်းခဲ့သည်။

ပဲပုပ်တစ်တင်းလျှင် ကျပ် ၁၈၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ပြီး ယခင်သီတင်းပတ်ထက် ကျပ် ၂၃၀၀ ကျဆင်းခဲ့သည်။ ဖွဲနုပေါင် ၇၀ တစ်အိတ်လျှင် ကျပ် ၇၃၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ပြီး ယခင်သီတင်းပတ်ထက် ကျပ် ၂၀၀ မြင့်တက်ခဲ့ကာ ဆန်ကွဲ ၁၊၂ တစ်အိတ်လျှင် ကျပ် ၁၆၀၀၀ ဖြင့်အရောင်းအဝယ်ဖြစ်ပြီး ယခင်သီတင်းပတ်ထက် ကျပ် ၁၀၀၀ မြင့်တက်ခဲ့ကာ ဆန်ကွဲ ၂၊၃၊၄ တစ်အိတ်လျှင် ကျပ် ၁၄၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရှိရသည်။

**မောင်မောင်မြတ်ခိုင်(စားသုံးသူရေးရာဦးစီးဌာန)**

## မန္တလေးကုန်စည်ဒိုင်တွင် ပဲတီစိမ်းဈေးကျပြီး အရောင်းသွက်

မန္တလေးကုန်စည်ဒိုင်ဈေးကွက်သို့ မတ္တရာ၊ ကျောက်ဆည်၊ ပခုက္ကူ၊ ရေစကြိုနှင့် မြောင်တို့မှ ပဲတီစိမ်း ဝင်ရောက် အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။ ပဲတီစိမ်းသစ်များ ဈေးကွက်ဝင်ရောက်မှုများပြီး တရုတ်နှင့် ရန်ကုန်ဈေးကွက်မှ ဝယ်လိုအား များနေခြင်းကြောင့် အရောင်းသွက်နေကြောင်း သိရသည်။

ပဲတီစိမ်း(အညာ) ၅၆ ဒသမ ၂၅ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၁၀၄၀၀၀ မှ ၁၀၆၀၀၀၊ ယခင်တစ်ပတ် ကျပ် ၁၁၀၀၀၀ မှ ၁၂၀၀၀၀၊ ယခင်လ ကျပ် ၁၁၀၀၀၀ မှ ၁၁၅၀၀၀၊ ယခင်နှစ် ကျပ် ၁၁၂၀၀၀ မှ ၁၀၈၀၀၀ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ယခင်တစ်ပတ်ကာလတူ နှိုင်းယှဉ်ပါက ပဲတီစိမ်းအညာ ကျပ် ၆၀၀၀၊ ယခင်လကာလတူ နှိုင်းယှဉ်ပါက ကျပ် ၆၀၀၀ မှ ၉၀၀၀၊ ယခင်နှစ်ကာလတူ နှိုင်းယှဉ်ပါက ကျပ် ၄၀၀၀ မှ ၆၀၀၀ ကျပ်ခန့် ဈေးကျလာကြောင်း သိရသည်။

ယခုတစ်ပတ် ပဲတီစိမ်း(ခရမ်း) ၅၆ ဒသမ ၂၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၁၃၀၀၀ မှ၊ ယခင်လ ကျပ် ၁၂၁၀၀၀၊ ယခင်နှစ် ကျပ် ၁၁၇၅၀၀ မှ ၁၁၄၀၀၀ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ယခင်လကာလတူ နှိုင်းယှဉ်ပါက ကျပ် ၈၀၀၀၊ ယခင်ကာလတူ နှိုင်းယှဉ်ပါက ကျပ် ၁၀၀၀မှ ၄၅၀၀ ဈေးကျဆင်းလာကြောင်းသိရသည်။

ပဲတီစိမ်းကို မန္တလေး-မူဆယ် နယ်စပ်လမ်းကြောင်းမှ တစ်ဆင့် တရုတ်ဈေးကွက်သို့ ပုံမှန်တင်ပို့လျက်ရှိကြောင်း သိရသည်။ **ချောစုဝင်း (ရတနာပုံကုန်သွယ်မှုဗဟိုဌာန)**

## ပြည်ခရိုင်အတွင်း ပဲမျိုးစုံဈေးကွက် သတင်းများ

**မတ်ပဲ**

ယခုဇွန်လဆန်းမှာ ပြည်ပဲမျိုးစုံဈေးကွက်၌ မတ်ပဲသီးနှံဈေး အနည်းငယ်မြင့်တက်လာခဲ့ကြောင်း သိရသည်။ ပဲအဝင် သိပ်မရှိဘဲ အဝင်ရှိသည့်ရက်၌ တစ်ရက်အိတ် ၅၀-၁၀၀ ကျော် ဝင်ရောက်ခဲ့ပြီး လက်ကျန်ပဲရှိခဲ့သည့်အတွက် ဝယ်လိုအားရှိသလောက်ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။ ဝယ်လိုအားအနေဖြင့် ရန်ကုန်ဝယ်လက်သမား အဝယ်ရှိပြီး နေ့စဉ်ဝယ်ယူမှုမရှိဘဲ ရက်ခြားသာ အဝယ်ရှိခဲ့ကြသည်။ ထို့ကြောင့် အရောင်းအဝယ်ဖြစ်သည့်ရက်တွင် အိတ် ၁၀၀-၂၀၀ ကျော် ရောင်းဝယ်မှုဖြစ်ခဲ့ကာ ပဲဈေးမှာ တစ်တင်း ကျပ် ၃၀၀၀၀ ဖြင့် ယခုပတ်ထက် ဈေးပိုလာခဲ့ကြောင်း သိရသည်။ ယခင် မေလကုန်ပတ်အတွင်း မတ်ပဲသီးနှံဈေးမှာ တစ်တင်း ကျပ် ၂၈၅၀၀-၂၉၀၀၀ ဖြင့် ရောင်းဝယ်ခဲ့ကြသည်။

**ပဲစင်းငုံ**

ပြည်ပဲဈေးကွက်အတွင်း ပဲစင်းငုံသီးနှံအနေဖြင့် ပဲအဝင်မရှိပေမယ့် လက်ကျန်လှောင်ပဲအချို့ရှိလို့ အရောင်းအဝယ်ဖြစ်သည့်ရက်တွင် အိတ် ၂၀၀ ကျော် ရောင်းချမှုရှိကြောင်း သိရသည်။ နေ့စဉ်အရောင်းအဝယ်မဖြစ်ခဲ့ဘဲ ရန်ကုန်ဝယ်လက် အဝယ်ရှိမှသာ ရောင်းဝယ်မှုဖြစ်ပြီး အိတ် ၂၀၀-၃၀၀ ကျော်ထိ ဝယ်ယူခဲ့ကြကာ ပဲဈေးမှာ တစ်တင်း ကျပ် ၂၄၀၀၀ ဖြင့် မေလအတွင်းကရရှိခဲ့သော ဈေးနှုန်းထက် ဈေးပိုလာခဲ့ကြောင်း သိရသည်။ ပဲစင်းငုံသီးနှံမှာ ယခင်နှစ်က ပဲဈေးကွက်အတွင်း ဈေးကောင်းရတဲ့သီးနှံဖြစ်ခဲ့လို့ တစ်တင်း ကျပ် ၃၃၅၀၀ ထိရရှိခဲ့ကာ မတ်ပဲသီးနှံထက်ပင် ဈေးပိုရခဲ့သော်လည်း ယခုနှစ်မှာတော့ တစ်တင်း ကျပ် ၃ သောင်းအောက် လျော့နည်းလျက်ရှိပြီး မတ်ပဲသီးနှံထက် ဈေးလျော့နေခဲ့ကြောင်း သိရသည်။

**ပဲနီပြား**

ပြည်ပဲဈေးကွက်အတွင်း လက်လီ၊ လက်ကားရောင်းဝယ်မှုဖြစ်နေသော ပဲများထဲမှာ ပဲနီပြားသီးနှံ ပါဝင်နေပြီး ပဲအဝင်မရှိသော်လည်း လက်ကျန်ပဲများရှိခဲ့တဲ့အတွက် လက်လီဝယ်ယူမှုအပြင် လက်ကားသမား ဝယ်လိုသလောက် ရောင်းချနိုင်ခဲ့ကြသည်။ လက်လီအနေဖြင့် အိတ် ၂၀ ကျော် နေ့စဉ်ရောင်းဝယ်နေသလို လက်ကားသမားကတော့ ပဲကြော်ဖိုသမားများ ဝယ်ယူလို့ အိတ် ၅၀ ကျော်မှ ၁၀၀ ကျော် ရောင်းချခဲ့ကြရပြီး ပဲဈေးမှာ တစ်တင်း ၂၄၅၀၀ ကျပ်ဖြင့် ဈေးငြိမ်ရောင်းဝယ်မှုဖြစ်ခဲ့ကြသည်။ ယခင်နှစ်က ဇွန်လအတွင်း ပဲနီပြားသီးနှံဈေးမှာ တစ်တင်း ကျပ် ၂၅၀၀၀ ဖြင့် ရောင်းဝယ်ခဲ့ကြသည့်အတွက် ယခုနှစ် ပဲနီပြားသီးနှံဈေးအနေဖြင့် ယခင်နှစ်ဈေးနှင့် ကွာခြားမှုသိပ်မဖြစ်ခဲ့ဘဲ အခြားလက်လီပဲအချို့ထက် ဈေးပိုနေခဲ့ကြောင်း သိရသည်။

**ခင်ဆွေဝင်း (ပြည်)**

# မူပိုင်ခွင့်မှသည် ကုန်သွယ်မှုမြှင့်တင်ရေးဆီသို့

(ယခင်တစ်ပတ်မှအဆက်)

ဒေါက်တာမိုးမိုးသွယ်

သို့ဖြစ်၍ "သနပ်ခါးအစရှင်မတောင်က" ဟု ဆိုစကား ရှိခဲ့သည့် "ရှင်မတောင်"၏ မိုင် ၂၀ ပတ်လည်ရှိပခုက္ကူ ရေစကြိုနှင့် မြိုင်မြို့နယ် သနပ်ခါးစိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် ၎င်းတို့ ဒေသမှထွက်ရှိသော နာမည်ကျော်ကြား လူကြိုက်များသည့် တောင်၏ အမည်နာမကို အစွဲပြု၍ ခေါ်ဝေါ်သော "ရှင်မတောင်သနပ်ခါး"ကို မူပိုင်ခွင့် အကာအကွယ်ရရှိနိုင်ရန်၊ သနပ်ခါးထုတ်ကုန်များ၏ ကုန်သွယ်မှုလုပ်ငန်းများ တိုးမြှင့်နိုင်စေရန်နှင့် အခြားသော ဒေသထွက်ကုန်များကို မူပိုင်ခွင့် အသုံးပြုမှုများရရှိစေရန် ရည်ရွယ်၍ မတ် ၆ ရက်တွင် ရေစကြိုမြို့နယ် ကြက်ဆူကျင်းကျေးရွာတွင် စားသုံးသူရေးရာဦးစီးဌာနနှင့်ပူးပေါင်း၍ "မူပိုင်ခွင့်မှသည် ကုန်သွယ်ရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးဆီသို့" ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲ တစ်ရပ်ကို ကျင်းပခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ရှင်မတောင်သနပ်ခါး မူပိုင်ခွင့်ရရှိစေရန်၊ သနပ်ခါးတန်ဖိုးမြှင့် ထုတ်ကုန်များ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ရရှိစေရန်၊ သနပ်ခါးဈေးကွက် ခိုင်မာစေရန်၊ ပြည်ပနိုင်ငံများသို့ ရှင်မတောင်သနပ်ခါးကိုတင်သွင်းခွင့်ရရှိစေရန်၊ သနပ်ခါးကို ရေရှည်စိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် လိုအပ်သည့် အတိုးနှုန်းသက်သာသော ချေးငွေများကို အစိုးရနှင့် ပုဂ္ဂလိကဘဏ်များမှ ရရှိနိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်း၊ ပညာရေးဝန်ကြီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနအောက်ရှိ မူပိုင်ခွင့်ဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးမိုးသွယ်နှင့် ညွှန်ကြားရေးမှူး ဒေါက်တာနှင်းနွယ်အေး၊ အထူးဖိတ်ကြားထားသော အခြားသော ဝန်ကြီးဌာနများဖြစ်သည့် မကွေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ပခုက္ကူခရိုင် စားသုံးသူရေးရာဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့် မြန်မာ့သနပ်ခါးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သနပ်ခါးစိုက်တောင်သူများ၊ သနပ်ခါးလုပ်ငန်းရှင်များနှင့် အခြားသော လုပ်ငန်းရှင်များ စုစုပေါင်း ၂၀၇ ဦးခန့် တက်ရောက်ခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ချုပ်အောင်မောင်းကအဖွင့်အမှာစကားပြောကြားခဲ့သည်။ ထိုသို့ ပြောကြားရာတွင် ရှင်မတောင်သနပ်ခါးကို မူပိုင်ရရှိနိုင်ရေးအတွက် ရှင်မတောင်သနပ်ခါး၏သမိုင်းအစဉ်အလာများ၊ စာပေအထောက်အထားများဖြစ်သည့် ကဗျာ၊ ဆောင်းပါးများနှင့် သက်သေခံအထောက်အထားများသည် အရေးကြီးသည့် အချက်များဖြစ်ကြောင်း၊ ရှင်မတောင်သနပ်ခါးထုတ်လုပ်သည့် နယ်မြေဧရိယာများ သတ်မှတ်နိုင်ရန် လိုအပ်ကြောင်း၊ မူပိုင်ခွင့်ရရှိနိုင်ရေးအတွက် လိုအပ်သည့် အကူအညီများကို ရရှိစေရန်အတွက် စိုက်ပျိုးရေးဌာနနှင့် အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းကြီးကြပ်ရေးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ယနေ့ခေတ်တွင် ဓာတုလွတ်ထုတ်ကုန်များကို အလေးထားသုံးစွဲလာကြသဖြင့် သဘာဝသနပ်ခါးဖြင့်ထုတ်လုပ်သော အဆင့်မြင့်ထုတ်ကုန်များကို ထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သင့်ကြောင်းနှင့် မြန်မာနိုင်ငံ သနပ်ခါးအသင်းကြီးအနေဖြင့်လည်း အသင်းကြီးရေရှည်တည်တံ့ခိုင်မြဲရေးနှင့် အသင်းသားများ၏ အကျိုးကိုဆောင်ရွက်နိုင်ရေး၊ အသင်းကြီး၏ ရည်ရွယ်ချက်များ ပြည့်ဝအောင်မြင်စေရေးတို့အတွက် လုပ်ဆောင်ရန် လိုအပ်ကြောင်း စသည်ဖြင့် တိုက်တွန်းပြောကြားခဲ့သည်။

ထို့နောက် မူပိုင်ခွင့်ဌာန၏ ဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးမိုးသွယ်က မူပိုင်ခွင့်အကာအကွယ် ရရှိနိုင်ရေးအတွက် မူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် အကြောင်းအရာများကို ဆွေးနွေးပြောကြားခဲ့သည်။ ထိုသို့ပြောကြားရာတွင် "မြန်မာ့ဈေးကွက်တွင် ရှင်မတောင်သနပ်ခါးသည် သုံးစွဲသူများကြိုက်နှစ်သက်ကြသဖြင့် ဒေသနှင့်တွဲဖက်၍နာမည်ကြီးနေပြီဖြစ်သည့်အတွက် ရှင်မတောင်သနပ်ခါးကို စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအနေဖြင့် မူပိုင်ခွင့်အကာအကွယ်ကို ရယူထားခြင်းဖြင့် ဒေသထွက်ကုန်အပေါ် အခြေခံသည့် လုပ်ငန်းများစွာ တိုးတက်လာစေခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းများကို ဖန်တီးပေးနိုင်ရုံသာမကဒေသ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာနိုင်ကြောင်း၊ ဈေးကွက်ယှဉ်ပြိုင်ရာတွင် လည်းမျှတသော ဈေးကွက်ယှဉ်ပြိုင်မှုကို ဖန်တီးပေးနိုင်ကြောင်း၊ ရှင်မတောင်စိုက်ပျိုးထုတ်လုပ်သည့် နည်းစနစ်များ၊ ရေမြေသဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းထားခြင်းဖြင့် သနပ်ခါး၏ အရည်အသွေးကို ထိန်းသိမ်းထားနိုင်မည့်အပြင် သနပ်ခါး ပင်ကြိုက်နှစ်သက်သည့် ရေမြေကိုပါ ထိန်းသိမ်းထားနိုင်မည်ဖြစ်ကြောင်း၊ ပစ္စည်းမှန်ဈေးနှုန်း မှန်အာမခံချက်ပေးနိုင်ခြင်းဖြင့် သုံးစွဲသူများကို ကျေနပ်မှုပေးနိုင်ကြောင်း၊ ကမ္ဘာ့ဈေးကွက်သို့ ခေတ်မီမြန်မာ့သနပ်ခါး ထုတ်ကုန်များ တင်ပို့ရောင်းချနိုင်သည့် အဆင့်အထိ တိုးမြှင့်သွားနိုင်ကြောင်း စသည်ဖြင့် အကြံပြုပြောကြားခဲ့သည်။

ယနေ့ခေတ်တွင် သနပ်ခါးနှင့် စပ်လျဉ်းသည့် နည်းပညာအဆင့်မြင့် ရှာဖွေမှုသုတေသနများကို မြန်မာနိုင်ငံရှိ သုတေသနဌာနများ တက္ကသိုလ်များတွင် ပြုလုပ်လျက်ရှိသည်။ သို့ရာတွင် သနပ်ခါးနှင့်စပ်လျဉ်းသည့် သုတေသနရလဒ်များကို သနပ်ခါးထုတ်ကုန်များ ထုတ်လုပ်ရောင်းချနေသော လုပ်ငန်းရှင်များထံရောက်သည်အထိ နည်းပညာလွှဲပြောင်းပေးနိုင်မှုများ မရှိခဲ့ချေ။ အိမ်နီးချင်းနိုင်ငံများဖြစ်သော ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံနှင့်ဂျပန်၊ ကိုရီးယားနှင့် ပြင်သစ်၊ ဂျာမနီ စသည့်အနောက်နိုင်ငံများတွင်လည်း သနပ်ခါးကိုသုတေသနများစွာ ပြုလုပ်လာကြပြီး သနပ်ခါးသုတေသနရလဒ်များကို မူပိုင်ခွင့်တင်ထားကြသည့်အပြင် သနပ်ခါးပါဝင်သော ထုတ်ကုန်များကို ဈေးကွက်အတွင်းထုတ်လုပ်ရောင်းချလာကြသည်ကို တွေ့ရှိရသည်။ ထိုင်းနိုင်ငံ၏ ကုမ္ပဏီတစ်ခုမှထုတ်လုပ်သော အမျိုးသားများအတွက် ချိုင်းချွေးနံ့ပျောက်ဆေး (Roll On)အဖြစ် ထုတ်လုပ်ခြင်းနှင့် ထိုင်နိုင်ငံ၏ Spa အချို့တွင် သနပ်ခါးကို အသားအရေထိန်းသိမ်းခြင်းတို့တွင် အသုံးပြုလျက်ရှိကြသည်။ တရုတ်နိုင်ငံက သနပ်ခါး မျက်နှာလိမ်းပေါင်ဒါထုတ်လုပ်ပြီး မြန်မာနိုင်ငံ အပါအဝင် အခြားနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိပြီး အောင်မြင်သောဈေးကွက်ကို ရရှိနေပြီဖြစ်သည်။

မြန်မာ့သနပ်ခါးအဆင့်မြင့် ထုတ်ကုန်များကို ရွှေပြည်နန်း၊ ရွှေဘိုမင်းသမီး၊ ရွှေသုန်ဒီ၊ ဒေါ်သီသနပ်ခါး၊ ပင်တိုင်စံ စသည့် သနပ်ခါးထုတ်ကုန်များ ထုတ်လုပ်ရောင်းချသော မြန်မာကုမ္ပဏီများအပြင် နိုင်ငံခြားကုမ္ပဏီများဖြစ်သည့် ဒိုရူး၊ ဘယ်လာ၊ ကနေ့ာစ် စသည့် ကုမ္ပဏီများကလည်း ပြည်တွင်းနှင့် ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချလျက်ရှိသည်။

စာမျက်နှာ ၂၀ သို့

## မြန်မာ့ဆိပ်ကမ်းတွင် ၃.၆.၂၀၂၀ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| စက်မှုဆိပ်ကမ်း(၂) | - SINAR BANDA | ကုန်သေတ္တာ ၇၈၀ တင် ၄၁၅ တန်ချ |
| ဆူးလေဆိပ်ကမ်း(၂) | - TRANG AN 05 | ဆန် ၁၁၅၀၀ တန် တင် |
| ဆူးလေဆိပ်ကမ်း(၄) | - VANALINE UNITY | ဆန်တန်ချိန် ၁၀၀၀၀ တန်တင် |
| ဆူးလေဆိပ်ကမ်း(၇) | - VTC PLANET | Urea (In Bulk) ၁၂၅၉၂ တန်တင် |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်း(၃) | - OLIVIA | ကုန်သေတ္တာ ၈၅၉ တင် ၈၄၀ တန်ချ |
| Myanmar Integrade Port Ltd- | ALLIANCE | Steel 13000တန်ချ |
| သီလဝါဆိပ်ကမ်း(၃) | - SEAL CORAL | Steel Coil & Unit Vehicle ၅၃၅၀တန်ချ |
| သီလဝါဆိပ်ကမ်း(၅) | - JOSCO YANGZHOU | Coil(In Bulk) ၂၂၃၉၆ တန်ချ |
| WILMAR JETTY | - SHAN DONG KUAILE | Steel Pipe Pile 5547 တန်ချ |
| သီလဝါဆိပ်ကမ်းသစ်(၂) | - MAGBUM FORCE | Steel & Equipment ၁၈၉၀၀ တန်ချ |
| IBTT ဆိပ်ကမ်း | - KAPTA MATHIOS | ဂျုံ ၂၉၇၀၀ တန်ချ |
| MKH ဆိပ်ကမ်း | - S'HALL ALDOHA | Coil(In Bulk) 31900 တန်ချ |
| WILMAR JETTY | - SHAN DONG KUAILE | Steel Pipe Pile 5547 တန်ချ |
| MMTM JATTY | - MT.ANGEL.6 | Diesel Oil+Mogas (92 Ron)26166 တန်ချ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| KONG QUE SONG | Equipment တန် ၁၆၉၉တန်ချရန် | - | ၄.၆.၂၀၂၀ |
| POROSPERITY | ပြောင်းဖူး တန် ၂၄၀၀၀ တန်ပို့ရန် | BANGLADESH | ၅.၆.၂၀၂၀ |
| BLUE BALESTER | ဂျုံတန်ချိန် ၂၅၀၀၀ တန်ချရန် | AUSTRALIA | ၅.၆.၂၀၂၀ |
| YAAN BYE | Steel Bar တန် ၂၄၈၁ တန်ချရန် | PHILLIPPNNE | ၅.၆.၂၀၂၀ |
| JUTHA PATTHAMA | Urea (In Bulk) ၅၈၀၀ တန်ချရန် | INDONESIA | ၅.၆.၂၀၂၀ |
| DECENT | Fertilizer ၁၅၀၀၀ တန်ချရန် | CHINA | ၅.၆.၂၀၂၀ |
| WU YI SHAN | Steel Pipe ၂၉၃၂ တန်ချရန် | VIETNAN | ၅.၆.၂၀၂၀ |
| WHITE TOMONY | Steel Coil&15 Unit Vehicle ၁၀၀၀၀ တန်ချရန် | JAPAN | ၉.၆.၂၀၂၀ |
| THERESA GRACE | Wheat(In Bulk) ၉၉၆၉ တန်ချရန် | SINGAPORE | ၁၄.၆.၂၀၂၀ |
| ODIRIS | Coil(In Bulk) ၃၃၀၀၀တန်ချရန် | AUSTRALIA | ၁၈.၆.၂၀၂၀ |
| BBC EVEREST | (CBM)G/C ၉၆၁ တန်ချရန် | JAPAN | ၂၁.၆.၂၀၂၀ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| UNI ACCORD | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃.၆.၂၀၂၀ |
| PACITA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၄.၆.၂၀၂၀ |
| OCEAN PROBE | SINGAPORE | သီလဝါဆိပ်ကမ်းသစ်/စက်မှုဆိပ်ကမ်း | ၄.၆.၂၀၂၀ |
| MANATEE | SINGAPORE | သီလဝါ/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၅.၆.၂၀၂၀ |
| TIC VDAY | SINGAPORE | အလုံဆိပ်ကမ်း | ၆.၆.၂၀၂၀ |
| AS SERENA | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၆.၆.၂၀၂၀ |
| ISEACO GENESIS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၆.၆.၂၀၂၀ |
| ISEACO FORTUNE | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၆.၆.၂၀၂၀ |
| SINAR BALI | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၀.၆.၂၀၂၀ |
| TOVE MAERSK | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၁၀.၆.၂၀၂၀ |
| XETHA BHUM | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၄.၆.၂၀၂၀ |
| TRIESTE TRADER | SINGAPORE | သီလဝါ/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၁၈.၆.၂၀၂၀ |
| FILO TIMO | SINGAPORE | သီလဝါ/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၂၄.၆.၂၀၂၀ |
| SINAR SOLO | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၄.၆.၂၀၂၀ |
| MCC SHENZHEN | SINGAPORE | သီလဝါ/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၂၅.၆.၂၀၂၀ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.NSH SINGAPORE | Diesel Oil 9100 တန်ချရန် | - | ၃.၆.၂၀၂၀ |
| MT. VERITY | Diesel Oil 9649 တန်ချရန် | - | ၅.၆.၂၀၂၀ |
| MT.ASIAN GLORY | ကြံသကာရည် ၁၀၀၀၀ တန်တင်ပို့ရန် | - | ၅.၆.၂၀၂၀ |
| MT.GREAT DIAMOND | Diesel Oil 12000 တန်ချရန် | SINGAPORE | ၆.၆.၂၀၂၀ |
| MT.VL-21 | P.Oil In Bulk 4900 တန်ချရန် | INDONESIA | ၆.၆.၂၀၂၀ |
| MT.YU DONG | Diesel Oil 19000 တန်ချရန် | SINGAPORE | ၆.၆.၂၀၂၀ |
| MT.PANGINU | Diesel Oil 21500တန်ချရန် | SINGAPORE | ၆.၆.၂၀၂၀ |
| MT.PRICE DENCE | Diesel Oil 8000 တန်ချရန် | SINGAPORE | ၆.၆.၂၀၂၀ |
| MT.THERESA PISCES | P.Oil In Bulk 14000 တန်ချရန် | INDONESIA | ၆.၆.၂၀၂၀ |
| MT.ANGEL NO.6 | Mogas ( 92 Ron) 14000 တန်ချရန် | SINGAPORE | ၆.၆.၂၀၂၀ |
| MT.PRIMROSE | P.Oil In Bulk 4300 တန်ချရန် | INDONESIA | ၆.၆.၂၀၂၀ |
| MT.ANGEL NO II | Diesel Oil 11800 တန်ချရန် | SINGAPORE | ၈.၆.၂၀၂၀ |
| MT.GLORY STAR | Diesel Oil15000 တန်ချရန် | SINGAPORE | ၈.၆.၂၀၂၀ |
| MT.KIRANA HASTA | Diesel Oil 10000 တန်ချရန် | SINGAPORE | ၉.၆.၂၀၂၀ |
| MT.SANNA -7 | LPG Gas 2000 တန်ချရန် | SINGAPORE | ၁၀.၆.၂၀၂၀ |
| MT.MESON | P.Oil In Bulk 4300 တန်ချရန် | INDONESIA | ၁၂.၆.၂၀၂၀ |
| MT.BELUGA PACIFIC | Diesel Oil 15000 တန်ချရန် | SINGAPORE | ၁၂.၆.၂၀၂၀ |
| MT.ORCA PACIFIC | Diesel Oil 16000 တန်ချရန် | SINGAPORE | ၁၃.၆.၂၀၂၀ |

ကြက်သွန်

# မုံရွာကြက်သွန်နီဈေးကျပြီး အရောင်းအဝယ်အေးနေ

ယခုတစ်ပတ်အတွင်း မုံရွာမြို့၏ ကြက်သွန်နီဈေးကွက်အခြေအနေမှာ ဈေးများကျနေပြီး အရောင်းအဝယ် ဆက်တိုက်အေးနေကြောင်း သိရသည်။ ယခုနှစ်တွင် ကြက်သွန်နီစိုက်ပျိုးသူမှာ ယခင်နှစ်ထက် ပိုမိုစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ကြက်သွန်နီကုန်သည်များသည်လည်း ဒေသတွင်းဝယ်လက်လည်းနည်းခြင်း၊ ပြည်ပတင်ပို့မှု မရှိခြင်းတို့ကြောင့် ဝယ်ယူသိုလှောင်မှုနည်းလာကာ တောင်သူများလက်ထဲတွင် ကြက်သွန်နီလက်ကျန်များနေကြောင်း သိရသည်။ လက်ကားဈေးနှုန်းမှာ တစ်ပိဿာ (သေး၊လတ်၊ကြီး) ကျပ် ၄၀၀၊ ၄၅၀၊ ၄၈၀ နှုန်းပေါက်လျက်ရှိပြီး လက်လီဈေးနှုန်းမှာ တစ်ပိဿာ (သေး၊ လတ်၊ ကြီး) ကျပ် ၅၀၀၊ ၆၀၀၊ ၇၀၀ နှုန်း ပေါက်လျက်ရှိကြောင်း သိရသည်။

မုံရွာကြက်သွန်ဖြူဈေးကွက်မှာ နေ့စဉ်ပွဲရုံသို့ ကြက်သွန်ဖြူများ ပိဿာ ၃၀၀၀ မှ ၅၀၀၀ ခန့်အဝင်ရှိပြီး ပွဲရုံပေါက်ဈေးနှုန်းမှာ တစ်ပိဿာ (ဗမာ) ကျပ် ၄၂၀၀၊ (ရှမ်း) ကျပ်၄၀၀၀ နှုန်း၊ လက်လီပေါက်ဈးနှုန်းမှာ (ဗမာ) ကျပ် ၄၅၀၀၊ (ရှမ်း) ကျပ် ၄၅၀၀ နှုန်းဖြင့် ရောင်းဝယ်နေကြောင်း သိရသည်။

**ကြည်ကြည်နွယ် (ဇေယျာကုန်သွယ်မှုဇာတ်ဒြာန)**

# ပြည်ဈေးကွက်တွင် ကြက်သွန်နီ ဈေးငြိမ်လျက်ရှိ


ယခုတစ်ပတ် ပြည်ဈေးကွက်တွင် ကြက်သွန်နီဈေးနှုန်းများ အတက်အကျမရှိဘဲ ဈေးငြိမ်လျက်ရှိသည်။ ပြည်ဈေးကွက်သို့ အောင်လံ၊ တောင်တွင်း၊ ရေနံချောင်း၊ ဆိပ်ဖြူ ပခုက္ကူဘက်မှ ကြက်သွန်နီများ ပိဿာ ၃၀ ဝင်အိတ် ၄၅၀-၅၀၀ခန့် ဝင်ရောက်မှုရှိနေသည်။

ပြည်ပတ်ဝန်းကျင်ဒေသထွက် တောင်လုံးညို၊ မော်ဇာကြက်သွန်နီများမှာ ပြည်ပွဲရုံများသို့ ဝင်ရောက်မှုမရှိဘဲ ပြည်မြို့နယ်တွင်း ရပ်ကွက်များသို့ စိုက်ပျိုးတောင်သူများမှ တစ်ပိဿာလျှင် ကျပ် ၇၀၀၊ ၆၀၀၊ ၅၀၀ စသည့်နှုန်းများဖြင့် လှည့်လည်ရောင်းချလျက်ရှိသည်။ ပြည်ပွဲရုံများ၏ အရောင်းအဝယ်မှာ ဝင်ရောက်မှုရဲ့ သုံးပုံနှစ်ပုံခန့်ကို ပုံမှန်ဝယ်လက်များ၊ ဒေသတွင်း အိတ်ဆွဲဝယ်ရောင်းသမားများ၊ ဧရာဝတီနှင့် ရခိုင်တို့သို့ နယ်ကျော်တင်ပို့မှုများဖြင့် ရောင်းဝယ်မှုရှိနေသည်။

ပြည်ပွဲရုံဈေးနှုန်းများမှာ ပွဲရုံလက်ကားဈေးတစ်ပိဿာကို (ကြီး၊ လတ်၊ သေး) ကျပ် ၆၀၀-၅၅၀၊ ၄၅၀-၃၅၀ နှုန်းတို့ရှိပြီး လက်လီဈေးအသေးများတွင် (ကြီး၊ လတ်၊ သေး) ၈၀၀-၇၅၀၊ ၇၀၀-၆၅၀၊ ၆၀၀-၅၅၀ စသည့်နှုန်းများဖြင့် အသီးသီး ရောင်းဝယ်လျက်ရှိနေသည်။

**ဝင်းလဲ့ဝါ (ပြည်)**

နှမ်း



# မန္တလေးနှမ်း ဈေးနှုန်း အနည်းငယ်ကျဆင်း

ဇွန်လ ပထမပတ်တွင် မန္တလေးကုန်စည်ဒိုင်၌ နှမ်းကို ကျောက်ဆည်၊ ရွှေဘို၊ ဝက်လက်နှင့် မကွေးဘက်မှ နှမ်းသစ်များ ဝင်ရောက်လျက်ရှိပြီး အရည်အသွေးနှင့် ဝယ်လိုအားပေါ်မူတည်၍ ဈေးအနိမ့်၊ အမြင့်ရှိကြောင်း သိရသည်။

ယခုတစ်ပတ် မန္တလေးကုန်စည်ဒိုင်ဈေးကွက်တွင် နှမ်းဖြူ (ရိုးရိုး) ၄၅ ပိဿာဝင် သုံးတင်း တစ်အိတ်ဈေးနှုန်းမှာ ကျပ် ၁၁၇၀၀၀ မှ ၁၁၈၀၀၀၊ ယခင်တစ်ပတ် ကျပ် ၁၂၅၀၀၀ မှ ၁၂၈၀၀၀၊ ယခင်လ ကျပ် ၁၃၂၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ကာလတူနှင့် နှိုင်းယှဉ်လျှင် သုံးတင်းတစ်အိတ်ကျပ် ၈၀၀၀ မှ ၁၀၀၀၀၊ ယခင်လထက် ကျပ် ၁၄၀၀၀ မှ ၁၅၀၀၀ နိမ့်ကျလာသည်။

နှမ်းညို ၄၅ ပိဿာဝင် သုံးတင်းတစ်အိတ် ဈေးနှုန်းမှာ ယခုတစ်ပတ် ကျပ် ၁၁၂၀၀၀၊ ယခင်တစ်ပတ် ကျပ် ၁၁၇၀၀၀ မှ ၁၁၈၀၀၀၊ ယခင်လ ကျပ်၁၂၈၀၀၀ မှ ၁၂၉၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ် ကာလတူနှင့် နှိုင်းယှဉ်လျှင် ကျပ် ၅၀၀၀ မှ ၆၀၀၀၊ ယခင်လထက် ၁၆၀၀၀ မှ ၁၇၀၀၀ နိမ့်ကျလာသည်။

နှမ်းနက် (စမုံ) ၄၅ပိဿာဝင် သုံးတင်းတစ်အိတ် ဈေးနှုန်းမှာ ယခုတစ်ပတ် ကျပ် ၁၄၀၀၀၀မှ ၁၅၀၀၀၀၊ ယခင်လ ကျပ် ၂၀၅၀၀၀ မှ ၂၁၀၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ် ကာလတူနှင့် နှိုင်းယှဉ်လျှင် ကျပ် ၆၀၀၀၀ မှ ၆၅၀၀၀ ယခင်လထက် ကျပ် ၇၅၀၀၀ မှ ၈၀၀၀၀ နိမ့်ကျလာသည်။

နှမ်းဆီဈေးမှာ ယခုတစ်ပတ် ကျပ် ၆၅၀၀၊ ယခင်လ ၆၈၀၀ မှ ၇၀၀၀၊ ယခင်နှစ် ၇၂၀၀ ဖြစ်ပြီး ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဈေးငြိမ်နေ၍ ယခင်လထက် ကျပ် ၅၀၀၊ ယခင်နှစ်ထက် ကျပ် ၇၀၀ ကျဆင်းလာသည်။

**မြင့်မြင့်လှိုင်(ရတနာပုံကုန်သွယ်မှုဇာတ်ဒြာန)**

# ပြည်နှမ်း ဈေးငြိမ်လျက်ရှိ

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်တွင် နွေနှမ်းစိုက်ဧကမှာ ၁၂၀၆ စိုက်ပျိုးပြီး ထွက်ပေါ်ခြင်းမရှိသေးလို့ ယခင်မိုးနှမ်း လက်ကျန်များဖြင့်သာ ပြည်ဈေးကွက်တွင်ရောင်းဝယ်လျက်ရှိသည်။

အရောင်းအဝယ်မှာလည်း နေ့တိုင်းမဖြစ်ပေမယ့် ရက်ခြားသာ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ အဝင်မရှိပေမယ့် အောင်လံနှင့် မန္တလေးဘက်တို့မှ တစ်ခါတစ်ရံ အဝယ်ရှိလျှင် အိတ် ၅၀-၁၀၀ သာ အဝယ်ရှိတဲ့အတွက် နှမ်းဈေးမှာလည်း မြင့်တက်ခြင်းမရှိဘဲ ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ်နေသည်ကို တွေ့ရသည်။

ယခုတစ်ပတ် နှမ်းဈေးများမှာ နှမ်းနီတစ်တင်းလျှင် ကျပ် ၃၉၀၀၀၊ နှမ်းနက် တစ်တင်းလျှင် ကျပ် ၄၀၀၀၀ နှင့် စမုံနက်နှမ်း တစ်တင်းလျှင် ကျပ် ၆၀၀၀၀ ဖြင့် ဈေးငြိမ်နေသည်ကို တွေ့ရသည်။

**ဝေဝေမင်း (ပြည်)**

နနွင်း

# ယခုတစ်ပတ် နနွင်းတင်ပို့မှုပို

မေ ၂၄ ရက်မှ ၃၀ ရက် သီတင်းပတ်အတွင်း နနွင်းတန်ချိန် ၃၂၀ကိုပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန်ချိန် ၁၄၀၊ အိန္ဒိယနိုင်ငံသို့ ၁၃၃ တန်၊ ကိုရီးယားနိုင်ငံသို့ ခြောက်တန်နှင့် စပိန်နိုင်ငံသို့ ၁၆ တန် တင်ပို့ခဲ့ကြောင်း သိရသည်။

ယခုတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အများဆုံးတင်ပို့ခဲ့ပြီး အိန္ဒိယနိုင်ငံသို့ ဒုတိယအများဆုံး တင်ပို့ခဲ့ကြောင်း သိရသည်။ ယခင်သီတင်းပတ်က နနွင်းတန်ချိန် ၁၄၁ ဒသမ ၅ တန်တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် ၁၇၉ ဒသမ ၅ တန် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ် နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၂၄၉၂၅ ဒေါ်လာဝင်ငွေရရှိခဲ့သည်။

**သီတာဝင်း (DOT)**

ချင်း

# ယခုတစ်ပတ် ချင်းတင်ပို့မှုလျော့

မေ ၂၄ ရက်မှ ၃၀ ရက်သီတင်းပတ်အတွင်း ချင်း ၁၂ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့ကြောင်း သိရသည်။ ယခင်သီတင်းပတ်က ချင်းတန်ချိန် ၆၀ ကျော်တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၄၀ ကျော်တင်ပို့မှု လျော့နည်းခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ်ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၁၄၀၀ ဒေါ်လာဝင်ငွေရရှိခဲ့သည်။

**သီတာဝင်း (DOT)**

မန်ကျည်း

# ယခုတစ်ပတ် မန်ကျည်းတန် ၁၅၀ တင်ပို့

မေ ၂၄ ရက်မှ ၃၀ ရက် သီတင်းပတ်အတွင်း မန်ကျည်း ၇၃ ဒသမ ၀၀၄ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် စင်ကာပူနိုင်ငံသို့ သုညဒသမ ၀၀၄ တန်နှင့် ပါကစ္စတန်နိုင်ငံသို့ ၇၃ တန် တင်သွင်း ခဲ့ကြောင်း သိရသည်။

ယခင်သီတင်းပတ်က မန်ကျည်းတန်ချိန် ၁၅၀ တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၇၀ ကျော် တင်ပို့မှု လျော့နည်းခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ် မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၄၀၀၀ ကျော်ဝင်ငွေရရှိခဲ့သည်။

**သီတာဝင်း (DOT)**

# ဘုရင့်နောင် ကုန်စည်ဒိုင်သို့ ဟဲဟိုးအာလူးများ ဝင်ရောက်

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ရှမ်းပြည်နယ် ဟဲဟိုးမြို့မှ အာလူးများဝင်ရောက်လျက်ရှိပြီး ဇွန် ၄ ရက် ဟဲဟိုးမြို့မှ ဝင်ရောက်လာသော အာလူးတစ်ပိဿာ ဈေးနှုန်းများမှာ အာလူး A1 ကျပ် ၅၇၀၊ အာလူး OK ကျပ် ၆၂၀၊ အာလူး S1 ကျပ် ၅၇၀၊ အာလူး S2 ကျပ် ၄၇၀ ဈေးနှုန်းအသီးသီးဖြစ်သည်။

ဟဲဟိုးအာလူးဈေးမှာ ယခင်တစ်ပတ်ဈေးနှုန်းထက် အာလူး A1 ကျပ် ၄၀ နှင့် အာလူး S2 ကျပ် ၂၀ ခန့်စီ ဈေးနှုန်းအနည်းငယ် မြင့်တက်ပြီး၊ အာလူး OK မှာကျပ် ၁၀ ခန့် ဈေးကျလာပြီး အာလူး S1 မှာလည်း ကျပ် ၁၂၀ ခန့် ဈေးနှုန်းကျဆင်းလာကြောင်း ကုန်စည်ဒိုင်ဈေးကွက်မှ သိရှိရသည်။

ရန်ကုန်မြို့ဒေသအတွင်း လက်လီပြန်လည်ရောင်းချသူများနှင့် အာလူးကြော်လုပ်ငန်းရှင်များမှ ဝယ်ယူခဲ့ကြကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဇွန် ၄ ရက် အာလူးဝင်ရောက်မှုမှာ တစ်နေ့လျှင် ပျမ်းမျှကားစီးရေ ကိုးစီးခန့်နှင့် တစ်နေ့လျှင် ပျမ်းမျှ ပိဿာချိန် ၅၄၀၀၀ ပိဿာ ဝင်ရောက်ခဲ့ကြောင်း ကုန်စည်ဒိုင်ဈေးကွက်မှ သိရှိရသည်။

**ရွှေဝါထွန်း (မြင့်တင်၊ ပြည်တွင်း-ရန်ကုန်)**

# COVID-19 ကာလအတွင်း မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး အခက်အခဲများ ညှိနှိုင်းဆောင်ရွက်

သန်းသန်းနိုင်(နှစ်နိုင်ငံ)

မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုကဏ္ဍ လွယ်ကူချောမွေ့စေရေး တရုတ်နိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (MOFCOM) ဖြင့် လည်းကောင်း၊ ယူနန်ပြည်နယ် အစိုးရနှင့် ယူနန်ပြည်နယ် ကုန်သွယ်ရေးဌာနတို့ဖြင့် လည်းကောင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိရာ နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏမှာ နှစ်စဉ်တိုးတက်လျက်ရှိပြီး ငါးနှစ်တာကာလအတွင်း အမေရိကန်ဒေါ်လာ ၁၂ဘီလီယံခန့်အထိ တိုးတက်လာခဲ့ပါတယ်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေနှင့် နိုင်ငံတော်ကောင်စီ၏ နိုင်ငံပိုင်အဖွဲ့အစည်းများ ပြုပြင်ပြောင်းလဲမှု အစီအစဉ်အရ ၂၀၁၈ ခုနှစ် မေ ၁၈ ရက်တွင် အရည်အသွေးစမ်းသပ်စစ်ဆေးရေးနှင့် ရောဂါပိုးမွှား ထိန်းချုပ်စစ်ဆေးရေး အထွေထွေအုပ်ချုပ်ရေးဌာန (General Administration of Quality Supervision, Inspection and Quarantine of the People's Republic of China- AQSIA) အား အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (General Administration of Customs of the People's Republic of China-GACC) ဟု ပြင်ဆင်ဖွဲ့စည်းကာ မူရင်းအကောက်ခွန်ကိစ္စရပ်များအပြင် AQSIQ မှ တာဝန်ယူဆောင်ရွက်ခဲ့သည့် ကိစ္စရပ်များကိုပါ ဆောင်ရွက်လာခဲ့ပါသည်။

တရုတ်နိုင်ငံဘက်က ပြင်ဆင်ဖွဲ့စည်းခဲ့သည့် GACC ဟာ နယ်စပ်ဒေသများနဲ့ ကုန်သွယ်မှုဆောင်ရွက်ချက်တွေမှာ တရားမဝင်ဆောင်ရွက်နေမှုတွေရှိနေတဲ့အပေါ် တင်းကျပ်တဲ့မူဝါဒ၊ စည်းမျဉ်းစည်းကမ်းတွေနဲ့ ချုပ်ကိုင်ဆောင်ရွက်လာခဲ့ခြင်းကြောင့် ယခင်က မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ လွယ်ကူစွာတင်ပို့ခဲ့သည့် မြန်မာ့ပို့ကုန်အများစုမှာ SPS ဆိုင်ရာ အခက်အခဲများ ပိုမိုတွေ့ကြုံလာခဲ့ရပါတယ်။

တောင်သူများ၊ ကုန်သည်လုပ်ငန်းရှင်များ တွေ့ကြုံနေရ တဲ့ အခြေအနေတွေကို အမြန်ဆုံး ဖြေရှင်းဆောင်ရွက်နိုင်ဖို့အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနမှ တရုတ်နိုင်ငံ ယူနန်ပြည်နယ်နှင့် နှစ်စဉ်ကျင်းပပြုလုပ်သည့် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှု ပူးပေါင်းညှိနှိုင်းရေးကော်မတီ (JBTCCC)အစည်းအဝေးများတွင် တရားဝင်ဆွေးနွေးညှိနှိုင်းခဲ့သည့် အပြင် သံတမန်လမ်းကြောင်းမှလည်း မြန်မာနိုင်ငံ နယ်စပ်ဒေသမှ အဓိကတင်ပို့နေတဲ့ ကုန်စည်များအပေါ် GACC ၏ သတ်မှတ်ကန့်သတ်ချက်များ ဖြေလျှော့ပေးရေး၊ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုအရ နယ်စပ်နေပြည်သူများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဒေသထွက်ကုန်စည်များအပေါ် အခွန်ကောက်ခံမှုများ လျှော့ချပေးရေး၊ မြန်မာပို့ကုန်ပစ္စည်းများအား ဦးစားပေးအမယ်အလိုက် SPS ဆိုင်ရာ ကိစ္စရပ်များ အမြန်ဆုံးဆောင်ရွက်ပေးရေး၊ ကုန်စည်များလွယ် ကူစွာစီးဆင်းနိုင်ရန်အတွက် ဝင်/ထွက်ဂိတ်များ တိုးချဲ့ဖွင့်လှစ်ရေး၊ တရုတ်နိုင်ငံဘက်မှ ဖြတ်သန်းခွင့် မပြုထားသည့် လမ်းကြောင်းများအား ဖြတ်သန်းခွင့်ပြုရေး စသည့်ကိစ္စရပ်များကို အကြိမ်ကြိမ်ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်းမှာတော့ ကမ္ဘာ့ကပ်ရောဂါဆိုး COVID-19 ကို တစ်ကမ္ဘာလုံး ကြုံတွေ့ကြရတဲ့အခါ နိုင်ငံတကာမှာ ဝင်/ထွက်သွားလာမှုများကို ကန့်သတ်ထိန်းချုပ်လျက်ရှိရာ ကုန်သွယ်မှုကဏ္ဍမှာ များစွာထိခိုက်ဆုံးရှုံးမှုများ တွေ့ကြုံခဲ့ရပါတယ်။ မြန်မာနိုင်ငံရဲ့ အဓိကကုန်သွယ်ဖက်နိုင်ငံတစ်ခု ဖြစ်တဲ့ တရုတ်နိုင်ငံဟာလည်း ၎င်းတို့ရဲ့နယ်စပ်ဝင်/ထွက်ပေါက်များရဲ့ လူဝင်/ထွက်မှုများကို ၂၆-၄-၂၀၂၀ ရက်မှစတင်ကာ ကန့်သတ်ပိတ်ပင်လိုက်ပါတယ်။

COVID-19 ရောဂါဖြစ်ပွားစဉ်ကာလအတွင်း တရုတ်နိုင်ငံအနေဖြင့် မြန်မာ-တရုတ် နယ်စပ်ဂိတ်ပေါက်များမှ မြန်မာယာဉ်မောင်းများအပါအဝင် လူများ ဝင်/ထွက်သွားလာမှုအား ပိတ်ပင်ခဲ့ခြင်းကြောင့် မူဆယ်-ရွှေလီ နယ်စပ်ဂိတ်တွင် မြန်မာ့ပို့ကုန်ယာဉ်များ တစ်ရက်လျှင် ယာဉ်စီးရေ ၁၀၀ ခန့်သာ တရုတ်နိုင်ငံသို့ ဝင်ရောက်နိုင်ပြီး ကျန်ကုန်တင်ယာဉ်များမှာ တန်းစီစောင့်ဆိုင်းနေခဲ့ရပါတယ်။ ထိုကဲ့သို့ တရုတ်နိုင်ငံသို့ဝင်ရောက်ရန် တန်းစီစောင့်ဆိုင်းရမှုမှာ ယာဉ်တစ်စီးလျှင် ပျမ်းမျှ ၁၀ ရက်ခန့်ကြာမြင့်နေပြီး ကုန်ကျစရိတ်များမှာ နှစ်ဆ၊ သုံးဆခန့် မြင့်တက်လာခဲ့ရပါတယ်။

ထို့ကြောင့် မြန်မာ့ပို့ကုန်ယာဉ်မောင်းများအား ကုန်ပစ္စည်းတင်ချသည့်နေရာအထိ ယာဉ်နှင့်တစ်ပါတည်း လိုက်ပါဝင်ရောက်ခွင့်ပြုရေးနှင့် အဆိုပါနေရာ၌ပင် တရုတ်ဘက်က ကားများနှင့် ကုန်ပစ္စည်းလွှဲပြောင်း၍ မြန်မာနိုင်ငံဘက်သို့ ပြန်လည်ထွက်ခွာခွင့် ပြုနိုင်ရေးတို့ကို အရေးကြီးကိစ္စရပ်တစ်ခုအနေဖြင့် အမြန်ဆုံးညှိနှိုင်းဆောင်ရွက်ပေးပါရန် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ စီးပွားရေးသံမှူးထံသို့ လည်းကောင်း၊ တရုတ်နိုင်ငံဘက်ရှိ သက်ဆိုင်ရာဌာနများနှင့် သံတမန်နည်းလမ်းဖြင့် အသေးစိတ် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးပါရန် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လည်းကောင်း အကြောင်းကြား ညှိနှိုင်းခဲ့ပါတယ်။

ကုန်စည်စီးဆင်းမှုများ အဆင်ပြေချောမွေ့စေရေးနှင့် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုအား အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရန်အတွက် ပေကျင်းမြို့ရှိ မြန်မာသံရုံးမှလည်း GACCနှင့် တရုတ်နိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်ရှိ အာရှရေးရာဌာနတို့ထံ ညှိနှိုင်းစာ ပေးပို့ဆောင်ရွက်ခဲ့ပါတယ်။ မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှု အခက်အခဲများအား ယူနန်ပြည်နယ်ဘက်နှင့် ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ရေးအတွက် ကူမင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် ချိတ်ဆက်ခဲ့ရာ မြန်မာကောင်စစ်ဝန်ချုပ်က ၂၀-၅-၂၀၂၀ ရက်တွင် ယူနန်ပြည်နယ် စီးပွားရေးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တွေ့ဆုံဆွေးနွေးနိုင်ခဲ့ပါတယ်။

ထိုသို့တွေ့ဆုံရာမှာ တရုတ်နိုင်ငံ ယူနန်ပြည်နယ်မှ သက်ဆိုင်ရာဌာနများဖြင့် ဖွဲ့စည်းထားသည့် နယ်စပ်ဝင်/ထွက်မှုဆိုင်ရာ လေ့လာစိစစ်ရေးအဖွဲ့မှ မူဆယ်-ရွှေလီနယ်စပ်ဂိတ်သို့ သွားရောက်လေ့လာရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း တရုတ်ဘက်က ဆွေးနွေးပြောကြားခဲ့၍ အဆိုပါလေ့လာစိစစ်ရေးအဖွဲ့အနေဖြင့် နယ်စပ်ဝင်/ထွက်မှုများကို သွားရောက်လေ့လာရာတွင် မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်တာဝန်ခံနှင့် သက်ဆိုင်ရာဌာနများမှတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးနိုင်ရန်အတွက်လည်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးနဲ့ ချိတ်ဆက်ညှိနှိုင်းပေးခဲ့ပါတယ်။

ထို့ပြင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွှန့်လွင်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တရုတ်နိုင်ငံဘက်မှ တာဝန်ရှိဌာနများက ကိုယ်စားလှယ်များတွေ့ဆုံဆွေးနွေးနိုင်ရေး ၂၀-၅-၂၀၂၀ ရက်တွင် ကူမင်းမြို့ရှိ ကောင်စစ်ဝန်ချုပ်ရုံးမှ တစ်ဆင့် ညှိနှိုင်းအကြောင်းကြားခဲ့ရာ ၂၁-၅-၂၀၂၀ ရက်တွင် တရုတ်နိုင်ငံ ယူနန်ပြည်နယ် စီးပွားရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးဆောင်ဖွဲ့စည်းထားသည့် လုပ်ငန်းအဖွဲ့ဖြင့် လင်ချမ်းမြို့ ချင်းရွှေဟော်ဂိတ်တွင် တွေ့ဆုံညှိနှိုင်း ဆွေးနွေးနိုင်ခဲ့ကြပါတယ်။

COVID-19 ကပ်ရောဂါကာလအတွင်း တရုတ်နိုင်ငံဘက်က ကန့်သတ်တားမြစ်ခဲ့မှုများကြောင့် တရုတ်နိုင်ငံဘက်သို့ ဝင်ရောက်မည့် မြန်မာ့ပို့ကုန်ယာဉ်များ အချိန်မီဝင်ရောက်နိုင်မှု မရှိတော့၍ မြန်မာ့ကုန်သွယ်မှုကဏ္ဍတွင်ဆုံးရှုံးနစ်နာမှုများ ကြုံတွေ့နေရသည့်ကိစ္စနှင့် စပ်လျဉ်း၍ ၂၁-၅-၂၀၂၀ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကလည်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးအား Online မှတွေ့ဆုံ၍ အသေးစိတ်ဆွေးနွေးညှိနှိုင်းခဲ့ရာ ယူနန်ပြည်နယ် ကုန်သွယ်ရေးဌာနမှ လုပ်ငန်းအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းထားပြီး ကွင်းဆင်းလေ့လာဆောင်ရွက်ရန် စေလွှတ်ထားကြောင်း၊ အထူးသဖြင့် ရွှေလီဘက်ရှိ မြန်မာနိုင်ငံမှ ကုန်စည်များ လျင်မြန်ချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံသံအမတ်ကြီးက ဆွေးနွေးပြောကြားခဲ့ပါတယ်။

တရုတ်နိုင်ငံဘက်က ကန့်သတ်တားမြစ်ခဲ့မှုများကြောင့် လက်တွေ့မြေပြင်တွင် ကြုံတွေ့နေရတဲ့ ယာဉ်ကြောပိတ်ဆို့နေမှု အခက်အခဲများကို အမြန်ဆုံးဖြေရှင်းနိုင်ရေးအတွက် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးတာဝန်ခံမှလည်း ကျယ်ဂေါင်အုပ်ချုပ်ရေးမှူးနှင့် အလွတ်သဘောတွေ့ဆုံနိုင်ခဲ့ခြင်း၊ ရွှေလီခရိုင် ဒုတိယမြို့တော်ဝန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေး ညှိနှိုင်းခဲ့ပါတယ်။

COVID-19 ရောဂါဖြစ်ပွားစဉ်ကာလအတွင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် အချိန်နှင့်တစ်ပြေးညီ ညှိနှိုင်းဆောင်ရွက်ခဲ့မှုများကြောင့် ချင်းရွှေဟော်-မိန့်တိန် နယ်စပ်ဂိတ်ကို ၃၀-၅-၂၀၂၀ ရက်တွင် ပြန်လည်ဖွင့်လှစ်နိုင်ပြီး ကုန်သွယ်မှုလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။COVID-19 ကာလအလွန်တွင်လည်း ကုန်သွယ်မှုကဏ္ဍ ပိုမိုလွယ်ကူချောမွေ့စေရေးအတွက် အစီအမံများရေးဆွဲခြင်း၊ တရုတ်နိုင်ငံဘက်နှင့် မပြီးပြတ်သေးသည့်ကိစ္စရပ်များအား အမြန်ဆုံးပြီးပြတ်အောင် ဆောင်ရွက်နိုင်ရေးတို့အတွက်လည်း ဆက်လက်ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြလိုက်ရပါတယ်။ ■

# ကယားပြည်နယ်အတွင်း ကုန်စည်စီးဆင်းမှုနှင့် ဈေးနှုန်းအခြေအနေများ

ကယားပြည်နယ်အတွင်း ကဏ္ဍများအလိုက် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု၏ အဓိကမောင်းနှင်အားဖြစ်သော MSMEs ထုတ်ကုန်လုပ်ငန်းများ၊ ပုဂ္ဂလိကကဏ္ဍ စီးပွားရေးလုပ်ငန်းများ၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ စသည့်ကဏ္ဍများအလိုက် ပိုမိုဖွံ့ ဖြိုးတိုးတက်လာစေရန်အတွက် ပြည်တွင်း၊ ပြည်ပ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ရင်းနှီးမြှုပ်နှံသူများ တိုးတက်ဝင်ရောက်လာနိုင်စေရေးအတွက် ပြည်နယ်အစိုးရအနေဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

မေလအတွင်း ကယားပြည်နယ်အတွင်းသို့ ဆန်တင်သွင်းမှုအနေဖြင့် ရန်ကုန်မြို့မှ လွိုင်ကော်မြို့သို့ အိတ် ၉၁၁၀၊ မန္တလေးမြို့ မှ အိတ် ၁၄၉၀၊ ရွှေဘိုမြို့မှ အိတ် ၄၀၂၀ တင်သွင်းခဲ့ရာ ဆန်အိတ်စုစုပေါင်း ၁၄၅၉၀ အိတ် တန်ချိန်အားဖြင့် ၇၃၂ ဒသမ ၅၉ တန် တင်သွင်းခဲ့ပြီး ကယားပြည်နယ်မှ မန္တလေးမြို့သို့ ဒေသထွက်ဧည့်မထဆန်အိတ် တင်ပို့မှုအနေဖြင့် စုစုပေါင်းအိတ် ၆၂၂၀ တန်ချိန်အားဖြင့် ၃၁၂ ဒသမ ၃၂ တန်နှင့် ပြောင်းတင်ပို့မှုအနေဖြင့် အခြားမြို့ကြီးများသို့ ပြောင်းအိတ် စုစုပေါင်း ၆၃၅၉၅ အိတ် တန်ချိန်အားဖြင့် ၃၁၁၅ ဒသမ ၃၁ တန်ခန့် တင်ပို ခဲ့ကြောင်း ပြည်နယ်အထွက်ဂိတ်စာရင်းများအရ သိရှိရပါတယ်။

လက်ရှိ ကယားပြည်နယ်အတွင်း ဖြစ်ပေါ်နေသော စပါးဈေးနှုန်းများမှာ ဧည့်မထ(မိုး) စပါးတင်း ၁၀၀ လျှင် ကျပ် ၈၃၁၀၀၀ ဈေးပေါက်ကြောင်း၊ ပြည်နယ်အတွင်းအရောင်း အဝယ်ဖြစ်လျက်ရှိသော ဆန်များမှာ ပေါ်ဆန်း၊ ဧည့်မထ၊ ငစိန်တို့ဖြစ်ပြီး ဆန်အိတ်ဈေးနှုန်းများမှာ ပေါ်ဆန်းဆန် တစ်အိတ်လျှင် ကျပ် ၆၃၀၀၀၊ ဧည့်မထ ဆန်တစ်အိတ်လျှင် ကျပ် ၃၇၀၀၀၊ ငစိန်ဆန် တစ်အိတ်လျှင် ကျပ် ၂၉၀၀၀ ဈေးပေါက်ပြီး တစ်ပြည်ဈေးနှုန်းများမှာ ပေါ်ဆန်းဆန် တစ်ပြည်လျှင် ကျပ် ၂၉၀၀၊ ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၁၇၀၀၊ ငစိန်ဆန်တစ်ပြည်လျှင် ကျပ် ၁၂၀၀၊ ပြောင်း (ခြောက်) တစ်ပိဿာလျှင် ကျပ် ၄၅၀၊ ငရုတ်သီးခြောက်အရှည် တစ်ပိဿာလျှင် ကျပ် ၇၅၀၀၊ ငရုတ်သီးခြောက်အပုတစ်ပိဿာလျှင် ကျပ် ၁၇၀၀၀ နှုန်းဖြင့် ဈေးပေါက်လျက်ရှိကြောင်း ကုန်သည်၊ ပွဲစားများထံမှ သိရှိရပါတယ်။

**ဖြိုးဝေအောင် (လွိုင်ကော်)**

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

## ယခုတစ်ပတ် ဓာတ်ဆီ၊ ဒီဇယ် အဝင်လျော့

မေ ၂၄ ရက်မှ ၃၀ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆၂၈၁၃၃၇ တန်ဖိုးရှိ ဓာတ်ဆီ ၃၀၂၅၈ဒသမ ၂၅ တန်နှင့် အမေရိကန်ဒေါ်လာ ၁၂၈၅၁၆၉၉ တန်ဖိုးရှိ ဒီဇယ်၄၆၄၉၇ ဒသမ ၆၈ တန်၊ စုစုပေါင်း ဒီဇယ်၊ ဓာတ်ဆီ ၇၆၇၅၅ ဒသမ ၉၃ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ယခင်သီတင်းပတ်က ဒီဇယ်တန်ချိန် ၁၀၈၆၄၀ ကျော် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့် နှိုင်းယှဉ်လျှင်တန်ချိန် ၆၂၁၄၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့သကဲ့သို့ ယခင်သီတင်းပတ်က ဓာတ်ဆီတန်ချိန် ၈၁၀၂၀ ကျော်တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့် နှိုင်းယှဉ်လျှင် ၅၀၇၆၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ယခုတစ်ပတ် ဒီဇယ်ရော ဓာတ်ဆီပါ အဝင်လျော့နည်းခဲ့သည်။

နယ်စပ်စခန်းဖြစ်သည့် တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၉၉၂၉၈ တန်ဖိုးရှိ ဒီဇယ် ၃၅၇ ဒသမ ၄၄ တန်နှင့် အမေရိကန်ဒေါ်လာ ၇၁၄၆၂ တန်ဖိုးရှိ ဓာတ်ဆီ၃၇၃ဒသမ ၅၃ တန် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၁၂၈၀၇ တန်ဖိုးရှိဒီဇယ် ၅၈၆ ဒသမ ၆၃ တန်၊ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၇၀၆၇၆၇ တန်ဖိုးရှိ ဒီဇယ် ၂၇၇၃ ဒသမ ၂၆ တန် တင်သွင်းခဲ့ကြောင်းသိရသည်။

**သီတာဝင်း (DOT)**

## စံပြငါးဈေး ငါး၊ ပုစွန်အဝင်နှင့် ဈေးနှုန်းများ

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် စံပြငါးဈေးတွင် မေ ၂ ရက်မှ ၂၉ ရက်ထိ ငါးမျိုးစုံပိဿာချိန် ၁၂၄၀၂၄၉ နှင့် ပုစွန်ပိဿာချိန် ၁၂၄၅၄ ဝင်ရောက်ခဲ့သည်။

ငါးအဝင်နှင့် ဈေးနှုန်းများမှာ ငါးခူ၊ ငါးကျည်း တစ်ပိဿာ ကျပ် ၇၅၀၀-၁၃၀၀၀ ဈေးနှင့် အဝင် ၃၉၁၀ ပိဿာ၊ ငါးရံ့ တစ်ပိဿာ ကျပ် ၇၅၀၀-၁၃၀၀၀ ဈေးနှင့် အဝင် ၃၂၂၆ ပိဿာ၊ ငါးရှဉ့် တစ်ပိဿာ ကျပ် ၆၀၀၀-၁၀၀၀၀ ဈေးနှင့် အဝင် ၁၀၀၃ ပိဿာ၊ ငါးမြစ်ချင်းတစ်ပိဿာ ကျပ် ၃၀၀၀-၄၀၀၀ ဈေးနှင့် အဝင် ၃၁၁၅၁၅ ပိဿာ၊ ငါးကြင်း တစ်ပိဿာ ကျပ် ၅၀၀၀-၇၅၀၀ ဈေးနှင့်အဝင် ၂၀၄၀၇၈ ပိဿာ၊ ငါးခေါင်းပွ တစ်ပိဿာ ကျပ် ၂၇၀၀-၃၈၀၀ ဈေးနှင့် အဝင် ၁၇၉၃၉၉ ပိဿာ၊ ငါးသလောက် တစ်ပိဿာ ကျပ် ၇၅၀၀-၂၅၀၀၀ ဈေးနှင့်အဝင် ၅၄၇၂ ပိဿာ၊ ငါးတန်တစ်ပိဿာ ကျပ် ၂၀၀၀-၆၅၀၀ ဈေးနှင့် အဝင် ၁၆၀၆၁၇ ပိဿာ၊ ကကတစ် တစ်ပိဿာ ကျပ် ၇၀၀၀-၁၁၀၀၀ ဈေးနှင့် အဝင် ၂၄၁၇ ပိဿာ၊ ကသပေါင်း တစ်ပိဿာ ကျပ် ၇၀၀၀-၁၃၀၀၀ ဈေးနှင့် အဝင် ၁၃၅၀ ပိဿာ၊ ငါးမျိုးစုံ တစ်ပိဿာ ကျပ် ၂၀၀၀-၇၀၀၀ ဈေးနှင့် အဝင် ၃၆၇၂၆၂ ပိဿာ၊ ပုစွန်ကျော့ တစ်ပိဿာကျပ် ၄၀၀၀-၆၅၀၀ ဈေးနှင့် အဝင် ၂၇၂၅ ပိဿာ၊ ပုစွန်စပ်တုပ် တစ်ပိဿာ ကျပ် ၁၅၀၀၀-၁၈၀၀၀ ဈေးဖြင့် ၄၈၉၈ ပိဿာ၊ ပုစွန်တုပ်ကြီး တစ်ပိဿာ ကျပ် ၂၂၀၀၀-၃၀၀၀၀ ဈေးဖြင့် အဝင် ၄၈၃၁ ပိဿာ ဝင်ရောက်ခဲ့ပါသည်။

လက်လီဈေးများဖြစ်သော ပုဇွန်တောင်ဈေးနှင့် သဃ်န်းကျွန်းစံပြဈေးတို့တွင် ငါးကြင်းတစ်ပိဿာ ကျပ် ၁၀၀၀၀-၁၂၀၀၀၊ ငါးမြစ်ချင်း တစ်ပိဿာ ကျပ် ၅၀၀၀၊ ပုစွန်ကြော့ တစ်ပိဿာ ကျပ် ၁၀၀၀၀-၁၂၀၀၀ ရောင်းချလျက်ရှိပြီး ယခင်လထက် ငါးတစ်ပိဿာလျှင် ကျပ် ၁၀၀၀ ခန့် ဈေးတက်ခဲ့ကြောင်း စုံစမ်းသိရှိရသည်။

**ခင်မာဌေး(ရန်ကုန်)**

## Energy NYMEX 5-6-2020

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 37.38 | -0.03 | -0.14 |
| Brent Crude Futr (USD/bbl) | 40.11 | 0.12 | 0.30 |
| Gasoline Rbob Fut (Cent/gal) | 115.40 | 0.50 | 0.44 |
| Natural Gas Futr (USD/MMBtu) | 1.83 | 0.00 | 0.16 |
| Heating Oil Futr (Cent/gal) | 108.04 | 0.63 | 0.59 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 1-June | 18.30 | 1989.11 | 1516.79 | 5420.08 | 830.00 |
| 2-June | 18.18 | 1984.70 | 1516.79 | 5389.00 | 836.00 |
| 3-June | 17.91 | 1992.19 | 1506.87 | 5431.09 | 829.00 |
| 4-June | 17.48 | 1995.50 | 1522.08 | 5433.96 | 811.00 |
| 5-June | 17.65 | 2025.46 | 1526.49 | 5514.63 | 823.00 |

## အမြင့်ဈေးတွင် ငြိမ်နေသည့် ငွေလဲနှုန်း

လတ်တလော ပြည်တွင်းငွေလဲနှုန်းသည် အမြင့်ပိုင်းတွင် ရှိနေသော်လည်း ဈေးနှုန်းအပြောင်းအလဲ သိပ်မရှိဘဲ ငြိမ်နေကြောင်း သိရသည်။

ပြီးခဲ့သည့်လများတွင် နိုင်ငံခြားငွေ ဈေးပြိုင်လေလံကို ဝင်ရောက်ထိန်းပြီး နောက်ပိုင်းတွင် ပြည်တွင်းငွေလဲနှုန်းမှာ အမြင့်ဈေးဖြင့်သာ ငြိမ်သက်နေခြင်းဖြစ်ကြောင်း ဈေးကွက်အတွင်းမှ သိရ သည်။

‘ဒီကာလမှာ ဈေးကကျဖို့လည်း မမြင်သလို တက်ဖို့လည်းမမြင်ဘူး။ အရောင်းအဝယ်ကလည်း မဖြစ်မနေသမားတွေပဲ ထုတ်ရောင်းတာ ဝယ်တာရှိတယ်။ ဒီကာလမှာတော့ ဝယ်စုမယ်ဆိုရင် မကောင်းသေးဘူး။ ချက်ချင်းကြီး ထပ်တက်ဖို့ကလည်း မရှိသေးတော့ တက်ဈေးစောင့်ပြီး ရောင်းမယ့်သူတွေ ထုတ်ရောင်းချင်ရင် ရောင်းလို့ရမယ့်ကာလပါပဲ’ ဟု ပြည်တွင်းငွေကြေးအရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်နေသူတစ်ဦးက ပြောသည်။

ပြည်တွင်းငွေလဲနှုန်း ဈေးကွက်တွင် ဇွန် ၃ ရက်က အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ကျပ် ၁၄၀၅၊ ဝယ်ဈေး ကျပ် ၁၄၀၀ ရှိပြီး ဇွန် ၄ ရက်တွင် အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ကျပ် ၁၄၀၈၊ ဝယ်ဈေးကျပ် ၁၄၀၃ ရှိခဲ့ကြောင်း၊ ဇွန် ၅ ရက်တွင်မူ အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၄၀၇ ကျပ်၊ ဝယ်ဈေး ကျပ် ၁၄၀၃ ရှိနေပြီး ယခင်ရက်သတ္တပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းကွာခြားမှု မရှိကြောင်း သိရသည်။

**ချောစု**

## ရွှေဈေးနှုန်း အနည်းငယ်မြင့်တက်လာ



အမြင့်ဈေးဖြင့်ငြိမ်နေသည့် ပြည်တွင်း ရွှေဈေးကွက်မှာ အနည်းငယ်မြင့်တက်လာကြောင်း ဈေးကွက်အ တွင်းမှ သိရသည်။ ပြီးခဲ့သည့် လလယ်က ၁၂ သိန်းဝန်းကျင်ဖြင့် ရပ်တည်ခဲ့သည့်ရွှေဈေးမှာ ဈေးကွက်အနေအထားအရ အေးနေသလို ဈေးနှုန်းအတက်အကျမှာလည်း အနည်းငယ်သာ အတက်အကျရှိကြောင်း သိရသည်။

‘ရွှေဈေးက တက်တယ်ဆိုပေမယ့် တအားကြီး မြင့်တက်သွားတာမဟုတ်ဘူး။ ဒါတောင် ဒီတစ်ပတ်ထဲမှာတင် ပြီးခဲ့တဲ့ တစ်ပတ်ထက် ကျသွားသေးတယ်။ အခုမှ ပြန်တက်လာတာ။ အဲဒါကလည်း မဆိုသလောက်လေး တက်တာပါ။ ဈေးကွက်ကတော့ အဝယ်အေးနေဆဲပဲ။ ကိုဗစ်က ဘယ်အချိန်အထိ သွားမယ်မှန်း မသေချာသေးတော့ အားလုံးက ထိန်းပြီးနေနေကြတာ။ အဝယ်မရှိသလောက်ပဲ’ ဟု ပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်နေသူတစ်ဦးက ပြောသည်။

ပြည်တွင်းရွှေဈေးကွက်၌ ဇွန် ၃ ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၂၁၁၅၀၀ ရှိခဲ့ပြီး ဇွန် ၄ ရက်တွင်မူ အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၂၁၂၅၀၀ သို့မြင့်တက်ခဲ့ ကြောင်း၊ ဇွန် ၅ ရက်(နေ့လယ်ပိုင်းဈေး)တွင်မူ အခေါက်ရွှေတစ်ကျပ်သား လျှင်ကျပ် ၁၂၁၅၀၀၀ ဖြင့် ဈေးငြိမ်ခဲ့ပြီး ပြီးခဲ့သည်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ရွှေဈေးကွက်တွင်မူ ဇွန် ၃ ရက်က ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၂၀ ဒေါ်လာ ရှိခဲ့ရာမှ ဇွန် ၄ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၁၀ ဒေါ်လာသို့မြင့်တက်ခဲ့ပြီး ဇွန် ၅ ရက်တွင် တစ်အောင်စလျှင် အမေရိကန်ဒေါ် လာ ၁၇၀၇ ဒေါ်လာဈေးသို့ ကျဆင်းခဲ့ကြောင်း သိရသည်။ **ချောစု**

## စတော့ရှယ်ယာ ရင်းနှီးမြှုပ်နှံခြင်းအတွက် အွန်လိုင်းအကောင့်ဖွင့်လှစ်ခြင်းများ ပြုလုပ်နိုင်

ရန်ကုန် စတော့အိတ်ချိန်းတွင် စတော့ရှယ်ယာ ရင်းနှီးမြှုပ်နှံခြင်းအတွက် အွန်လိုင်းအကောင့် ဖွင့်လှစ်ခြင်းများ ပြုလုပ်နိုင်ပြီဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ လုပ်ဆောင်ခြင်းကို မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်၏ ညွှန်ကြားချက်နှင့်အညီ အွန်လိုင်းမှတစ်ဆင့် အကောင့်ဖွင့်လှစ်ခြင်းကို လုပ်ဆောင်နိုင် မည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်း စာရင်းဝင် အများပိုင်ကုမ္ပဏီများ၏ အစုရှယ်ယာများ ဝယ်ယူရင်းနှီးမြှုပ်နှံနိုင်ရန် ငွေချေးသက်သေခံလက်မှတ်စာရင်း ဖွင့်လှစ်ရမည်ဖြစ်ကြောင်း၊ အကောင့်ဖွင့်လှစ်ရာတွင် မိုဘိုင်းလ်ဖုန်းဖြင့် ဖွင့်လှစ်မည်ဆိုပါက https://form.kintone-app.com/public/form/show/ မှဖြစ်စေ ကွန်ပျူတာဖြင့်ဖြစ်စေ ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ အကောင့်ဖွင့်လှစ်ခြင်းကို အသက်(၁၈)နှစ်ပြည့်ပြီးသူ မြန်မာနိုင်ငံသားတိုင်း ဖွင့်လှစ်နိုင်မည်ဖြစ်ပြီး အကောင့်ဖွင့်လှစ်ရန်အတွက် နိုင်ငံသား စိစစ်ရေးကတ်နှင့် ဘဏ်စာရင်းစာအုပ်ရှိရန်လိုအပ်ကြောင်း သိရသည်။

**ချောစု**

## Currency Exchange Rate

June 5, 2020

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.43 |
| BDT | Bangladesh Taka | 84.86 |
| CAD | Canada Dollars | 1.45 |
| CNY | China Yuan Renminbi | 7.09 |
| EUR | Euro | 0.88 |
| H KD | Hong Kong Dollars | 7.75 |
| I NR | India Rupees | 75.51 |
| I DR | Indonesia Rupiahs | 13901.61 |
| JPY | Japan Yen | 109.36 |
| MYR | Malaysia | 4.26 |
| PKR | Pakistan Rupees | 162.92 |
| PHP | Philippines Pesos | 49.82 |
| RUB | Russia Rubles | 68.53 |
| SGD | Singapore Dollars | 1.39 |
| KRW | South Korea Won | 1207.16 |
| LKR | Sri Lanka Rupe | 185.40 |
| THB | Thailand Baht | 31.48 |
| GBP | United Kingdom Pounds | 0.79 |
| VND | VietnamDon | 23262.54 |

*Source:xe.com*

## World Gold Price

June- 2020 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 1 | 1749 | 1743 | 1745 |
| 2 | 1752 | 1741 | 1741 |
| 3 | 1779 | 1729 | 1730 |
| 4 | 1779 | 1706 | 1706 |
| 5 | 1749 | 1712 | 1712 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 1-6.-2020 | 1217.00 | 1217.00 |
| 2-6-2020 | 1217.00 | 1217.00 |
| 3-6- 2020 | 1207.00 | 1207.00 |
| 4-6- 2020 | 1210.00 | 1208.20 |
| 5-6- 2020 | 1215.00 | 1214.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဇွန်လ ၂၀၂၀ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 1 | 7.13 | 31.71 | 84.99 | 75.52 |
| 2 | 7.12 | 31.56 | 85.97 | 75.58 |
| 3 | 7.11 | 31.55 | 84.91 | 75.38 |
| 4 | 7.12 | 31.59 | 84.87 | 75.52 |
| 5 | 7.09 | 31.48 | 84.86 | 75.51 |

## ဘိလပ်မြေ

# ဘိလပ်မြေတန်ချိန် ၈၀၀ ကျော်ဝင်

မေ ၂၄ ရက်မှ ၃၀ ရက်သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ အမေရိကန်ဒေါ်လာ ၁၂၀၉၆၀ တန်ဖိုးရှိ ဘိလပ်မြေတန်ချိန် ၈၄၀ ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခင်တစ်ပတ်က တင်သွင်းမှုရပ်နားခဲ့ပြီး ယခုတစ်ပတ်မှ ပြန်လည်တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မေ ၂၃ ရက် မှ ၂၉ ရက်အတွင်း နယ်စပ်လမ်းမှဘိလပ်မြေအဝင်မှာ တန်ချိန် ၁၂၉၈၀ကျော်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ တန်ချိန် ၁၇၅၀၀ ကျော်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်မှာတန်ချိန် ၄၅၂၀ ကျော် အဝင်လျော့ခဲ့သည်။ ထို့ကြောင့် ယခုတစ်ပတ်ရေကြောင်းလမ်းမှလည်း အဝင်ရှိခဲ့ပြီး နယ်စပ်လမ်းမှအဝင်လျော့ခဲ့သည်။

# ဘိလပ်မြေဈေးကွက် အရောင်းပုံမှန်ရှိ

**မော်လမြိုင်ဘိလပ်မြေဈေးကွက်၌** ဇွန်လဆန်းပိုင်းမှစပြီး ဆိုင်များလည်း ပြန်လည်ဖွင့်လာပြီး လုပ်ငန်းငယ်လေးများလည်း ပြန်လည်လုပ်ကိုင်လာသောကြောင့် ယခုတစ်ပတ် အရောင်းပုံမှန်ပြန်ဖြစ်လာကြောင်း အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးထံမှသိရသည်။

ယခုတစ်ပတ် ဆင်မြန်မာက ကျပ် ၅၀ ဈေးကျပြီး ကျန်ဘိလပ်မြေများက ယခင်တစ်ပတ်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်ကြောင်းသိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ဆင်မြန်မာ ကျပ် ၅၉၅၀၊ ကြံ့တစ်ကောင်(ပြာ) ကျပ် ၅၈၅၀၊ ကြံ့နှစ်ကောင်(နီ)ကျပ် ၅၈၅၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း စုံစမ်းသိရှိရသည်။

**တောင်ကြီးဘိလပ်မြေဈေးကွက်၌** ယခုတစ်ပတ် အရောင်းတစ်ပတ်အရောင်းပုံမှန်ရှိသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ စိန်(ထိုင်း) ကျပ် ၈၀၀၀၊ အေသုံးလုံးကျပ် ၅၂၀၀၊ အပါချီ ကျပ် ၅၁၀၀၊ကမ္ဘောဇကျပ် ၄၈၀၀၊ ကြံ့ကျပ် ၅၂၀၀၊ ကျားခေါင်းကျပ် ၆၂၀၀၊ နဂါးကျပ် ၅၂၀၀ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရသည်။

**မကွေးဘိလပ်မြေဈေးကွက်၌** ဇွန်လဆန်းပိုင်းမှစပြီး ဆောက်လုပ်ရေးလုပ်ငန်းများလည်း ပြန်လည်လုပ်ကိုင်လာသောကြောင့် အရောင်းအဝယ်ပုံမှန်ဖြစ်လာကြောင်း အိမ်ဆောက်ပစ္စည်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ယခင်တစ်ပတ်က ဈေးအပြောင်းအလဲရှိခဲ့သော်လည်း ယခုတစ်ပတ်မှာ ဈေးငြိမ်နေကြောင်း သိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ အပါချီ ကျပ် ၅၂၀၀၊ ကြံ့ကျပ် ၅၂၀၀၊ ကမ္ဘောဇကျပ် ၅၅၀၀၊ ဘလူးဒိုင်းမွန်းကျပ်၅၂၀၀၊အယ်လ်ဖာ ကျပ် ၅၂၀၀နှင့်အရောင်းအဝယ်ဖြစ်ကြောင်း သိရှိရသည်။

**မန္တလေးဘိလပ်မြေဈေးကွက်၌** ဆောက်လုပ်ရေးလုပ်ငန်းများလည်း ပြန်လည်လုပ်ကိုင်လာခြင်းကြောင့် အရောင်းအဝယ်ပုံမှန်ရှိကြောင်း သိရသည်။ ယခုတစ်ပတ် အယ်လ်ဖာဘိလပ်မြေကကျပ် ၂၀၀၊ ခရောင်း(၅၂၅)က ကျပ် ၁၀၀ ဈေးကျပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ အေသုံးလုံး ကျပ်၄၆၀၀၊ အယ်လ်ဖာကျပ် ၄၆၀၀၊ ခရောင်း(၅၂၅) ကျပ် ၄၉၀၀၊ ခရောင်း(၄၂၅)ကျပ် ၄၆၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**သီတာဝင်း(DOT) စုစည်းသည်**

## ဓာတ်မြေဩဇာ

# ယခုတစ်ပတ် မြေဩဇာတန်ချိန် ၁၅၀၀၀ ကျော်ဝင်

မေ ၂၄ ရက်မှ ၃၀ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၀၁၀၇၅၈ တန်ဖိုးရှိ မြေဩဇာ၁၅၃၇၅ ဒသမ ၀၄၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် တရုတ်နိုင်ငံမှ ၅၇၃ ဒသမ ၄၈ တန်၊ ဂျပန်နိုင်ငံမှ ၂၅ ဒသမ ၆၀ တန်၊ မလေးရှားနိုင်ငံမှ ၁၂၅၉၂ ဒသမ ၁၂၅တန်၊ နယ်သာလန်နိုင်ငံမှ ၃၃၆ ဒသမ ၁၈ တန်၊ ပိုလန်နိုင်ငံမှ ၁ ဒသမ ၈ တန်၊ တိုင်ဝမ်နိုင်ငံမှတန်ချိန် ၁၀၀၊ ထိုင်းနိုင်ငံမှ ၉၉၅ ဒသမ ၈၆ တန်နှင့် ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၇၅၀ တင်သွင်းခဲ့ကြောင်းသိရသည်။ ယခုတစ်ပတ် မလေးရှားနိုင်ငံမှ အများဆုံးတင်သွင်းခဲ့သည်။

တင်သွင်းခဲ့သည့်အမျိုးအစားများမှာ အမိုးနီးယမ်းဆာလဖိတ်၊ ကွန်ပေါင်း(၄၆%)၊ ဖလော်ရာ၊ ယူရီးယား(၄၆%)၊ အော်ဂဲနစ်၊ ကိုဘီဝမ်း(မြေဩဇာအမှုန့်)နှင့် ကွန်ပေါင်း(၁၅း၁၅း၁၅)တို့ဖြစ်သည်။ ယခင်သီတင်းပတ်က မြေဩဇာတန်ချိန်၆၀၀၀ ကျော်တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၉၀၀၀ကျော် ပိုမိုတင်သွင်းခဲ့ကြောင်းသိရသည်။

# တောင်ကြီးမြေဩဇာဈေးကွက် အရောင်းပါး

မေ ၂၄ ရက်မှ ၃၀ ရက်အထိ နယ်စပ်လမ်းမှမြေဩဇာအဝင်မှာ တန်ချိန် ၂၈၄၉၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန် ၃၂၂၅၀ ကျော်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်တွင်တန်ချိန်၃၇၅၀ကျော် အဝင်လျော့ခဲ့ကြောင်းသိရသည်။ ထို့ကြောင့် ယခုတစ်ပတ်ရေလမ်းမှ အဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှအဝင်လျော့ခဲ့သည်။

ပြည်တွင်းဈေးကွက်များဖြစ်သည့် မော်လမြိုင်နှင့်မကွေးတွင် အရောင်းပုံမှန်ရှိပြီး တောင်ကြီးနှင့်မန္တလေး၌အရောင်းအေးနေကြောင်း သိရသည်။

**တောင်ကြီးဈေးကွက်၌** အရောင်းအဝယ်ပါးနေကြောင်းသိရသည်။ ယခုတစ်ပတ်တီစူပါ(၂၀%)က ကျပ် ၄၀၀၊ တီစူပါ(၁၀း၁၀း၅)က ကျပ် ၁၀၀၀၊ ပိုတက်က ကျပ် ၅၀၀ ဈေးမြင့်ပြီး တီစူပါ(၁၅း၁၅း၁၅)က ကျပ် ၅၀၀ ဈေးကျကာ ကျန်မြေဩဇာများက ယခင်တစ်ပတ်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်ကြောင်းသိရသည်။

ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ယူရီးယား(ပန်းဖူး-တရုတ်) ကျပ် ၂၇၀၀၀၊ တီစူပါ၂၀%(တရုတ်) ကျပ် ၁၆၀၀၀၊ ပိုးသတ်ဆေးကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်)ကျပ် ၄၀၀၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်)ကျပ် ၂၀၀၀၀၊ဓာတ်ဆား(တရုတ်)ကျပ် ၂၀၀၀၀၊ ပိုတက်(တရုတ်) ကျပ် ၂၈၀၀၀၊ယူရီးယား (ယူအေအီး)ကျပ် ၂၈၅၀၀၊ မြားကမ္ဘာ ကျပ် ၁၉၀၀၀၊ ရွက်ဖျန်းကျပ် ၃၀၀၀၊ ဆိုင်ကလုန်း ကျပ် ၃၀၀၀၊ ဆိုက်ပါ ကျပ် ၂၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

**မကွေးဈေးကွက်၌** အရောင်းပုံမှန်ဖြစ်လာကြောင်းသိရသည်။ ယခုတစ်ပတ် ဆင်(၁၀း၁၀း၅)၊အာမို(၁၀း၁၀း၅)နှင့်သီးစုံ(ဝါစိမ်းပြာ)က ကျပ်၃၀၀၊ အာမို(၁၅) ပတ်လည်က ကျပ် ၂၂၀၀၊ အာမို(၁၆း၁၆း၈)နှင့် ယူရီးယားမြေဩဇာက ကျပ် ၅၀၀၊ မြားကမ္ဘာ(၁၅း၇း၈)က ကျပ် ၁၀၀၀ ဈေးကျလာပြီး ကျန်မြေဩဇာများက ယခင်တစ်ပတ်ဈေးအတိုင်းအရောင်းအဝယ်ဖြစ်ကြောင်းသိရသည်။

ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ မြားကမ္ဘာ-တရုတ် (၁၂း၁၃)ကျပ်၁၈၀၀၀၊ ဆင် ၁၀း၁၀း၅ ကျပ် ၁၈၃၀၀၊ သီးစုံ(ဝါစိမ်းပြာ) ကျပ် ၁၈၃၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၉၈၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၆၈၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၉၅၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ကျပ် ၂၆၅၀၀၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ကျပ် ၂၆၅၀၀၊ မြားကမ္ဘာ (၁၅း၇း၈) ကျပ် ၂၁၅၀၀၊ တီစူပါက ကျပ် ၂၄၅၀၀၊ ဇာမနီ ကျပ် ၂၀၂၀၀၊ တောင်သူမ ကျပ် ၁၈၂၀၀၊ တက်တိုး ကျပ် ၂၂၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

**မော်လမြိုင်ဈေးကွက်၌** ယခုတစ်ပတ် ဈေးငြိမ်ပြီး အရောင်းအဝယ်ပါးကြောင်း သိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့် ဈေးမှာ ပုလဲ-အကြီး(ထိုင်း)မြင်းပျံကျပ် ၂၅၅၀၀၊ ပုလဲ-မြန်မာ (နဂါး-တရုတ်) ကျပ် ၂၈၀၀၀၊ပုလဲ-မြန်မာ(စုစံ)ကျပ် ၂၆၀၀၀၊ ကွန်ပေါင်း (အစိမ်း) (၁၅း၁၅း၁၅)(ထိုင်း) ကျပ် ၄၀၀၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၅၀၀၀၊ ကွန်ပေါင်း(တရုတ်)(၁၀း၁၀း၅)ကျပ် ၂၀၀၀၀၊ ပိုတက်(မာကိုတာ) ကျပ် ၂၉၅၀၀၊ မြားနီ ကျပ် ၂၀၀၀၀ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။

## နို့ဆီ/နို့မှုန့်

# ယခုတစ်ပတ် နို့ဆီအဝင်ပိုပြီး နို့မှုန့်အဝင်လျော့

မေ ၂၄ ရက်မှ ၃၀ ရက်အတွင်း အမေရိကန်ဒေါ်လာ ၁၂၇၂၄၅ တန်ဖိုးရှိနို့ဆီ၁၂၄ ဒသမ ၀၂တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် Hawk တံဆိပ်တစ်မျိုးတည်းသာ တင်သွင်းခဲ့ကြောင်း သိရသည်။ ယခင်သီတင်းပတ်က နို့ဆီတန်ချိန် ၃၀ ကျော်သာ တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၉၀ ကျော် ပိုမိုတင်သွင်းခဲ့သည်။

အမေရိကန်ဒေါ်လာ ၁၁၀၆၇၇၄ တန်ဖိုးရှိနို့မှုန့် ၃၅၂ ဒသမ ၃၈ တန်ကို တင်သွင်းခဲ့သည်။ ယခုတစ်ပတ်မှာလည်း နယူးဇီလန်နိုင်ငံမှသာတင်သွင်းခဲ့သည်။

ယခင်သီတင်းပတ်က နို့မှုန့် တန်ချိန် ၄၂၀ ကျော် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့် နှိုင်းယှဉ်လျှင် တန်ချိန် ၆၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ယခုတစ်ပတ် နို့ဆီအဝင်ပိုခဲ့ပြီး နို့မှုန့်အဝင်လျော့နည်းခဲ့သည်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၃/၅ မှ ၂၉/၅ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၆/၅ မှ ၂၂/၅ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၃၁.၉၄ | ၅၄.၂၅ | (+) | ၇၇.၆၉ |
| ၂။ | လွယ်ဂျယ် | | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | - | - | | - |
| ၅။ | တာချီလိတ် | ၅၂၀၀.၀၀ | ၅၀၀၀.၀၀ | (+) | ၂၀၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | ၂၇၅၀.၀၀ | ၁၂၄၅၀.၀၀ | (-) | ၉၇၀၀.၀၀ |
| ၈။ | မြိတ် | ၄၉၀၀.၀၀ | - | (+) | ၄၉၀၀.၀၀ |
| | စုစုပေါင်း | ၁၂၉၈၁.၉၄ | ၁၇၅၀၄.၂၅ | (-) | ၄၅၂၂.၃၁ |

အေးအေးသန့်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၃/၅ မှ ၂၉/၅ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၆/၅ မှ ၂၂/၅ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၈၉၅၃.၇၅ | ၁၁၁၅၉.၂၅ | (-) | ၂၂၀၅.၅၀ |
| ၂။ | လွယ်ဂျယ် | ၄၂၅၄.၅၀ | ၃၅၇၂.၅၀ | (+) | ၆၈၂.၀၀ |
| ၃။ | ချင်းရွှေဟော် | ၁၄၃၁၅.၅၀ | ၁၃၃၅၄.၃၀ | (+) | ၉၆၁.၂၀ |
| ၄။ | ကန်ပိုက်တီ | ၉၇၁.၀၀ | ၈၆၇.၀၀ | (+) | ၁၀၄.၀၀ |
| ၅။ | မြဝတီ | - | - | | - |
| ၆။ | ကော့သောင်း | - | ၃၃၀၀.၀၀ | (-) | ၃၃၀၀.၀၀ |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိုဒ် | - | - | | - |
| ၉။ | တမူး | - | - | | - |
| | စုစုပေါင်း | ၂၈၄၉၄.၇၅ | ၃၂၂၅၃.၀၅ | (-) | ၃၇၅၈.၃၀ |

ခင်မိုးသူ

# အရာတော်မြို့နယ် မင်းရွာမှ ဒန့်သလွန်သီးနှံဈေးကွက်ဖြစ်ထွန်းမှု



စားသုံးသူရေးရာဦးစီးဌာနသည် ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရန် အလားအလာရှိသည့် သီးနှံတစ်မျိုးချင်းအလိုက် သီးနှံဆိုင်ရာ အချက်အလက်များအား လေ့လာပြုစုတင်ပြလျက်ရှိသည်။

ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရေးအတွက် စီးပွားဖြစ်စိုက်ပျိုးလျက်ရှိသော ဒန့်သလွန်သီးနှံဆိုင်ရာ အချက်အလက်များကို ခရိုင်အဆင့်၊ မြို့နယ်အဆင့်အထိ ကွင်းဆင်း၍ အထက်အကြီးအကဲများ၏ မူဝါဒများအား အကောင်အထည်ဖော်တင်ပြနိုင်ရန် စစ်ကိုင်းတိုင်းဒေသကြီး တိုင်းဒေသကြီးဦးစီးမှူး ဦးခင်မောင်လှိုင်၊ ဒု-တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ဝင်း၊ မုံရွာခရိုင်ဦးစီးမှူး ဒေါ်ရီလင်းထွဋ်နှင့် ဝန်ထမ်းများသည် မေ ၂၆ ရက်က စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဒန့်သလွန်သီးနှံစိုက်ဧကအများဆုံးစိုက်ပျိုးသည့် မုံရွာခရိုင် အရာတော်မြို့နယ် မင်းရွာသို့ ကွင်းဆင်း၍ ဒန့်သလွန်သီးနှံဆိုင်ရာ အချက်အလက်များကို Market Survey ဆောင်ရွက်ခဲ့ကြသည်။

မင်းရွာတွင် ဒန့်သလွန်သီးနှံစိုက်ပျိုးသည် တောင်သူ ၂၀ ဦးခန့်သည် တစ်ဦးလျှင် အနည်းဆုံး သုည ဒသမ ၅ ဧက မှ အများဆုံးလေးဧကစိုက်ပျိုးကြကြောင်း စုစုပေါင်းစိုက်ဧက ၄၀ ဧကခန့်ရှိပြီး ၎င်းတို့ရွာ၌ လွန်ခဲ့သောနှစ်နှစ်ခန့်က ရန်ကုန်မြို့တွင် ဈေးကွက်ရှိကြောင်း သိရှိသဖြင့် စတင်၍စိုက်ပျိုးခြင်းဖြစ်ကြောင်း၊ တွေ့ဆုံဆွေးနွေးခဲ့သည့် တောင်သူကိုးဦးအနက် တောင်သူ ဦးအောင်ကျော်မြင့်ထံမှ သိရှိခဲ့ရသည်။

စတင်စမ်းသပ်စိုက်ပျိုးခဲ့သည့် ဒန့်သလွန်သီးမျိုးသည် ထိုင်းနိုင်ငံမှဖြစ်ပြီး မျိုးစေ့ ၅၀၀ ပါ တစ်ထုပ်လျှင် ကျပ် သုံးသောင်းခြောက်ထောင် ဈေးပေးရသည်။ ၎င်းမျိုးသည် အသီးသီးချိန်နောက်ကျသည်ကို တွေ့ရှိရသဖြင့် အိန္ဒိယမျိုးစေ့ ဈေးနှုန်းသည် တစ်စေ့လျှင် ကျပ် ၁၀၀ မှ ၂၀၀ ကြား ဈေးဖြင့် ဝယ်ယူ၍ ပြောင်းလဲစိုက်ပျိုးခဲ့ပါကြောင်း၊ အပင်သက်တမ်းခြောက်လ၌ အသီးစတင်သီးကြောင်း မိုးဦးကျကာလ တွင် စတင်စိုက်ပျိုးပါကြောင်း၊ ပင်ကြား ၉ပေ×၉ပေ၊ ခန့်အများစုက စိုက်ပျိုးရာ တစ်ဧကလျှင်အပင် ၄၀၀ ခန့် စိုက်ပျိုးနိုင်ပါကြောင်း၊ အပင်မမြင့်စေဘဲ အကိုင်းအခက်များထွက်စေရန် ‘ခေါင်’ ကိုင်းကို ဖယ်ရှားပါကြောင်း၊ ဒန့်သလွန်ပင်သည် ရေကြိုက်သော်လည်း ရေဝပ်သည်ကို မကြိုက်နှစ်သက်ပါကြောင်း၊ ငါးရက်တစ်ကြိမ် ရေသွင်းပေးပါကြောင်း၊ အပင်ငယ်စဉ် စုပ်စားပိုးမကျရောက်စေရန် ရွှေဆိုက်ဘာရွက်ဖျန်းဆေးကို ပက်ဖျန်းပြီး အပင်ကြီးလာပါက ဆေးရွက်ကြီးကိုရေစိမ်၍ ပက်ဖျန်းပေးခြင်းဖြင့် ဓာတုဆေးမသုံးဘဲ အသီးသီးစေပါကြောင်း၊ ရာသီဥတုကောင်းကာ သဘာဝဘေးအန္တရာယ်မဖြစ်ပေါ်ပါက တစ်ပင်လျှင် တစ်နှစ်ပတ်လုံး အသီးတောင့် ၂၀၀ ခန့် သီးနိုင်ကြောင်း သိရပါသည်။

နှစ်ပေခန့်ထိရှည်သည့် ဒန့်သလွန်အသီးများကို သုံးရက်တစ်ကြိမ် ခူးဆွတ်ကာ အရာတော်မြို့မှ ရန်ကုန်မြို့သို့ တိုက်ရိုက် ပြေးဆွဲသည့် လူစီးကားများဖြင့် ရန်ကုန်မြို့ သီရိမင်္ဂလာဈေးရှိ ပွဲရုံများသို့ တိုက်ရိုက်ပေးပို့ ရောင်းချပါကြောင်း၊ ရောင်းရ ဈေးနှုန်းများမှာ COVID-19 ကပ်ရောဂါ မြန်မာနိုင်ငံသို့မကျရောက်မီ အချိန်က ဒန့်သလွန်သီးတစ်တောင့်လျှင် ကျပ် ၁၀၀ မှ ၂၀၀ ကြားရရှိပြီး ဧပြီလနှင့် မေလများ COVID-19 ကပ်ရောဂါ မြန်မာနိုင်ငံသို့ ကျရောက်ချိန်ဖြစ်၍ ရန်ကုန်မြို့သို့ တင်ပို့ရောင်းချနိုင်ခြင်းမရှိ၍ ဒေသတွင်း ရောင်းချခြင်းနှင့် မျိုးစေ့ထုတ်ရန်အပင်ပေါ်၌ အရင့်ခံထားခြင်းများဆောင်ရွက်ပါကြောင်း၊ ဒေသတွင်းရောင်းဈေးမှာ အသီးတစ်တောင့်လျှင် ကျပ် ၄၀၊ ၅၀၊ ၇၀ ဈေးအသီးသီးရရှိပြီး၊ မျိုးစေ့တစ်စေ့လျှင် ကျပ် ၅၀ နှုန်း၊ ပျိုးပင်တစ်ပင်လျှင် ကျပ် ၂၀၀ မှ ၃၀၀ ကြား ဈေးနှုန်းဖြင့် ရောင်းချပါကြောင်း၊ ယခုရန်ကုန်မြို့သို့ ကားများ ပြေးဆွဲပြီဖြစ်၍ သုံးရက်ခြားတစ်ကြိမ် အသီးများခူးဆွတ်တင်ပို့နေပြီး အသီးတစ်တောင့်လျှင် ကျပ် ၄၀ မှ ၁၀၀ ဈေးဖြင့်ရောင်းချရ၍ ဈေးနှုန်းကျဆင်းနေသည်ကို တွေ့ရသည်။

ဒန့်သလွန်သီးနှံပင်သည် နှစ်ရှည်သီးနှံပင်ဖြစ်၍ အပင်သက်တမ်းသည် နှစ် ၂၀/၃၀ထိ သက်တမ်းရှိပါကြောင်း၊ စတင်စိုက်ပျိုးသည့်နှစ်တွင် ရေတွင်းတူးခြင်း၊ ရေပိုက်လိုင်းသွယ်ခြင်း၊ သွင်းအားစုများ စသည့်တို့ကို ရင်းနှီးမြှုပ်နှံရ၍ အရင်းအနှီးအနေဖြင့် တစ်ဧကကုန်ကျစရိတ်မှာ ကျပ် ၁၀ သိန်းကျော် ကုန်ကျနိုင်သော်လည်း အပင်သက်တမ်းခြောက်လတွင် ဝင်ငွေစတင်ရရှိကာ တစ်ဧကဝင်ငွေ ကျပ်သိန်း ၆၀ ခန့်ရှိ၍ အမြတ်ငွေ ကျပ်သိန်း ၅၀ ခန့် ရရှိနိုင်သဖြင့် တောင်သူများအနေဖြင့် စီးပွားဖြစ်စိုက်ပျိုးသင့်သော သီးနှံတစ်ခုဖြစ်ကြောင်း တိုက်တွန်းလိုက်ပါသည်။

**သန်းသန်းတင်(မုံရွာ)**

# ကချင်ဒေသထွက် လိုင်ချီးသီးများ ဈေးကွက်အတွင်း ရောင်းချ

ကချင်ပြည်နယ်ဒေသထွက် ရာသီပေါ် သီးနှံဖြစ်သည့် လိုင်ချီးသီးကို မြစ်ကြီးနားမြို့ သစ်သီးဈေးကွက်ထဲတွင် စတင်တွေ့ရှိရပြီး တစ်တွဲလျှင် ၁၅၀၀ ကျပ် ဈေးနှုန်းဖြင့် ရောင်းချလျက်ရှိကြောင်း တွေ့ရှိရသည်။

ကချင်ပြည်နယ်တွင် နှစ်စဉ်မိုးဦးကျစ မေလနောက်ဆုံးအပတ်ခန့်တွင် စတင်ထွက်ပေါ် လေ့ရှိသည့် ဒေသအခေါ် တရုတ်ဆီးသီး(ခေါ်) လိုင်ချီးသီးကို ယခုအခါ မြစ်ကြီးနားမြို့ပေါ်ရှိ ဈေးကွက်များတွင် များစွာတွေ့ရှိရသည်။ စားလို့ကောင်းပြီး ဈေးကွက်ထဲတွင်နာမည်ရနေသည့် မိုင်းနားကျေးရွာမှထွက်ရှိသည့် တရုတ်ဆီးသီးများမှာ ရေခံ၊ မြေခံကောင်းပြီး ဧရာဝတီမြစ်ကမ်းနားတွင်ရှိ၍ အသားထူပြီး ချိုသောအရသာရှိ သည်ကိုတွေ့ရှိရပါသည်။

လက်ဆောင်ပေး၍သင့်တော်သော တရုတ်ဆီးသီးများကို ပိုက်ဆံရှိသူများက အသီးမှည့်သည့်အချိန် မရောက်မီ ခြံအပြတ်ဝယ်ယူပြီး အလုံး ၅၀၊ ၆၀ ခန့်ရှိသည့်အတွဲများတွဲ၍ တစ်တွဲလျှင် ကျပ် ၁၀၀၀ ဖြင့် ဖောက်သည်ဝယ်ရောင်းများကို ရောင်းချပေးပြီး ဝယ်ရောင်းများက တစ်တွဲလျှင် ကျပ် ၁၅၀၀ ဖြင့် ပြန်လည်ရောင်းချသည်ကို တွေ့ရှိရသည်။

**ငွေးလှိုင် (မနောမြေကုန်သွယ်မှုဗဟိုဌာန)**

# လှိုင်ကော်မြို့ စက်သုံးဆီဈေးနှုန်းများ

ပြည်နယ်အတွင်းဖြစ်ပေါ်နေသော စက်သုံးဆီဈေးနှုန်းများမှာ မေ ၄ ရက်တွင် ဓာတ်ဆီ(ရိုးရိုး)တစ်ဂါလန်လျှင်ကျပ် ၂၄၀၀၊ ဒီဇယ်(ရိုးရိုး)တစ်ဂါလန်လျှင်ကျပ် ၂၃၀၀ ဖြင့် ရောင်းချလျက်ရှိပြီး ဇွန် ၄ ရက်တွင် ဓာတ်ဆီ (ရိုးရိုး) တစ်ဂါလန်လျှင် ကျပ် ၂၃၀၀၊ ဒီဇယ် (ရိုးရိုး) တစ်ဂါလန်လျှင် ကျပ် ၂၆၀၀ ဖြင့် ရောင်းချလျက်ရှိရာ ယခင်လနှင့် ယခုလ နှိုင်းယှဉ်မည်ဆိုလျှင် ဓာတ်ဆီ (ရိုးရိုး) တစ်ဂါလန်လျှင် ကျပ် ၁၀၀ ဈေးကျပြီး ဒီဇယ် (ရိုးရိုး) တစ်ဂါလန်လျှင် ကျပ် ၃၀၀ ဈေးတက်၍ စက်သုံးဆီဈေးနှုန်းမှာ အနည်းငယ်အတက်/အကျရှိကြောင်း ပြည်နယ်အတွင်း တော်ဝင်စက်သုံးဆီအရောင်းဆိုင်ထံမှသိရှိရသည်။

**အေးအေးမော် (ကယား)**

## ပြည်တွင်းဆီဈေးနှုန်းများ (၅-၆-၂၀၂၀)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၇၅၀၀ | ၇၅၀၀ | □ | ၇၅၀၀ | ၇၅၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| ရန်ကုန် | ၈၅၀၀ | ၈၅၀၀ | □ | ၈၅၀၀ | ၈၅၀၀ | □ | ၂၁၀၀ | ၂၁၀၀ | □ |
| မန္တလေး | ၇၀၀၀ | ၇၀၀၀ | □ | ၇၀၀၀ | ၇၀၀၀ | □ | ၂၃၀၀ | ၁၈၅၀ | ▽ |
| ပဲခူး | ၇၀၀၀ | ၇၀၀၀ | □ | ၇၀၀၀ | ၇၀၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| မကွေး | ၆၅၀၀ | ၆၀၀၀ | ▽ | ၆၀၀၀ | ၆၀၀၀ | □ | ၁၆၂၀ | ၁၆၂၀ | □ |
| မုံရွာ | ၆၀၀၀ | ၆၀၀၀ | □ | ၆၅၀၀ | ၆၅၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| စစ်တွေ | ၈၅၀၀ | ၈၅၀၀ | □ | ၆၀၀၀ | ၆၀၀၀ | □ | ၂၄၀၀ | ၂၄၀၀ | □ |




## မလေးရှားစားအုန်းဆီအပတ်စဉ်ပျမ်းမျှ(FOB)ဈေးနှုန်း

၅-၆-၂၀၂၀ US$/Ton

| အမျိုးအစား | မေစတုတ္ထပတ် | မေပဉ္စမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၅၂၀.၀၀ | - | - |
| RBD P.Olein | ၅၂၆.၅၀ | ၅၄၉.၅၀ | △ |
| RBD P.Stearin | ၅၂၉.၅၀ | ၅၄၃.၅၀ | △ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၅-၆-၂၀၂၀) ရက်

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၄၅၆.၇၆ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၆၄ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၂၈ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၆၅ |
| ဆီကန်သို့လှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၈၃.၉၆ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၆.၃၂ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆ .၈၈ |
| ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | | ၁၆၀၈.၃၁၀ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၅-၆-၂၀၂၀ နေ့ (CIF ဈေး Cloud Point 8 ˚C Max ၆၃၅ ဒေါ်လာနှင့် USD ဈေး ၁၄၀၄ ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၅-၆-၂၀၂၀ နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၄၀၄ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**ဝန်ကြီးရုံး**
**အမိန့်ကြော်ငြာစာအမှတ် ၃၉ / ၂၀၂၀**
**၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၄ ရက်**
**( ၂၀၂၀ ပြည့်နှစ် ၊ မေလ ၂၅ ရက် )**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေ ပုဒ်မ ၁၃ ပုဒ်မခွဲ( ခ )အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

**အခန်း(၁)**
**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤလုပ်ထုံးလုပ်နည်းများကို ပြည်ပမှ အရက်တင်သွင်းခွင့်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများဟု ခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းများတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ယမကာတင်သွင်းခွင့် မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ အရက်တင်သွင်းရန် ကုန်သွယ်ရေးဦးစီးဌာနက သတ်မှတ်ချက်နှင့်အညီ ထုတ်ပေးသည့် မှတ်ပုံတင်လက်မှတ်ကိုဆိုသည်။

( ခ ) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးမွေးမြူရေးနှင့် ... 

**အခန်း ( ၂ )**
**ရည်ရွယ်ချက်**

၃။ ဤလုပ်ထုံးလုပ်နည်းများ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အရည်အသွေးအာမခံနိုင်သောကုန်စည်များရောင်းချသုံးဆောင်နိုင်ရန်၊
( ခ ) တရားမဝင်တင်သွင်းမှုကိုထိန်းချုပ်နိုင်ရန်၊
( ဂ ) နိုင်ငံတော်အတွက်အခွန်အခများအပြည့်အဝရရှိနိုင်ရန် ၊
(ဃ) ပြည်တွင်းဈေးကွက်လိုအပ်ချက်ကိုဖြည့်ဆည်းနိုင်ရန်။

**အခန်း(၃)**
**အရက် တင်သွင်းခွင့်ရှိသည့်ကုမ္ပဏီနှင့် တင်သွင်းခွင့်လုပ်ငန်းစဉ်**

၄။ ပြည်ပမှ အရက်တင်သွင်းခွင့်လျှောက်ထားသည့်ကုမ္ပဏီသည်-

(က) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော မြန်မာ ကုမ္ပဏီ ဖြစ်ရမည်။
( ခ ) ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်ရှိရမည်။
( ဂ ) ကုမ္ပဏီတွင် နိုင်ငံခြားအရက်ကို လက်ကားရောင်းချခွင့်လိုင်စင် (FL-11) သို့မဟုတ် နိုင်ငံခြားအရက်ပြင်းကို ပေါင်းစပ်ခွင့်၊ ရောနှောခွင့်၊ အနံ့ထည့်ခွင့်နှင့် အရောင်ဆိုးခွင့်လိုင်စင်(FL-4)နှင့် နိုင်ငံခြားအရက်ပြင်းကို ပုလင်းသွတ်ခွင့် လိုင်စင်(FL-5 ) ရရှိသည့် ဒါရိုက်တာတစ်ဦးဦးပါဝင်ရမည်။
(ဃ) နိုင်ငံခြားအရက်ထုတ်လုပ်ဖြန့်ဖြူးသူ၏ တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော အမှတ်တံဆိပ်အမျိုးအမျိုးအတွက် တစ်ဦးတည်း ဖြန့်ဖြူးရောင်းဝယ်ခွင့် (Exclusive Distributorship) ရရှိထားသော ကုမ္ပဏီ သို့မဟုတ် ယင်းကုမ္ပဏီမှ တစ်ဦးတည်းရောင်းဝယ်ခွင့် (Exclusive Dealership) ပေးထားသည့် ကုမ္ပဏီ ဖြစ်ရမည်။
( င ) သက်ဆိုင်ရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ခွင့်ပြုထားသော ဖြန့်ဖြူးရောင်းချခွင့်လိုင်စင်ရနေရာ သို့မဟုတ် သိုလှောင်ခွင့်လက်မှတ် ရယူထားသော သိုလှောင်ရုံရှိရမည်။

၅။ အပိုဒ် ၄ ပါ သတ်မှတ်ချက်နှင့် ကိုက်ညီသောကုမ္ပဏီသည် ပြည်ပမှ အရက်တင်သွင်းခွင့် ရရှိရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနတွင် ယမကာတင်သွင်းခွင့်မှတ်ပုံတင်လက်မှတ်နှင့် သွင်းကုန်လိုင်စင်တို့ကို လျှောက်ထားရမည်။

**ယမကာတင်သွင်းခွင့် မှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်း**

၆။ ယမကာတင်သွင်းခွင်မှတ်ပုံတင်လက်မှတ် လျှောက်ထားရာတွင်-

(က) ပြည်ပမှ အသင့်သောက်သုံးနိုင်သည့် အရက်တင်သွင်းလိုသည့် ကုမ္ပဏီသည် အောက်ပါစာရွက်စာတမ်း အထောက်အထားများနှင့်အတူ လျှောက်ထားရမည်-

( ၁ ) ကုမ္ပဏီ Letter Head ပါလျှောက်လွှာ(ကုမ္ပဏီအမည် ၊ မှတ်ပုံတင်အမှတ်)
( ၂ ) ကုမ္ပဏီဒါရိုက်တာတစ်ဦးဦး၏ နိုင်ငံခြားဖြစ်အရက်ကို လက်ကားရောင်းချခွင့်လိုင်စင် (Foreign Liquor-11) မူရင်း၊
( ၃ ) နိုင်ငံခြားဖြစ်အရက် ထုတ်လုပ်ဖြန့်ဖြူးသူနှင့် တစ်ဦးတည်းဖြန့်ဖြူးရောင်းဝယ်ခွင့် (Exclusive Distributorship) သို့မဟုတ် တစ်ဦးတည်းရောင်းဝယ်ခွင့် (Exclusive Dealership) ကိုယ်စားလှယ်အဖြစ် ချုပ်ဆိုထားသောစာချုပ် (မူရင်းနှင့်မိတ္တူ)၊
( ၄ ) လျှောက်ထားသူသည် ကုမ္ပဏီ၏ ဒါရိုက်တာ ကိုယ်တိုင် မဟုတ်ပါက ၎င်း၏ ကိုယ်စားလှယ်လွှဲစာနှင့် မှတ်ပုံတင်ကတ်(မိတ္တူ)၊
( ၅ ) တင်သွင်းမည့်အရက်နှင့်စပ်လျဉ်းသည့် အချက်အလက်များ-
(ကက) အယ်လ်ကိုဟောပါဝင်မှုရာခိုင်နှုန်း၊
( ခခ ) ကုန်ပစ္စည်းအမည်၊ အမျိုးအစား၊ အမှတ်တံဆိပ်၊ ပါဝင်သည့် ပစ္စည်းများနှင့် ထုပ်ပိုးမှုပုံစံ၊
( ဂဂ ) ထုတ်လုပ်သည့်ခုနှစ်နှင့်သက်တမ်း၊
(ဃဃ) ထုတ်လုပ်သည့် နိုင်ငံ၊ ကုမ္ပဏီအမည်နှင့်လိပ်စာ။
( ၆ ) သက်ဆိုင်ရာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ခွင့်ပြုထားသည့် အရက်သိုလှောင်ခွင့်လက်မှတ် သို့မဟုတ် ဖြန့်ဖြူးရောင်းချခွင့်လိုင်စင်၊
( ၇ ) အရက်သိုလှောင်ရုံလိပ်စာနှင့် ရောင်းချမည့်ဆိုင်လိပ်စာ။

( ခ ) အရက်ဆီ ၊ အရက်ပြင်းတင်သွင်းလိုသောကုမ္ပဏီများသည် အောက်ပါစာရွက်စာတမ်းအထောက်အထားများနှင့်အတူ လျှောက်ထားရမည်-

( ၁ ) ကုမ္ပဏီ Letter Head ပါလျှောက်လွှာ ( ကုမ္ပဏီအမည်၊ မှတ်ပုံတင်အမှတ် )၊
( ၂ ) ကုမ္ပဏီဒါရိုက်တာတစ်ဦးဦး၏ ပြည်ပမှ တင်သွင်းသော နိုင်ငံခြားအရက်ပြင်းကို ပေါင်းစပ်ခွင့်၊ ရောနှောခွင့်၊ အနံ့ထည့်ခွင့်နှင့် အရောင်ဆိုးခွင့်လိုင်စင် (FL-4)နှင့် နိုင်ငံခြားအရက်ပြင်းကို ပုလင်းသွတ်ခွင့်(FL-5 ) ယစ်မျိုးလိုင်စင် (မူရင်း)။
( ၃ ) ကုမ္ပဏီ၏ဒါရိုက်တာအဖွဲ့ဝင်ကိုယ်တိုင်မဟုတ်ပါက ၎င်း၏ကိုယ်စားလှယ်လွှဲစာနှင့် မှတ်ပုံတင်ကတ် ( မိတ္တူ )၊
( ၄ ) တင်သွင်းမည့်အရက်ဆီ ၊ အရက်ပြင်းနှင့်စပ်လျဉ်းသည့် အောက်ဖော်ပြပါ အချက်အလက်များ-
(ကက) အယ်လ်ကိုဟောပါဝင်မှုရာခိုင်နှုန်း၊
( ခခ ) ကုန်ပစ္စည်းအမည်၊ အမျိုးအစား၊ အမှတ်တံဆိပ် ၊ ဖွဲ့စည်းပုံ ၊ ထုပ်ပိုးမှုပုံစံ၊
( ဂဂ ) ထုတ်လုပ်သည့်နိုင်ငံ၊ ကုမ္ပဏီအမည်၊ လိပ်စာ၊
( ၅ ) အရက်ရောနှောပေါင်းစပ်၍ ထုတ်လုပ်ခြင်း ၊ ပုလင်းသွတ်ခြင်းပြုလုပ်မည့်လိပ်စာ။

၇။ ယမကာတင်သွင်းခွင့်မှတ်ပုံတင်၏ သက်တမ်းသည် တစ်နှစ်ဖြစ်သည်။

၈။ ယမကာတင်သွင်းခွင့်မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးလိုပါက မှတ်ပုံတင်လက်မှတ် သက်တမ်းမကုန်မီ ၃ လ ကြိုတင်၍ အပိုဒ် ၆ ပါ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

**သွင်းကုန်လိုင်စင်လျှောက်ထားခြင်း**

၉။ အရက်တင်သွင်းခွင့်အတွက် သွင်းကုန်လိုင်စင်လျှောက်ထားရာတွင် အောက်ပါစာရွက်စာတမ်းအထောက်အထားများနှင့်အတူ လျှောက်ထားရမည်-

(က) ကုမ္ပဏီ၏ Letter Head ပါလျှောက်လွှာ၊ (ကုမ္ပဏီအမည်၊ မှတ်ပုံတင်အမှတ်)၊
( ခ ) ကုန်အမှာလွှာ (Proforma Invoice) မူရင်း သို့မဟုတ် အရောင်းအဝယ်စာချုပ် (Sale Contract) မူရင်း (တင်သွင်းမည့်အရက်နှင့် သက်ဆိုင်သော အသေးစိတ် အချက်အလက်များကို ပြည့်စုံစွာဖော်ပြရမည်)၊
( ဂ ) ယမကာတင်သွင်းခွင့်မှတ်ပုံတင်လက်မှတ် ( မူရင်း ၊ မိတ္တူ )၊
(ဃ) အရက်ပုလင်းပေါ်တွင် တင်သွင်းသည့် ကုမ္ပဏီ၏ အမည်ကိုကပ်နှိပ် ဖော်ပြမည့် နမူနာ၊
( င ) အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ( FDA ) ထောက်ခံချက် (မူရင်း)။
( စ ) လျှောက်ထားသူသည် ကုမ္ပဏီ၏ဒါရိုက်တာ ကိုယ်တိုင် မဟုတ်ပါက ကိုယ်စားလှယ်လွှဲစာနှင့် မှတ်ပုံတင်ကတ် ( မိတ္တူ )။

၁၀။ အရက်သွင်းကုန်လိုင်စင်သက်တမ်းမှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော သတ်မှတ်ကာလအတိုင်းဖြစ်သည်။

**အခန်း ( ၄ )**
**အရက်တင်သွင်းခွင့်ဆိုင်ရာ စည်းကမ်းချက်များ**

၁၁။ ပြည်ပမှအရက်ကို ရန်ကုန်ဆိပ်ကမ်းနှင့် ရန်ကုန်လေဆိပ်တို့မှ တင်သွင်းရမည်။

၁၂။ အရက်တစ်လီတာလျှင် ဆိပ်ကမ်းအရောက်တန်ဖိုး (Cost, Insurance and Freight- CIF ) သည် အနည်းဆုံးအမေရိကန်ဒေါ်လာ ၈ ဒေါ်လာရှိရမည်။

စာမျက်နှာ - ၁၃ - သို့

စာမျက်နှာ - ၁၂ - မှအဆက်

၁၃။ ယမကာတင်သွင်းခွင့် မှတ်ပုံတင်လက်မှတ်ရရှိသည့် ကုမ္ပဏီသည်-

(က) အရက်ထုပ်ပိုးမှုပေါ်တွင် အရက်အမျိုးအစား၊ ပါဝင်သည့် အသားတင်ပမာဏ (Net Volume)၊ အယ်လ်ကိုဟောပါဝင်မှု ရာခိုင်နှုန်းနှင့် အရက်တင်သွင်းသည့် ကုမ္ပဏီအမည်၊ ကုမ္ပဏီမှတ်ပုံတင်ထားသော ရုံးခန်း သို့မဟုတ် စီးပွားရေး လုပ်ငန်း အဓိကဆောင်ရွက်ရာနေရာ စသည့်အချက်များကို ဖော်ပြရမည်။

(ခ) အရက်ကို အကောက်ခွန်ဦးစီးဌာန၏ သိုလှောင်ရုံ (Customs Warehouse) မှ ပြောင်းရွှေ့ခြင်းမပြုမီ ပြည်တွင်းအခွန်များဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ၂၁ ရက် အတွင်း သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ အရက်ပုလင်းတွင် အခွန် အမှတ်တံဆိပ် ( Tax Paid ) ကပ်နှိပ်ပြီးဖြန့်ဖြူးရမည်။

(ဂ) ကုန်ဝင်၊ ကုန်ထွက်၊ ကုန်လက်ကျန်စာရင်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဌာနများ၏ စစ်ဆေးမှုကို ခံယူရမည်။

(ဃ) အရက်ကို သက်ဆိုင်ရာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခွင့်ပြုထားသော လိုင်စင်ရနေရာ သို့မဟုတ် သိုလှောင်ခွင့် လက်မှတ်ရနေရာတွင် ထားရှိရမည်။

**အခွန်အခပေးဆောင်ခြင်း**

၁၄။ အရက်တင်သွင်းခွင့်ရရှိသည့်ကုမ္ပဏီသည် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သတ်မှတ်ထားသည့် အခွန်အခပေးဆောင်ရမည်။

၁၅။ အရက်တင်သွင်းခွင့် လျှောက်ထားသည့် ကုမ္ပဏီသည် ယမကာတင်သွင်းခွင့်ဆိုင်ရာ မှတ်ပုံတင်ကြေး၊ မှတ်ပုံတင်သက်တမ်းတိုးကြေး၊ မှတ်ပုံတင်ပြင်ဆင်ကြေးနှင့် သွင်းကုန်လိုင်စင်ကြေး များကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက သတ်မှတ်သည့်အတိုင်း ပေးသွင်း ရမည်။

**ဖြန့်ဖြူးရောင်းချခြင်းနှင့် ဆိုင်ဖွင့်လှစ်ခြင်း**

၁၆။ အရက်တင်သွင်းခွင့်ရရှိသည့် ကုမ္ပဏီသည် အရက်သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းနှင့် ဆိုင်ဖွင့်လှစ်ခြင်းတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက် ရမည်။

**အခန်း(၅)**

**စစ်ဆေးခြင်းနှင့် အရေးယူခြင်း**

၁၇။ အရက်တင်သွင်းခွင့်ရရှိသည့်ကုမ္ပဏီသည် တင်သွင်းခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း ဆိုင်ရာ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ခြင်းရှိမရှိ သက်ဆိုင်ရာဝန်ကြီးဌာန၏ အခါအားလျော်စွာ စစ်ဆေးခြင်းကိုခံယူရမည်။

၁၈။ အရက်တင်သွင်းခွင့်ရရှိသည့်ကုမ္ပဏီသည် ဤလုပ်ထုံးလုပ်နည်းများပါ သတ်မှတ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက ယမကာတင်သွင်းခွင့်အား ရပ်ဆိုင်းခြင်း သို့မဟုတ် ယမကာတင်သွင်းခွင့် မှတ်ပုံတင်အား ပယ်ဖျက်ခြင်းခံရမည်။

**အခန်း ( ၆ )**

**အထွေထွေ**

၁၉။ အကောက်ခွန်လွတ်အရောင်းဆိုင် (Duty Free Shop) နှင့် ဟိုတယ်များတွင်အသုံးပြုရန် အရက်တင်သွင်းခြင်းအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သီးခြား သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်သွင်းခွင့်ပြုမည်ဖြစ်သည်။

၂၀။ နိုင်ငံခြားအရက်တင်သွင်းခွင့် စည်းကမ်းချက်များကို ပြောင်းလဲဖြစ်ပေါ်လာသည့် အခြေ အနေများနှင့်အညီ လိုအပ်သလို ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

( ပုံ )

ဒေါက်တာသန်းမြင့်
ပြည်ထောင်စုဝန်ကြီး

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ဝန်ကြီးရုံး

**အမိန့်ကြော်ငြာစာအမှတ် ၃၈ / ၂၀၂၀**
**၁၃၈၂ ခုနှစ် ၊ နယုန်လဆန်း ၄ ရက်**
**၂၀၂၀ ပြည့်နှစ် ၊ မေလ ၂၅ ရက်**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေ ပုဒ်မ ၁၃ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက် သည်။

**ပြည်ပမှ တင်သွင်းခွင့်မပြုသည့် ကုန်ပစ္စည်းများအား ပြင်ဆင်သတ်မှတ်သည့်အမိန့်**

၁။ ပို့ကုန်သွင်းကုန်ဥပဒေအရ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအား ပြည်ပမှ တင်သွင်းခွင့်မပြုသော ကုန်ပစ္စည်းများကို အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်လိုက်သည်-

(က) ဘီယာ

(ခ) စီးကရက်

(ဂ) တည်ဆဲဥပဒေအရ ကန့်သတ်၊ တားမြစ်ထားသည့် ကုန်ပစ္စည်းများ

၂။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၄-၂-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၈/၂၀၁၃ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

( ပုံ )

ဒေါက်တာသန်းမြင့်
ပြည်ထောင်စုဝန်ကြီး

---

# ဈေးပြန်ကောင်းလာသည့် ရှမ်းအစေ့ထုတ်ပြောင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)မှာတော့ ၂၀၁၉/၂၀၂၀ခုနှစ်ထွက် မိုးအစေ့ထုတ်ပြောင်း များပေါ်ခါစက တစ်ပိဿာကို ငွေကျပ် ၂၂၀မှ ၂၅၀ရှိခဲ့ပေမယ်လို့ မေလဆန်းမှာတော့ ပြောင်း ဈေး တဖြည်းဖြည်း ဈေးပြန်ကောင်းလာခဲ့ရာမှ ယခုဇွန်လဆန်းမှာတော့ ငွေကျပ် ၄၇၀မှ ၄၉၀ ထိ ရှိလာခဲ့ပါတယ်။

ပြောင်းစိုက်တောင်သူတွေရဲ့ လက်ထဲမှာတော့ ပြောင်းဖူးစေ့လက်ကျန် မရှိသလောက် နည်းသွားပြီး ကုန်သည်တွေရဲ့လက်ထဲမှာတော့ စုစုပေါင်း ပြောင်းဖူးစေ့ပိုလျှံမှုရဲ့ လေးပုံတစ်ပုံ လောက်တော့ ကျန်ရှိနေပါသေးတယ်။ ယခင်နှစ်ကာလတူနဲ့ ပြောင်းဈေးနှုန်းကို နှိုင်းယှဉ်မယ် ဆိုရင်တော့ ယခင်နှစ်က ပြောင်းတစ်ပိဿာ ငွေကျပ် ၃၅၀ မှ ၃၆၀ ထိသာရှိခဲ့ပါတယ်။ ပြောင်း ပေါ်ခါစတုန်းက ဒေသတွင်း အခြောက်ခံစက်ရုံများ၊ တောင်လေးလုံးရှိမြနဒီပြောင်းအခြောက်ခံ စက်ရုံ၊ အေးသာယာမြို့ရှိ CP အခြောက်ခံစက်ရုံများမှာ CP ကုမ္ပဏီနှင့် တက်ချောင် အစာစပ် စက်ရုံများမှ ပြောင်းဖူးစေ့တွေကို မန္တလေးမြို့နှင့် ရန်ကုန်မြို့တို့ရှိ အစာစပ်စက်ရုံများ၊ ဒေသတွင်း ရှိ မွေးမြူရေးလုပ်ငန်းများမှ ပြောင်းဖူးစေ့ကို ဝယ်ယူကြပါတယ်။

ပြည်ပတင်ပို့မှုအနေဖြင့် မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ Quota စနစ်ဖြင့် ရောင်းချခဲ့ကြပြီး ကရင်ပြည်နယ် မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းနှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ်(မယ်ယန်း) ကုန်သွယ်ရေးစခန်းများမှ ထိုင်းနိုင်ငံသို့ လည်း ကောင်း၊ ပင်လယ်ရေကြောင်းမှလည်း ပြည်ပနိုင်ငံများသို့ တင်ပို့ခဲ့တယ်လို့ ပြောင်းဈေးကွက်က တစ်ဆင့် သိရပါတယ်။

**စောမောင်(တောင်ကြီး)**

---

# မကွေးကုန်စည်ဒိုင်တွင် နှမ်းဈေးနှုန်းများ သိသိသာသာကျဆင်း

မကွေးတိုင်းဒေသကြီးအတွင်း ယခုတစ်ပတ် အတွင်း နှမ်းမျိုးစုံ ဝင်ရောက် အရောင်းအဝယ်ဖြစ် လျက်ရှိသည်။ မိုးနှမ်းများ အရည်အသွေးနှင့် ဝယ်လိုအားကြောင့် နှမ်းဈေးများ သိသိသာသာ ကျဆင်းသွားသည်။ ယခုတစ်ပတ် ဇွန် ၃ ရက် မကွေးကုန်စည်ဒိုင်တွင် နှမ်းနက်(စမုံ)မကွေး ၄၅ ပိဿာသုံးတင်းဝင် တစ်အိတ်လျှင် ၁၅၀၀၀၀ ကျပ်၊ နှမ်းဝါနက်/ရိုးရိုး ၄၅ ပိဿာ သုံးတင်းဝင် တစ် အိတ်လျှင် ကျပ် ၁၄၀၀၀၀၊နှမ်းဖြူ ၄၅ ပိဿာ သုံး တင်းဝင် တစ်အိတ်လျှင် ထိပ်စ ကျပ် ၁၂၀၀၀၀၊ နှမ်းဖြူ ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် အောက်စ ကျပ် ၁၁၈၀၀၀၊ နှမ်းဖြူရေသွင်း ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ထိပ်စ ကျပ် ၁၁၆၀၀၀၊ နှမ်းဖြူရေသွင်း ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် အောက်စ ကျပ် ၁၁၄၀၀၀၊ နှမ်းနီ ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၁၁၆၀၀၀၊ နှမ်းညိုကျား ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၁၁၅၀၀၀ ဈေးတို့ဖြင့် အရောင်း အဝယ်ဖြစ်လျက်ရှိသည်။

ယခင်တစ်ပတ် မေ ၂၇ ရက် မကွေးကုန် စည်ဒိုင်တွင် နှမ်းနက်(စမုံ)မကွေး ၄၅ ပိဿာ သုံး တင်းဝင် တစ်အိတ်လျှင် ကျပ် ၁၉၅၀၀၀၊ နှမ်း ဝါနက်/ရိုးရိုး ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ် လျှင် ကျပ် ၁၄၅၀၀၀၊နှမ်းဖြူ ၄၅ ပိဿာ သုံးတင်း ဝင် တစ်အိတ်လျှင် ထိပ်စ ကျပ် ၁၃၁၀၀၀၊ နှမ်းဖြူ ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် အောက်စ ကျပ် ၁၂၉၀၀၀၊ နှမ်းဖြူရေသွင်း ၄၅ ပိဿာ သုံး တင်းဝင် တစ်အိတ်လျှင် ထိပ်စ ကျပ် ၁၂၇၀၀၀၊ နှမ်းဖြူရေသွင်း ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ် လျှင် အောက်စ ကျပ် ၁၂၄၀၀၀၊ နှမ်းနီ ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၁၂၄၀၀၀၊ နှမ်း ညိုကြား ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၁၁၈၀၀၀ ဈေးတို့ဖြင့် အရောင်းအဝယ် ဖြစ် ခဲ့သည်။

ကာလတူနှိုင်းယှဉ်ပါက နှမ်းများ အရည် အသွေးနှင့် ဝယ်လိုအားကြောင့် နှမ်းဈေးများ ကျဆင်းသွားသည်။ နှမ်းနက်(စမုံ)မကွေး ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၄၅၀၀၀၊ နှမ်းဝါနက်/ရိုးရိုး ၄၅ ပိဿာ သုံးတင်းဝင် တစ် အိတ်လျှင် ကျပ် ၅၀၀၀၊ နှမ်းဖြူ ၄၅ ပိဿာ သုံး တင်းဝင် တစ်အိတ်လျှင် ထိပ်စ ကျပ် ၁၁၀၀၀ ၊ နှမ်းဖြူ ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် အောက်စ ကျပ် ၁၁၀၀၀၊ နှမ်းဖြူ ရေသွင်း ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ထိပ်စ ကျပ် ၁၁၀၀၀၊ နှမ်းဖြူရေသွင်း ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် အောက်စ ကျပ် ၁၀၀၀၀၊ နှမ်းနီ ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၈၀၀၀၊ နှမ်းညိုကျား ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ် လျှင် ကျပ် ၃၀၀၀ စီ ဈေးကျဆင်းကာ အရောင်း အဝယ်ဖြစ်ခဲ့သည်။

**လှမိုးခိုင်(ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန)**

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၂၀ ပြည့်နှစ် ဇွန် ၁ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၃၀ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၄၇ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် Cape Verde နိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းထက် ၁၁ ဒသမ ၇၀ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။

ယခုတစ်ပတ်အတွင်း အင်ဒိုနီးရှား၊ လာအို၊ တရုတ်၊ ဟောင်ကောင်၊ အိန္ဒိယ၊ နီပေါ၊ ဘူတန်၊ ကာတာ၊ ယူအေအီး၊ အာဖဂန်နစ္စတန်၊ ဘီနင်၊ ကိုလံဘီယာ၊ ဒိန်းမတ်၊ အီဂျစ်၊ မိုနာကိုနှင့် တူရကီ စသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၆၀ နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်း တည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ဖိလစ်ပိုင်၊ ထိုင်း၊ စင်ကာပူ၊ ပါကစ္စတန်၊ ရုရှား၊ ပြင်သစ်၊ အာဂျင်တီးနား၊ ဆွီဒင်နှင့် ဆွစ်ဇာလန် စသည့် နိုင်ငံ ပေါင်း ၂၃ နိုင်ငံရှိ၍ ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၁၆ ဒသမ ၃၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၀ ပြည့်နှစ် ဇွန် ၁ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ကမ္ဘောဒီးယားနိုင်ငံတွင် ၈ ဒသမ ၅၀ ရာခိုင်နှုန်း၊ ဗီယက်နမ်နိုင်ငံတွင် ၇ ဒသမ ၃၀ ရာခိုင်နှုန်း၊ မလေးရှားနိုင်ငံတွင် ၃ ဒသမ ၆၀ ရာခိုင်နှုန်းနှင့် မြန်မာနိုင်ငံတွင် ၁ ဒသမ ၆၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ကာ ဖိလစ်ပိုင်နိုင်ငံတွင် သုည ဒသမ ၅၀ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံတွင် ၁ ဒသမ ၁၀ ရာခိုင်နှုန်းနှင့် စင်ကာပူနိုင်ငံတွင် ၁ ဒသမ ၅၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိတည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရ သည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၂၀ ပြည့်နှစ် ဇွန် ၁ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၃၀ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၄၃ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် လက်ဘနွန်နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၁၈ ဒသမ ၄၀ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း အင်ဒိုနီးရှား၊ လာအို၊ ဘူတန်၊ တရုတ်၊ နီပေါ၊ ကာတာ၊ အာဖဂန်နစ္စတန်၊ အာဂျင်တီးနား၊ ဘီနင်၊ မိုနာကို၊ ယူကရိန်း၊ ယူကေနှင့် ဇင်ဘာဘွေ စသည့်နိုင်ငံများ အပါအဝင် ၆၀ နိုင်ငံတွင် ယခင်တစ်ပတ်များအတိုင်း ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ဒီဇယ် ဈေးနှုန်းတည်ငြိမ်လျက်ရှိခဲ့ကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ဖိလစ်ပိုင်၊ ထိုင်း၊ စင်ကာပူ၊ စပိန်၊ အမေရိကန်၊ ချီလီ၊ ပြင်သစ်၊ နော်ဝေး၊ အိုင်ယာလန်၊ ဆွစ်ဇာလန်နှင့် ဆွီဒင်စသည့်နိုင်ငံပေါင်း ၂၇ နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်း မှ ၁၆ ဒသမ ၂၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၀ ပြည့်နှစ် ဇွန် ၁ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဗီယက်နမ်နိုင်ငံတွင် ၉ ရာခိုင်နှုန်း၊ ကမ္ဘောဒီးယားနိုင်ငံတွင် ၈ ဒသမ ၇၀ ရာခိုင်နှုန်း၊ မလေးရှားနိုင်ငံတွင် ၆ ဒသမ ၆၀ ရာခိုင်နှုန်းနှင့် မြန်မာနိုင်ငံတွင် ၁ ဒသမ ၈၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံတွင် သုည ဒသမ ၇၀ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံတွင် ၁ ဒသမ ၅၀ ရာခိုင်နှုန်းနှင့် စင်ကာပူနိုင်ငံတွင် ၂ ဒသမ ၃၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။ အာဆီယံ နိုင်ငံများ၏ ၂၀၂၀ ပြည့်နှစ် ဇွန် ၁ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ်တစ်လီတာဈေးနှုန်းများကို အောက်ပါအတိုင်း ဖော်ပြအပ်သည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၄၆ | ၀.၄၁ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၆၃ | ၀.၆၈ |
| ၃ | ထိုင်း | လီတာ | ၀.၈၇ | ၀.၆၄ |

## ဆန် ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၂၀ ပြည့်နှစ် ဇွန် ၁ ရက်တွင် International Rice Market Website ၌ဖော်ပြချက်အရ ပါကစ္စတန်ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၅၃ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၁ ဖြင့် လည်းကောင်း ဖြစ်ပေါ်ခဲ့သည်ကို သိရှိရသည်။ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀% ဘီဂရိတ်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၉၈ ဖြင့် လည်းကောင်း၊ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၈၈ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၆၅ ဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၈၀ ဒေါ်လာဖြင့်လည်းကောင်း အသီးသီးဖြစ်ပေါ်ခဲ့သည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၅၂ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၂၃ ဖြင့် လည်းကောင်း ရှိခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၀ ဖြင့် လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၃ ဖြင့်လည်းကောင်း အသီးသီးဖြစ်ပေါ်ခဲ့သည်။

ဆန်ဈေးကွက်နှင့်ပတ်သက်သည့် ပြည်ပသတင်းများအနေဖြင့် အိန္ဒိယဆန်ဈေးသည် ရူပီးငွေအားပျော့လာခြင်းနှင့် အိန္ဒိယဆန်ဈေးမှာ အခြားနိုင်ငံများထက် ဈေးသက်သာခြင်း တို့ကြောင့် ပြီးခဲ့သည့်သီတင်းပတ်များအတွင်း အိန္ဒိယဆန်ဝယ်လိုအားမြင့်တက်လာခဲ့သည်။ ထိုကဲ့သို့ အိန္ဒိယဆန်အပေါ် ဝယ်လိုအားမြင့်တက်လာခဲ့ခြင်းကြောင့် ဆန်ဈေးများသည် တစ်နှစ်ကျော်အတွင်း အမြင့်ဆုံးဈေးသို့ ရောက်ရှိလာခဲ့သည်ကို တွေ့ရှိရသည်။ အိန္ဒိယဆန်ဈေး မြင့်တက်လာခြင်းကြောင့် ဝယ်လိုအားမှာ တန့်လာခဲ့ကြောင်း မွမ်ဘိုင်းမြို့အခြေစိုက်ပို့ကုန်လုပ်ငန်းရှင်တစ်ဦးကပြောကြားခဲ့သည်။ ထို့ကြောင့် ယခုတစ်ပတ်တွင် အိန္ဒိယဆန်ဈေးများ ပြန်လည်ကျဆင်းလာပြီး အိန္ဒိယနိုင်ငံ၏ ငါးမှတ်ပေါင်းဆန်ဈေးသည် ၂၀၁၉ ခုနှစ် ဧပြီလနောက်ပိုင်းမှစ၍ ၂၀၂၀ ပြည့်နှစ် မေလ လယ်အထိ အမြင့်ဆုံးအဖြစ် တစ်တန်လျှင် ၃၈၅- ၃၈၉ ဒေါ်လာတွင် ရပ်တည်ခဲ့ ရာမှ ပြန်လည်ကျဆင်းလာခဲ့ပြီး ယခုတစ်ပတ်တွင် တစ်တန်လျှင် ၃၇၀-၃၇၅ ဒေါ်လာသို့ လျော့ကျလာခဲ့သည်ကို တွေ့ရှိရသည်။

ဗီယက်နမ်နိုင်ငံတွင် ဆန်ဝယ်လက်များက COVID-19 ကပ်ရောဂါကာလအတွင်း ဆန်ရိက္ခာဖြည့်တင်းလာကြသဖြင့် ဗီယက်နမ်ဆန်ဈေးကို နှစ်နှစ်နီးပါးအတွင်း အမြင့်ဆုံးဈေး၌ ဆက်လက် ရပ်တည်စေနိုင်ခဲ့သည်ကို တွေ့ရှိရသည်။ ဗီယက်နမ်တွင် ငါးမှတ်ဆန်ဈေးများသည် ယခင်တစ်ပတ်ကအတိုင်း အပြောင်းအလဲမရှိဘဲ တစ်တန်လျှင် ဒေါ်လာ ၄၅၀-၄၆၀တွင် ရပ်တည်ခဲ့ပြီး လာမည့်သီတင်းပတ်များအတွင်း ထပ်မံမြင့်တက်လာဖွယ်ရှိကြောင်း ကုန်သည်များက ပြောကြားခဲ့သည်ကို သိရှိရသည်။ ကျူးဘား၊ မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ ဆန်ဝယ်လိုအားမြင့်တက်လာခဲ့သည်ကိုတွေ့ရှိရပြီး ယင်းနိုင်ငံများအနေဖြင့် ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါကာလကြာရှည်မည်ကို စိုးရိမ်မှုများကြောင့် ဆန်သိုလှောင်လာကြသည်ကို တွေ့ရှိရသည်။

ထိုင်းငါးမှတ်ဆန်ဈေးသည် တစ်တန်လျှင် ၄၈၀-၅၀၅ ဒေါ်လာကြားရှိခဲ့ရာမှ ယခုတစ်ပတ်တွင် တစ်တန်လျှင် ၄၈၈-၄၉၀ ဒေါ်လာတွင် ရပ်တည်ခဲ့ပြီး ဝယ်လက်များက ဈေးပိုသက်သာသော အိန္ဒိယနှင့်ဗီယက်နမ်ဆန်များကို ရွေးချယ်ဝယ်ယူလျက်ရှိကြောင်း ကုန်သည်များထံမှ သိရှိရသည်။ အရောင်းအဝယ်ဖြစ်နေသော်လည်း ထိုင်းဆန်ဈေးကြီးမြင့်နေခြင်းကြောင့် စာချုပ် ကြီးကြီးမားမား မချုပ်နိုင်သေးကြောင်း ဗန်ကောက်မြို့အခြေစိုက်ကုန်သည်တစ်ဦးထံမှ သိရှိရသည်။ ယခုလတွင် ထိုင်းစပါးစိုက် ဧရိယာများတွင် မိုးရေရရှိခဲ့သဖြင့် ဆယ်စုနှစ်များစွာအတွင်း အဆိုး ဆုံးမိုးခေါင်မှုကြောင့် ဖြစ်ပေါ်နေသော ဆန်ရောင်းလိုအားအပေါ် စိုးရိမ်မှုများ ပြေလျော့ခဲ့သည်ကို သိရှိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အဓိကစပါးရာသီဖြစ်သော နွေစပါးစိုက်ဧရိယာသည် သုံးနှစ်တာ ကာလအတွင်းအနိမ့်ဆုံးကျဆင်းခဲ့၍ ယခုရာသီတွင် စပါးအထွက်မျှော်မှန်းချက် တန်ချိန် ၂၀ ဒသမ ၀၄ သန်းကို ပြည့်မီဖွယ်မရှိကြောင်း သိရှိရသည်။ နွေစပါးစိုက်ဧရိယာသည် ယခင်နှစ်က ဟက်တာ ၄ ဒသမ ၉ သန်း ရှိခဲ့ရာမှ ယခုရာသီတွင် ဟက်တာ ၄ ဒသမ ၇၅ သန်းသို့ လျော့ကျလာကြောင်း ဘင်္ဂလားဒေ့ရှ် စိုက်ပျိုးရေးဝန်ကြီးဌာန တိုးချဲ့ပညာပေးဌာန၏ စာရင်းများအရ သိရှိရသည်။

ဆန်ဈေးကွက်နှင့်ပတ်သက်သည့် ပြည်တွင်းသတင်းများအနေဖြင့် ပြည်တွင်းရှိ ဆန်တင်ပို့သည့် ကုမ္ပဏီများမှာ ပြည်ပနိုင်ငံများသို့ ဆန်တင်ပို့ရာတွင် ပိုမိုမြန်ဆန်စေမှုရှိစေရန် နိုင်ငံတော်အရန်ဆန်ကောက်ခံမှု လုပ်ထုံးလုပ်နည်းများကိုဖြေလျှော့ပေးလျက်ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနမှ သိရှိရသည်။ နိုင်ငံတော်၏ အရန်ဆန်ဝယ်ယူ၊ စစ်ဆေး၊ လက်ခံ၊ သိုလှောင်ခြင်းလုပ်ငန်းများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့ကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်(MITS) နှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့က ဧပြီ ၃၀ ရက်မှစတင်ဆောင်ရွက်ခဲ့ပြီး ဇွန် ၁ ရက်အထိ သိုလှောင်ရုံ ခုနစ်ရုံခုတွင် ဆန်တန်ချိန် ၃၀၀၀၀ ခန့်ကို ပြည်ပသို့ ဆန်တင်ပို့မည့် ကုမ္ပဏီ ၈၀ ကျော်ထံမှ ဝယ်ယူထားပြီးဖြစ်ကြောင်း သိရှိရသည်။

မေလအတွက်ရရှိသော ဆန်ခွဲတမ်းများမှစ၍ တင်ပို့သည့် ဆန်တန်ချိန်၏ ၁၀ ရာခိုင်နှုန်းကို နိုင်ငံတော်အရန်ဆန်သို့ ပေးသွင်းရန် မူဝါဒချမှတ်ခဲ့ပါသည်။ ဥပမာ- ပြည်ပသို့ ဆန်တန်ချိန် ၁၀၀ တင်ပို့လျှင် နိုင်ငံတော်အရန်ဆန်အတွက် ၁၀ တန်အပ်ရမည်ဖြစ်ပြီးယခုအခါတွင်ဆန်တန်ချိန် ၁၀၀ တင်ပို့လျှင် ငါးတန်ကိုသာ အရင်အပ်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော် အရန်ဆန်အဖြစ် ငါးတန် အရင်အပ်ပြီးလျှင် ဆန်တန်ချိန်၁၀၀ အတွက် လိုင်စင်ထုတ်ပေးမည်ဖြစ်ကာ နောက် ထပ် ၅ တန်ကို တန် ၁၀၀ လုံးတင်ပို့မပြီးခင်အချိန်တွင် ၁၀ တန် ပြည့်အောင် ထပ်မံအပ်ပေးရမည်ဖြစ်ကြောင်း သိရှိရသည်။ ယခင်က ၁၀ တန် အပြည့်အပ်ပြီးမှသာ တန် ၁၀၀ လိုင်စင်ထုတ်ပေးခြင်းဖြစ်ကြောင်း၊ ယခုအခါ လုပ်ထုံးလုပ်နည်းဖြေလျှော့ပေးလိုက်ခြင်းဖြစ်ကြောင်းသိရှိရသည်။

COVID -19 ကပ်ရောဂါကြုံတွေ့နေရချိန်တွင် ပြည်တွင်းဈေး နှုန်းတည်ငြိမ်ရေး၊ ရိက္ခာဖူလုံမှုရှိစေရေးအတွက် နိုင်ငံတော်အရန်ဆန်နှင့် စားသုံးဆီကို ငွေကျပ် ၃၈ဘီလီယံဖိုး ဝယ်ယူသိုလှောင်နေ ခြင်းဖြစ်ပြီး ဆန်လုပ်ငန်းရှင်များပို့ကုန်လိုင်စင်လျှောက်ထားသည့်အခါ စုစုပေါင်းပမာဏ၏ ၁၀ ရာခိုင်နှုန်းအား ရောင်းချစေသောနည်းလမ်းဖြင့် ဝယ်ယူခြင်းဖြစ်ကြောင်း သိရှိရသည်။ ပင်လယ်ရေကြောင်းမှ တင်ပို့သူများမှာ ရန်ကုန်မြို့၌ လည်းကောင်း၊ နယ်စပ် ဒေသများမှ တင်ပို့သူများမှာ မန္တလေးမြို့၌လည်းကောင်း အစိုးရထံဆန်ပေးသွင်းရခြင်းဖြစ် ကြောင်း သိရှိရသည်။အစိုးရက အရန်ဆန်တန်ချိန် ၅၀၀၀၀ ဝယ်ယူရန်လျာထားခြင်းဖြစ်ပြီး အဆိုပါဆန် တန်ချိန် ၅၀၀၀၀ ကို ဧပြီ၂၇ ရက်မှစတင်၍ဝယ်ယူနေခြင်းဖြစ်ပြီး လိုအပ်သည့်ငွေကြေးကို နိုင်ငံတော်သမ္မတ၏ အရေးပေါ်ရန်ပုံငွေမှ ထုတ်ယူသုံးစွဲခြင်းဖြစ်ကြောင်းသိရှိရသည်။

စာမျက်နှာ ၁၇ သို့

# သဇင်မြေ ကုန်သွယ်မှုဗဟိုဌာန၏ ကုန်သွယ်မှုအခြေအနေ

မေ ၂၃ရက်မှ ၂၉ရက်အထိ ရခိုင်ပြည်နယ် စစ်တွေမြို့ ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကြက်သွန်နီ တန် ၄၀ တင်ပို့ခဲ့သည်။ ယခင်တစ်ပတ်က ကြက်သွန်နီ ၅၈ တန်တင်ပို့ခဲ့ပြီး ယခုတစ်ပတ်တွင် ကြက်သွန်နီတင်ပို့နိုင်မှု လျော့နည်းသွားသည်။ ယခုတစ်ပတ် ကြက်သွန်နီတင်ပို့နိုင်မှု ငွေပမာဏမှာ ၁၀၃၀၀ ဒေါ်လာတင်ပို့မှုရှိခဲ့သည်။

မေ ၂၃ ရက်မှ ၂၉ ရက်အထိ ရခိုင်ပြည်နယ် စစ်တွေမြို့ ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ချင်း(အစို) တန် ၃၀ တင်ပို့ခဲ့သည်။ ယခင်တစ်ပတ်က ချင်း (အစို) ၁၂ တန် တင်ပို့ခဲ့ပြီး ယခုတစ်ပတ်တွင် ချင်း (အစို) ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ ချင်း (အစို) တင်ပို့နိုင်မှုငွေ ပမာဏမှာ ၂၂၈၀၀ ဒေါ်လာရှိခဲ့သည်။

စစ်တွေကုန်သွယ်ရေးစခန်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မေ ၂၃ ရက်မှ ၂၉ ရက်အထိ အမှန်တင်ပို့ကုန်ပစ္စည်းများအနေဖြင့် ဆီးဖတ်၊ မန်ကျည်းစေ့၊ ချင်းအစို၊ ငါးစုံလေးခြောက်၊ ကြက်သွန်နီ၊ ဆီးယိုထုပ်၊ ကွမ်းသီး၊ ကုလားပဲ၊ မန်ကျည်းဖတ်၊ ငရုတ်သီးခြောက် (အညှာပါ)၊ ငါးနီတူခြောက်နှင့် ငါးမြစ်ချင်းတို့တင်ပို့ရာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၉၉၆၆၃ ဒေါ်လာတင်ပို့ခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်ပစ္စည်းများအနေဖြင့် Woven Fabirc T-SHIRT နှင့် လူသားဆံပင်တို့ တင်သွင်းခဲ့ရာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၆၅၂၅ ဒေါ်လာ တင်သွင်းနိုင်ခဲ့ကြောင်း သိရသည်။

**နီလာ(သဇင်မြေကုန်သွယ်မှုဗဟိုဌာန)**

## စာမျက်နှာ (၁၅) သကြား ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

စာမျက်နှာ (၁၅) ... မှအဆက်

လာမည့်ဘဏ္ဍာနှစ်တွင် ကြံစိုက်ပျိုးမှုမှာ ခုနစ်နှစ်တာကာလအတွင်း စံချိန်တင် လျော့ကျလာမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ သကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးက ပြောကြားခဲ့သည်ကို သိရှိရပါသည်။

သကြားကို ပြည်ပသို့ တင်ပို့ရာတွင် တရုတ်ဈေးကွက်တစ်ခုသာရှိပြီးလွန်ခဲ့သည့် ၂နှစ်မှစ၍ တရုတ်ဈေးကွက်မရှိတော့၍သကြားတင်ပို့မှုရပ်လိုက်ရခြင်း၊ အခြားနိုင်ငံများသို့လည်း တင်ပို့နိုင်မှုမရှိသည့်အတွက် ပြည်တွင်းဈေးကွက်တွင် အရောင်းအဝယ်မဖြစ်ခြင်းကြောင့်မြန်မာနိုင်ငံ၏ပြည်တွင်း၊ ပြည်ပ သကြားဈေးကွက်ပျောက်လာသည့် အခြေအနေနှင့်ရင်ဆိုင်နေရကြောင်း သိရှိရသည်။ ပြည်တွင်းဈေးကွက်တွင် ဝယ်လိုအားနည်းနေပြီး သကြားဈေးကွက် မရှိသည့်အတွက် ဈေးကျဆင်းလာသည့်အပြင် ရောင်းလိုအား များနေခြင်းကြောင့် ဈေးကွက်လု၍ ရောင်းနေကြရသည့်အနေအထား ဖြစ်ပေါ်နေကြောင်း သိရှိရပါသည်။

ပြည်ပသို့ သကြားတင်ပို့မှုတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်များတွင် re-export စနစ်ဖြင့် ထိုင်းနိုင်ငံမှ သကြားတင်သွင်း၍ တရုတ်နိုင်ငံသို့ ပြန်လည်တင်ပို့မှုသည် နှစ်စဉ် သကြားတန်ချိန်သိန်းနှင့်ချီ၍ တင်ပို့နိုင်ခဲ့သော်လည်း ယခုအခါတင်ပို့နိုင်ခြင်းမရှိတော့သကဲ့သို့ အခြားနိုင်ငံဈေးကွက်များသည် သန့်စင်ထားသော သကြား (refine sugar) များကိုသာ ဝယ်ယူလိုကြပြီး ပြည်တွင်းစက်ရုံများသည် ယခင်ကတည်းက တည်ထောင်ထားသော စက်ရုံများဖြစ်ရာ fine-sugar အနေဖြင့်သာ ထုတ်လုပ်နိုင်၍ပြည်ပသို့ တင်ပို့နိုင်ခြင်းမရှိဘဲ ပြည်တွင်းစားသုံးမှုအတွက်သာ သုံးစွဲနေကြခြင်းဖြစ်သည်။

ပြည်တွင်းရှိ သကြားစက်ရုံ ၂၉ ရုံအနက် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းရှိ သကြားစက်ရုံနှင့်ထိုင်းနိုင်ငံမှ လာရောက် ရင်းနှီးမြှုပ်နှံထားသည့် စက်ရုံနှစ်ရုံသာ refine sugar သကြားကို ထုတ်လုပ်ခြင်းဖြစ်၍ ထုတ်လုပ်မှုနည်းသည့် အနေအထားဖြစ်ကြောင်း သိရှိရသည်။ အဆိုပါ အခြေအနေများကြောင့် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စာရင်းများအရ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ လက်ရှိ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အထိ ကြံစိုက်ဧကသည် လေးသိန်းမှ လေးသိန်းခွဲဝန်းကျင်စိုက်ပျိုးခဲ့ကြပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် ကြံစိုက်ဧကလျာထားချက်အရ သုံးသိန်းခွဲကျော်သာရှိသည့်အတွက် ခုနစ်နှစ်တာအတွင်း စံချိန်တင်လျော့ကျလာသည်ကို တွေ့ရှိ ရသည်။

ယခုကဲ့သို့ အခြေအနေမျိုးတွင် ကြံစိုက်တောင်သူများအနေဖြင့် တွက်ခြေမကိုက်သည့်အတွက် စိုက်ပျိုးမှုလျော့ကျသွားနိုင်ပြီး သကြားစက်ရုံများတွင် ကုန်ကြမ်းမရှိလျှင် ရေရှည်ရပ်တည်၍ မရနိုင်တော့ဘဲ လည်ပတ်မှု ရပ်တန့်သွားမည်ဖြစ်ကြောင်း၊ ပြည်တွင်းပြည်ပ သကြားဈေးကွက်ပြန်လည်ရရှိရန်နှင့် ဈေးကွက်သစ်များ ရရှိရန်အတွက် စက်ရုံပိုင်းမှ ပြင်ဆင်မှုများလုပ်ဆောင်ရန် လိုအပ်သကဲ့သို့ ကြံစိုက်ပျိုးမှုကို မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်နိုင်ရန်နှင့် အစိုးရပိုင်းမှ ပြည်ပဈေးကွက် ရရှိစေရန် ဆောင်ရွက်ပေးခြင်း၊ မူဝါဒအချို့ဖြေလျှော့ပေးခြင်း၊ မူဝါဒပြောင်းလဲခြင်းများ လုပ်ဆောင်ရန်လည်း လိုအပ်ကြောင်း မြန်မာနိုင်ငံ သကြားနှင့်ကြံထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးက ပြောကြားခဲ့သည်ကို သိရှိရသည်။

မေလကုန်နှင့် ဇွန်လဆန်းပိုင်းအတွင်း တရုတ်နိုင်ငံတွင်ဖြစ်ပေါ်နေသော သကြားဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၈၁၁ ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး အမေရိကန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၂၁၈ ဒေါ်လာ၊ ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၄၆၆-၅၃၄၊ အိန္ဒိယနိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၄၄၄-၅၇၀ ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက တရုတ်နှင့် ပါကစ္စတန်နိုင်ငံတို့တွင်သကြားဈေးနှုန်းများ မြင့်တက်ခဲ့ပြီး အိန္ဒိယနှင့် အမေရိကန်နိုင်ငံတို့တွင်သကြားဈေးနှုန်းများ ကျဆင်းခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

မေလကုန်နှင့် ဇွန်လဆန်းပိုင်းအတွင်း မြန်မာ-တရုတ်နယ်စပ်မူဆယ်ဒေသ၌ သကြားတစ်တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ ၃၆၉ ဒေါ်လာရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၈၁၁ ဒေါ်လာ ပေါက်ဈေးရှိသောကြောင့် တစ်တန်ပေါ်တွင် အမေရိကန်ဒေါ်လာ ၄၄၂ဒေါ်လာဈေးနှုန်းကွာဟချက်ရှိသည်။ မြန်မာ-ထိုင်း နယ်စပ်မြဝတီမြို့တွင် သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၄၁ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံမဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၆၇ ဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိရပါသည်။

ထို့ပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ဟားခါးမြို့တွင် သကြားတစ်ပိဿာလျှင် ၁၉၀၀ ကျပ်နှင့် ရန်ကုန်မြို့တွင် သကြားတစ်ပိဿာလျှင် ၁၈၀၀ ကျပ်ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး ဘားအံမြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၁၀၀ ဖြင့်အနည်းဆုံးဖြစ်ပေါ်နေကြောင်းတွေ့ရှိရသည်။

Trading Economics Website တွင်ဖော်ပြချက်အရ မေလကုန်နှင့် ဇွန်လဆန်းပိုင်းအတွင်း ကမ္ဘာ့သကြားဈေးနှုန်းများသည် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ၈ ဒသမ ၆၁ ရာခိုင်နှုန်းဈေးနှုန်းမြင့်တက်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

## စာမျက်နှာ (၁၄) ဆန်ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

စာမျက်နှာ (၁၄) ... မှအဆက်

ပိုးမွှားရောဂါကင်းစင်ကြောင်း ထောက်ခံချက်ပြဿနာကြောင့် တရုတ်နိုင်ငံအတွင်းပိတ်မိနေသော ဆန်များ မေလကုန်ပိုင်းမှစ၍ ပြန်လည်တင်ပို့ခွင့်ရနေပြီဖြစ်ကြောင်း မူဆယ် ၁၀၅ မိုင် ဆန် စပါးကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းက ပြောကြားခဲ့သည်ကို သိရှိရသည်။ တရုတ်နိုင်ငံ ကျယ်ဂေါင်မြို့တွင် နှစ်လခန့်ပိတ်မိနေသော ဆန်အိတ်ရေ ၁၂၀၀၀၀ မှ အိတ် ရေ ၆၀၀၀၀ ကို ရောင်းချနိုင်ခဲ့ကြောင်း၊ ဆန်များကို မြန်မာနိုင်ငံသို့ ပြန်လည် သယ်ယူခဲ့ပြီး မူဆယ်မြို့တွင် ပိုးမွှား ရောဂါကင်းစင်ကြောင်းစစ်ဆေးပြီး၍ ထောက်ခံချက်လက်မှတ်ဖြင့် တရုတ်နိုင်ငံသို့ ပြန်လည်တင်ပို့ရောင်းချခြင်းဖြစ်ကြောင်း သိရှိရသည်။

တရုတ်အစိုးရ၏နယ်စပ်ဒေသမှ ဆန်တင်သွင်းခွင့်မူဝါဒ အပြောင်းအလဲကြောင့် မြန်မာနိုင်ငံမှ တင်ပို့လိုက်သည့် ဆန်အိတ်ရေ ၁၂၀၀၀၀ သည် ပြီးခဲ့သည့် ဧပြီလက ကျယ်ဂေါင်တွင် ပိတ်မိနေခဲ့ခြင်းဖြစ်သည်။ မြန်မာ့ဆန်များတရုတ် နိုင်ငံအတွင်း ပိတ်မိနေခြင်းကို မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ကလည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ တင်ပြခဲ့သည့်အပြင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ စိုက်ပျိုးရေး၊ စီးပွားရေးသံမှူးများနှင့်လည်း ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ခဲ့သည်။ လက်ရှိတွင်အစိုးရ၏ ပိုးမွှားကင်းစင်ကြောင်း ထောက်ခံချက်ရရှိထားသော ဆန်အိတ်ရေ ၁၂၀၀၀ ဝန်းကျင်ကို နယ်စပ်မှ တရုတ်နိုင်ငံသို့ နေ့စဉ်တင်ပို့လျက်ရှိကြောင်း သိရှိရသည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ဇွန် ၄ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်း တစ်ယွမ်လျှင် ၁၉၈ ကျပ်နှုန်းရှိပြီး ဧည့်မထ ၂၅ မှတ်ဆန်တစ်အိတ်လျှင် ကျပ် ၂၄၃၅၄ မှ ၂၅၃၄၄ ကြား ပေါက်ဈေးရှိကြောင်း သိရှိရသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ဇွန် ၄ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၄၈ ကျပ်နှုန်း ပေါက်ဈေးရှိကြောင်း သိရှိရသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်မှ ရရှိသော အချက်အလက်များအရ အလေးချိန် ၁၀၈ ပေါင်ပါ ဆန်တစ်အိတ်၏ ဆန်ဈေးနှုန်းများကို လေ့လာရာတွင် မေ ၂၉ ရက်မှ ဇွန် ၄ ရက်အတွင်းဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်သည်။

တိုင်းဒေသကြီး/ပြည်နယ်များရှိမြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက ဟားခါးမြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၂၂၅၀၊ မုံရွာမြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင်ကျပ် ၂၁၀၀ နှင့် ကလေးမြို့တွင် ဧည့်မထ ဆန်တစ်ပြည်လျှင် ကျပ် ၁၈၀၀ ဖြင့် အမြင့်ဆုံးဈေးနှုန်းများဖြစ်ပေါ်ခဲ့ပြီး မော်လမြိုင်မြို့နှင့် မြိတ်မြို့တို့တွင် ကျပ် ၁၁၅၀၊ ပြည်၊ ဘားအံနှင့် ပဲခူးမြို့တို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၁၁၀၀၊ ပုသိမ်နှင့် စစ်တွေမြို့တွင် ကျပ် ၁၀၅၀၊ မန္တလေးမြို့တွင် ကျပ် ၁၀၀၀ တို့ ဖြင့် အနိမ့်ဆုံးဈေးနှုန်းများ ဖြစ်ခဲ့သည်ကို တွေ့ရှိရသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ၃၀ ဒသမ ၆၈ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း သိရှိရသည်။ ၂၀၂၀ ပြည့်နှစ် မေလနောက်ဆုံးပတ်အတွင်း နိုင်ငံတကာ ဆန်ဈေးနှုန်းများတွင် အတက်/အကျ ပြောင်းလဲမှုများရှိသကဲ့သို့မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်/အကျ ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

| စဉ် | အမျိုးအစား | ရာခိုင်နှုန်း | ဈေးနှုန်း | | | | |
|---|---|---|---|---|---|---|---|
| | | | ၂၉.၅.၂၀၂၀ | ၁.၆.၂၀၂၀ | ၂.၆.၂၀၂၀ | ၃.၆.၂၀၂၀ | ၄.၆.၂၀၂၀ |
| ၁ | ရက်(၉၀) | 90 (Raw) | ၂၄၀၀၀ | ၂၅၀၀၀ | ၂၅၀၀၀ | ၂၅၀၀၀ | ၂၅၀၀၀ |
| ၂ | ရက်(၉၀) | 80 (Raw) | ၂၃၅၀၀ | ၂၃၅၀၀ | ၂၃၅၀၀ | ၂၃၅၀၀ | ၂၄၀၀၀ |
| ၃ | သီးထပ် | 90 (Raw) | ၂၃၅၀၀ | ၂၃၅၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ |
| ၄ | သီးထပ် | 80 (Raw) | ၂၃၀၀၀ | ၂၃၀၀၀ | ၂၃၅၀၀ | ၂၃၅၀၀ | ၂၃၅၀၀ |
| ၅ | ရတနာတိုး | 85 (Raw) | ၂၂၈၀၀ | ၂၃၂၀၀ | ၂၃၂၀၀ | ၂၃၂၀၀ | ၂၃၂၀၀ |
| ၆ | ရတနာတိုး | 75(Raw) | ၂၂၀၀၀ | ၂၂၅၀၀ | ၂၂၅၀၀ | ၂၂၅၀၀ | ၂၃၀၀၀ |
| ၇ | ဧည့်မထ | 70(Raw) | ၂၁၈၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ |
| ၈ | ဧည့်မထ | 65(Raw) | ၂၀၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ |
| ၉ | ကရင်မ | 90(Raw) | ၂၃၃၀၀ | ၂၃၅၀၀ | ၂၃၅၀၀ | ၂၃၅၀၀ | ၂၄၀၀၀ |
| ၁၀ | ကရင်မ | 80(Raw) | ၂၃၀၀၀ | ၂၃၀၀၀ | ၂၃၀၀၀ | ၂၃၀၀၀ | ၂၃၅၀၀ |
| ၁၁ | ရာကျော် | 85 (Raw) | ၂၃၀၀၀ | ၂၃၀၀၀ | ၂၃၀၀၀ | ၂၃၀၀၀ | ၂၃၅၀၀ |
| ၁၂ | ရာကျော် | 65(Raw) | ၂၀၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၀၅၀၀ |





# စီးပွားရေး၊ ပညာရေး၊ လူမှုရေး ကဏ္ဍအသီးသီးတွင် အရေးပါလာသည့် မူပိုင်ခွင့်

ဒေါက်တာနှင်း

မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ ပထမအကြိမ်အစည်းအဝေးကို ဇွန် ၃ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စုပေါင်းခန်းမတွင် ကျင်းပခဲ့ရာ မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားခဲ့သည်။

ယင်းအစည်းအဝေးသို့ မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ အတွင်းရေးမှူး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ကော်မတီဝင်များဖြစ်ကြသည့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမင်းရဲပိုင်ဟိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗရတ်ဆင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ တခြားဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်ဟု သိရသည်။



နေပြည်တော်တွင် ကျင်းပခဲ့သည့် အဆိုပါ မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ ပထမအကြိမ် အစည်းအဝေးတွင် မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီဥက္ကဋ္ဌဖြစ်သူ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ယခုကျင်းပသည့် အစည်းအဝေးသည် မူပိုင်ခွင့်ဥပဒေများဖြစ်သည့် စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေ၊ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ၊ တီထွင်မှုမူပိုင်ခွင့်ဥပဒေနှင့် စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေတို့တွင် ပါရှိသည့် ပုဒ်မ၄(က)အရ ပြည်ထောင်စုအစိုးရအဖွဲ့က ၂၀၂၀ ပြည့်နှစ် မတ် ၆ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၈/၂၀၂၀) ဖြင့် ဖွဲ့စည်းလိုက်သည့် 'မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီ'၏ ပထမဆုံးအကြိမ်ကျင်းပသည့် အစည်းအဝေးဖြစ်ကြောင်း၊ ယနေ့အချိန်အခါတွင် နည်းပညာများနှင့်ယှဉ်ပြိုင်မှုများ တိုးတက်လာခြင်းနှင့်အတူ တစ်ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးလာသည့်အတွက်ကြောင့် မူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များသည် စီးပွားရေး၊ ပညာရေး၊ လူမှုရေး စသည့် ကဏ္ဍအသီးသီးတွင် ပိုမိုအရေးပါလာကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၁၉၉၆ ခုနှစ်တွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (World Trade Organization-WTO)၏ အဖွဲ့ဝင်၊ ၁၉၉၇ ခုနှစ်တွင် အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ (Association of South East Asian Nation-ASEAN)အဖွဲ့ဝင်နှင့် ၂၀၀၁ ခုနှစ်တွင် ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့ (World Intellectual Properties Organization, WIPO) အဖွဲ့ဝင်ဖြစ်ခဲ့ကြောင်း၊ ထို့ကြောင့် WTO ၏ ကုန်သွယ်မှုနှင့်ဆက်စပ်နေသော မူပိုင်ခွင့်ဆိုင်ရာသဘောတူစာချုပ် (Trade Related Aspect of Intellectual Property Rights - TRIPS Agreement)နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား တည်ဆောက်မည့် အာဆီယံမူပိုင်ခွင့်ဆိုင်ရာ (ASEAN Framework Agreement on Intellectual Property Cooperation) တို့ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်





ရွက်ရန် လိုအပ်သည့်အတွက် နိုင်ငံတကာစံနှုန်းနှင့် ကိုက်ညီသည့် မူပိုင်ခွင့်ဥပဒေများအား ရေးဆွဲခြင်းနှင့် အတည်ပြုရေးလုပ်ငန်းစဉ်များကို ပညာရေးဝန်ကြီးဌာန (သိပ္ပံနှင့် နည်းပညာ)က ဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် မူပိုင်ခွင့်ဥပဒေများကို အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်ခဲ့ရာ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃၀ရက်တွင် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေနှင့် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ၊ ၂၀၁၉ ခုနှစ် မတ် ၁၁ ရက်တွင် တီထွင်မှုမူပိုင်ခွင့်ဥပဒေ၊ ၂၀၁၉ ခုနှစ် မေ ၂၄ ရက်တွင် စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေတို့ကို နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးအတည်ပြု ပြဋ္ဌာန်းခဲ့ပြီးဖြစ်ကြောင်း၊ အတည်ပြုပြဋ္ဌာန်းပြီးသော မူပိုင်ခွင့်ဥပဒေများအရ ဥပဒေများကို အကောင်အထည်ဖော်ဆောင်ရွက်ရမည့် တာဝန်ခံဝန်ကြီးဌာနအဖြစ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို တာဝန်ပေးအပ်ထားကြောင်း၊ နိုင်ငံတော်တွင် မူပိုင်ခွင့်စနစ်တစ်ရပ် ထူထောင်ရာတွင် နိုင်ငံတကာစံချိန်စံညွှန်းနှင့်ကိုက်ညီရန် လိုအပ်သကဲ့သို့ မိမိနိုင်ငံ၏ လက်ရှိဖြစ်တည်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး စသည့် အခြေအနေများနှင့်လည်း လိုက်လျောညီထွေရှိသည့် စနစ်တစ်ခုဖြစ်သင့်ကြောင်း၊ နိုင်ငံတော်၏ မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီနှင့် အေဂျင်စီတို့တွင်လည်း မူပိုင်ခွင့်ဥပဒေများအရ ပညာရှင်များပါဝင်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် အစိုးရမဟုတ်သော အဖွဲ့အစည်းများအနေဖြင့်လည်း နိုင်ငံတော်၏ မူပိုင်ခွင့်စနစ်တည်ဆောက်ရေး လုပ်ငန်းများတွင် ပါဝင်ကူညီ အထောက်အပံ့များပေးရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မူပိုင်ခွင့်နှင့် စပ်လျဉ်းပြီး 'ရုပ်ဝတ္ထုအရ ပိုင်ဆိုင်ခွင့်များနည်းတူ လူတစ်ယောက် သို့မဟုတ် ပြည်သူတစ်ဦးတစ်ယောက်၏ အသိဉာဏ်နှင့် တီထွင်ဖန်တီးထားမှုများကို



လည်း အကာအကွယ်ပေးရမယ်'ဟု ဖော်ပြထားကြောင်း၊ ထို့ပြင် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများတွင် 'တီထွင်ဖန်တီးမှုစွမ်းရည်များနှင့် အဆင့်မြင့်နည်းပညာ တိုးတက်မှုများကို အားထုတ်ကြိုးပမ်း ဖြစ်ပေါ်စေနိုင်သည့် အသိဉာဏ်ပစ္စည်းပိုင်ဆိုင်မှုအတွက် အထောက်အပံ့ဖြစ်စေသော နည်းစနစ်များ၊ လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းဆောင်ရွက်ရန်'ဟု မူဝါဒတစ်ရပ်အနေဖြင့် ပါဝင်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အသိဉာဏ်ပစ္စည်းပိုင်ဆိုင်မှုများကို အကာအကွယ်ပေးမည့် မူပိုင်ခွင့် စနစ်တစ်ရပ်သည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် အထောက်အပံ့ကောင်းတစ်ရပ် ဖြစ်နိုင်မည်ကို နိုင်ငံတော်က ယုံကြည်လက်ခံထားကြောင်း၊ မြန်မာနိုင်ငံက အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် အာဆီယံဒေသအတွင်း ထုတ်လုပ်မှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်း မြှင့်တင်ရေး လုပ်ငန်းစီမံချက် (AEC) ကို အကောင်အထည်ဖော်ရာတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်စည်းစီးဆင်းမှုများ တိုးတက်စေရန်နှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်တို့ကို အထောက်အကူပြုနိုင်သည့် မူပိုင်ခွင့်ဥပဒေများနှင့် စပ်လျဉ်းပြီး အာဆီယံဒေသများအတွင်း လက်တွဲပူးပေါင်းဆောင်ရွက်မည့် ကဏ္ဍတစ်ရပ်ပါဝင်သည့်အတွက် မူပိုင်ခွင့်ဥပဒေများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်

စာမျက်နှာ ၂၀ သို့

ITI GROUP

**ITI LOGISTICS MYANMAR CO.,LTD**

**Ocean Freight / Air Freight**
Global Sea freight, Air freight Services
(Taiwan, China, Vietnam, USA, EU….)

**Warehousing Logistics**
Door-to-Door / Ocean-Land Combine transport / Warehousing / Distribution / Logistics / Customs Clearance Services

**CMP / MIC / Consolidation Service**

Add : Room No.(705), 7th Floor, Mahar Nawarat Condo, 50th Street (Lower Block), Botahtaung Township, Yangon, Myanmar.
Tel : +959-406200092 (Export , Import)
+959-406200091 (Import)
Ms.Iris : iris.yang-ygn@iti-international.com
Ms.Nana : nana.chang-ygn@iti-international.com
Website : http://www.itigroup.com.




DISTRIBUTED BY **DELTA INTERNATIONAL LIMITED**
151/A, Waizayandar Road, Thingangyun Township, Yangon, Myanmar
Tel : 01-856 2252, 856 2253, 573 638
Hot Line : 09-4517 45134
E-mail : worldlub@deltamyanmar.com
Website : www.worldlubricants.uk
Facebook : www.facebook.com/worldlubricants
PRODUCT OF U.A.E

DUWUN
RICE VERMICELLI
Email : duwunricevermicelli@gmail.com

WIN

TAX CONSULTANCY
AND
ACCOUNTANCY SERVICE

Add : No.185, Ground Floor, 39th Street, (Middle Block), Kyauktada Township, Yangon.
Ph : 09 5086882, 09 765086882.
Email : utw8595@gmail.com

## စာမျက်နှာ (၁၈) စီးပွားရေး၊ ပညာရေး၊ လူမှုရေး . . . မှအဆက်

လျက်ရှိကြောင်း၊ မူပိုင်ခွင့်ဥပဒေများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီ၊ အေဂျင်စီနှင့် ဦးစီးဌာနတို့ကို ဥပဒေများအရ ဖွဲ့စည်းတည်ထောင်သွားရမည်ဖြစ်ကြောင်း၊ မူပိုင်ခွင့်ဦးစီးဌာနကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ဖွဲ့စည်းပုံအောက်တွင် ဖွဲ့စည်းတည်ထောင်နိုင်ရေးအတွက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ မူပိုင်ခွင့်ဥပဒေများကို အာဏာသက်ဝင်နိုင်ရန် လိုအပ်လျက်ရှိသည့် နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများ၊ လမ်းညွှန်ချက်များကို ဆက်လက်ပြဋ္ဌာန်းနိုင်ရေးတို့အတွက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မူပိုင်ခွင့်ဦးစီးဌာနဖွင့်လှစ်နိုင်ရန်အတွက် ပြင်ဆင်ဆောင်ရွက်မှုများ အသင့်ဖြစ်သည့်အခါတွင် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးသည့် အမိန့်ကြော်ငြာစာထုတ်ပြန်ပြီးနောက် ဥပဒေတစ်ရပ်ချင်းစီကို အာဏာသက်ရောက်စေမည်ဖြစ်ကြောင်း၊ မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များကိုလည်း မူပိုင်ခွင့်ဥပဒေများတွင် ဖော်ပြထားပြီးဖြစ်သည့်အတွက် ဗဟိုကော်မတီအနေဖြင့် နိုင်ငံတော်တွင် မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများ ကောင်းစွာဖွံ့ဖြိုးတိုးတက်စေမည့် မူပိုင်ခွင့်ဆိုင်ရာမူဝါဒများ၊ မဟာဗျူဟာများနှင့် လုပ်ငန်းစီမံချက်များကို ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် မူပိုင်ခွင့်ဆိုင်ရာမူဝါဒများ ချမှတ်ဆောင်ရွက်ရာတွင် ဗဟိုကော်မတီတွင်ပါဝင်သည့် အဖွဲ့ဝင်များအနေဖြင့် မိမိတို့၏ သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ချမှတ်ဆောင်ရွက်လျက်ရှိသည့် မူဝါဒများနှင့်လိုက်လျောညီထွေရှိမည့် မူဝါဒများကိုချမှတ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် မူပိုင်ခွင့်စနစ်တစ်ရပ် ကျင့်သုံးပေါ်ပေါက်နိုင်စေရန် မူပိုင်ခွင့်ဥပဒေများကို အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုပြင်ဆင် ဆောင်ရွက်နိုင်စေရေးအတွက် ကဏ္ဍအသီးသီးအနေဖြင့် ပါဝင်ဆောင်ရွက်ကြရန်၊ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို လျင်မြန်စွာအကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်ကြရန်၊ ယခုတည်ထောင်မည့် မူပိုင်ခွင့်စနစ်သည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွင် တွန်းအားတစ်ရပ်ဖြစ်စေရေးတို့အတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန်နှင့် အကြံပြုချက်များရှိပါကလည်း ဗဟိုကော်မတီသို့ အချိန်မရွေး အကြံပြုတင်ပြကြရန် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက တိုက်တွန်းပြောကြားခဲ့သည်။

မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က မူပိုင်ခွင့်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံ မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ၏ ပထမအကြိမ်အစည်းအဝေးအား ကျင်းပနိုင်ခြင်းအတွက် များစွာဂုဏ်ယူဝမ်းမြောက်ကြောင်း၊ ၂၀၁၉ ခုနှစ်အတွင်းတွင် အတည်ပြုပြဋ္ဌာန်းထားပြီးဖြစ်သော မူပိုင်ခွင့်ဥပဒေသစ် (၄) ရပ်ပါ ပြဋ္ဌာန်းချက်များအရ အဆိုပါဥပဒေများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို တာဝန်ခံဝန်ကြီးဌာနအဖြစ် တာဝန်ပေးအပ်ထားကြောင်း၊ နိုင်ငံတော်၏ တာဝန်ပေးအပ်ချက်ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူစွာ လက်ခံဆောင်ရွက်နေကြောင်း၊ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မူပိုင်ခွင့်စနစ်သည် လွန်စွာအရေးပါကြောင်း၊ မူပိုင်ခွင့်ဥပဒေများကို ပြဋ္ဌာန်းကျင့်သုံးဆောင်ရွက်နိုင်ခြင်းအားဖြင့် နိုင်ငံတော်အတွက်လည်း အကျိုးကျေးဇူး များစွာရရှိနိုင်ကြောင်း၊ မူပိုင်ခွင့် ဥပဒေများအရ တည်ထောင်ရန် လိုအပ်သည့် မူပိုင်ခွင့်အေဂျင်စီနှင့် မူပိုင်ခွင့်ဦးစီးဌာနများကို ဖွဲ့စည်းတည်ထောင်၍ မူပိုင်ခွင့်ဥပဒေသစ်များအား ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနသည် မူပိုင်ခွင့်ဦးစီးဌာန အဆိုပြုဖွဲ့စည်းပုံကို ခွင့်ပြုပေးနိုင်ပါရန် လုပ်ထုံးလုပ်နည်းနှင့်အညီ အဆင့်ဆင့်တင်ပြထားကြောင်း၊ ကနဦးဖွင့်လှစ်နိုင်ရေးအတွက် နေပြည်တော်ရှိ ရုံးအမှတ်(၅၂)တွင် ရုံးခန်းနေရာကိုလည်းကောင်း၊ ရန်ကုန်မြို့ ကမ်းနားလမ်းရှိ ကုန်သွယ်ရေးရုံးတွင် ရုံးခန်းနေရာကိုလည်းကောင်း သတ်မှတ်ပေးထားပြီဖြစ်ကြောင်း၊ လိုအပ်ပါက မန္တလေးမြို့တွင်လည်း ရုံးခွဲတစ်ခုဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ရေရှည်တွင် ဆောင်ရွက်နိုင်မည့် အဆင့်မီမူပိုင်ခွင့်ရုံးတည်ဆောက်နိုင်ရေးအတွက်ကိုလည်း ဝန်ကြီးဌာနပိုင် မြေနေရာတွင်လျာထားသတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဗဟိုကော်မတီဝင်များအနေဖြင့် မူပိုင်ခွင့်ဥပဒေများကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကို အကြံပြုဆွေးနွေးကြပါရန်နှင့် အားလုံးပါဝင်၍ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါရန် တိုက်တွန်းလိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီ အတွင်းရေးမှူးဖြစ်သူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးကလည်း မူပိုင်ခွင့်ဥပဒေများအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနအနေဖြင့် မူပိုင်ခွင့်ဆိုင်ရာနည်းဥပဒေများနှင့် လမ်းညွှန်ချက်များ သတ်မှတ်ပြဋ္ဌာန်းနိုင်ရေး၊ မူပိုင်ခွင့်ဥပဒေများ အာဏာသက်ဝင်စေရေး၊ မူပိုင်ခွင့်ဦးစီးဌာန ဖွဲ့စည်းတည်ထောင်နိုင်ရေးတို့နှင့်အတူ မူပိုင်ခွင့်မှတ်ပုံတင်လုပ်ငန်းများနှင့် စစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဝန်ထမ်းအင်အားဖြည့်တင်းရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေး၊ ယဉ်ကျေးမှု၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ခေတ်နှင့်အညီအကျိုးရှိထိရောက်သော မူပိုင်ခွင့်စနစ် တည်ထောင်ရာတွင် လိုအပ်သည့် အခြေခံအဆောက်အအုံများနှင့် ကြိုတင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဝိုင်းဝန်းဆွေးနွေး အတည်ပြုပေးစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးက မူပိုင်ခွင့်စနစ် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဓိကလိုအပ်သည့် မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီ၊ မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီနှင့် မူပိုင်ခွင့်ဦးစီးဌာနဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ မူပိုင်ခွင့်ဦးစီးဌာန၏ ရုံးအဆောက်အအုံသတ်မှတ်ပေးရေးဆိုင်ရာများနှင့် မူပိုင်ခွင့်ဥပဒေများအား အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ကုန်အမှတ်တံဆိပ် မှတ်ပုံတင် လျှောက်ထားခြင်းများကို ကြိုတင်လက်ခံနိုင်ရန် ကနဦးဖွင့်လှစ်ခြင်း(Soft Opening)နှင့် တရားဝင် စတင်ဖွင့်လှစ်ခြင်း (Grand Opening) ဆိုင်ရာများကိုလည်းကောင်း၊ မူပိုင်ခွင့်ဆိုင်ရာမူဝါဒနှင့် မဟာဗျူဟာ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

ယင်းနောက် မူပိုင်ခွင့်ဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးမိုးသွယ်က မူပိုင်ခွင့်ဆိုင်ရာ အေဂျင်စီဖွဲ့စည်းနိုင်ရေး၊ မူပိုင်ခွင့်ဦးစီးဌာန ဖွဲ့စည်းတည်ထောင်ခွင့်ပြုရေး၊ နိုင်ငံ့ဝန်ထမ်းမဟုတ်သော မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များ သတ်မှတ်ရေး၊ မူပိုင်ခွင့်ဦးစီးဌာနအတွက် အဆောက်အအုံ ဆောက်လုပ်နိုင်ရေး၊ မူပိုင်ခွင့်ဥပဒေများ အကောင်အထည်ဖော် ဆောင်ရွက်မည့် အစီအစဉ်များ၊ ကုန်အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားခြင်းများ ကြိုတင်လက်ခံနိုင်ရန်အတွက် ကနဦးဖွင့်လှစ်ခြင်းကို ခွင့်ပြုရေး၊ ကုန်အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားခြင်းများအတွက် တရားဝင်ဖွင့်လှစ်ရန် အချိန်ကာလသတ်မှတ်ရေး၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ နည်းဥပဒေအတည်ပြု ပြဋ္ဌာန်းနိုင်ရေး၊ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်မှတ်ပုံတင်ခြင်းတွင် လိုအပ်သည့် လျှောက်လွှာများနှင့် အခကြေးငွေများသတ်မှတ်နိုင်ရေး၊ ကုန်အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းတွင် အခကြေးငွေကောက်ခံမည့်စနစ်များ သတ်မှတ်ရေးနှင့် အမျိုးသားအဆင့် မူပိုင်ခွင့်ဆိုင်ရာမူဝါဒနှင့် မဟာဗျူဟာများချမှတ်နိုင်ရေးတို့အပေါ်တွင် ဆောင်ရွက်ထားရှိမှုများနှင့် ဆုံးဖြတ်ရန် အချက်များကို အတည်ပြုချက်ရယူနိုင်ရန် ထပ်ဆင့်ရှင်းလင်းတင်ပြခဲ့သည်ဟု ဆိုသည်။

ထို့နောက်တွင် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာမင်းရဲပိုင်ဟိန်း၊ ဦးဗရတ်ဆင်း၊ ဦးအောင်လှထွန်း၊ ဦးဝင်းမော်ထွန်းနှင့် အစည်းအဝေးသို့ တက်ရောက်လာသည့် ဌာနဆိုင်ရာအကြီးအကဲများက မူပိုင်ခွင့်ဆိုင်ရာဥပဒေများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနအလိုက် ပူးပေါင်းဆောင်ရွက်နေမှု၊ မူပိုင်ခွင့်ဥပဒေများမရှိသည့်အတွက် မူပိုင်ခွင့်ချိုးဖောက်မှုများအား ဖြေရှင်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ သက်ဆိုင်သည့် မူပိုင်ခွင့်ဥပဒေအလိုက် နည်းဥပဒေများရေးဆွဲထားရှိမှုနှင့် ကြိုတင် ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်သည့်အချက်များကို အကြံပြုဆွေးနွေးတင်ပြခဲ့ကြသည်။

အလားတူ ရန်ကုန်မြို့မှ Video Conferencing စနစ်ဖြင့် ချိတ်ဆက်၍ ပါဝင်တက်ရောက်ခဲ့သော အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မူပိုင်ခွင့်ဆိုင်ရာပညာရှင်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဗဟိုအလုပ်အမှုဆောင်နှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ် ဥက္ကဋ္ဌတို့ကလည်း မူပိုင်ခွင့်ဥပဒေများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီ ပထမအကြိမ်အစည်းအဝေးသို့တက်ရောက်လာကြသည့် ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၏ တင်ပြချက်များ၊ ဝိုင်းဝန်းဆွေးနွေးချက်များကို ဗဟိုကော်မတီအနေဖြင့် မူအားဖြင့် သဘောတူလက်ခံရန် ပေါင်းစပ်ညှိနှိုင်းပေးနိုင်ခဲ့ကြောင်း သိရသည်။ နိုင်ငံတကာစံနှုန်းနှင့်ကိုက်ညီသည့် မူပိုင်ခွင့်ဥပဒေတစ်ရပ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်ဆိုပါက မြန်မာနိုင်ငံသည်လည်း တစ်ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးနေအတွက် မူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များသည် မြန်မာ့စီးပွားရေး၊ ပညာရေးနှင့် လူမှုရေး စသည့် ကဏ္ဍအသီးသီးတွင် ပိုမိုအရေးပါလာမည် ဖြစ်ပါသည်။

## စာမျက်နှာ (၆) မူပိုင်ခွင့်မှသည် . . . မှအဆက်

သနပ်ခါးထုတ်ကုန်များဖြစ်သည့် သနပ်ခါးကို သွေးလိမ်းသည့်ဓလေ့မှ အသင့်သွေး သနပ်ခါးတုံးများ၊ သနပ်ခါးအမှုန့်များ (Pownder)၊ သနပ်ခါးပေ့စ်များ (Paste)၊ သနပ်ခါး မျက်နှာဖုံးများ(Facial Mask)၊ သနပ်ခါးရေမွှေး (Perfumes)များ စသည့် သနပ်ခါးအခြေခံအဆင့်မြင့်ထုတ်ကုန်များကို တိုးမြှင့်ထုတ်လုပ်လာကြသည်။ ရှင်မတောင်သနပ်ခါးစစ်စစ် ကို ထုပ်ပိုးမှု ဒီဇိုင်းအသစ်ပုံစံများဖြင့် အင်တာနက်အွန်လိုင်းမှ တစ်နိုင်တစ်ပိုင် ထုတ်လုပ်ရောင်းချသည့် “သက်ဦးစံ” ကဲ့သို့သော သနပ်ခါးလုပ်ငန်းဖြင့် အောင်မြင်နေသော စွန့်ဦးတီထွင်လုပ်ငန်းရှင်လေးများလည်းရှိသည်။

သို့ဖြစ်၍ အဆိုပါသနပ်ခါး အလှကုန်များကို နည်းပညာအသစ်များဖြင့် ဆန်းသစ်တီထွင်ထုတ်လုပ်ရောင်းချရာတွင် မိမိတို့လုပ်ငန်း၏ အမှတ်တံဆိပ်များ၊ ထုပ်ပိုးမှုဒီဇိုင်းများ၊ ထုတ်ကုန်ကြော်ငြာမှုဒီဇိုင်းများ၊ မီဒီယာများတွင် ဈေးကွက်မြှင့်တင်ရေး ကြော်ငြာရိုက်ကူးထုတ်လွှင့်မှုများ၊ သနပ်ခါးအခြေခံပစ္စည်းအသစ် ထုတ် လုပ်မှုနည်းပညာများကို မူပိုင်ခွင့်အကာအကွယ်များရယူခြင်းဖြင့် မိမိတို့၏ လုပ်ငန်းရေရှည်တည်တံ့ခိုင်မြဲရေးနှင့် မျှတသော ဈေးကွက်ယှဉ်ပြိုင်မှုရရှိရေး၊ သနပ်ခါးလုပ်ငန်းများ စဉ်ဆက်မပြတ် တိုးတက်လာစေရေးနှင့် သုံးစွဲသူများအကြိုက် ပိုမိုအဆင့်မြင့်သော သနပ်ခါးအလှကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေးတို့ကို ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။ ယခုအခါတွင် သနပ်ခါးကုန်ကြမ်းနှင့် ကုန်ချောများကို ထိုင်းနိုင်ငံ၊ ကိုရီးယား၊ ဂျပန်၊ စင်ကာပူနှင့် မလေးရှားစသည့် နိုင်ငံများသို့ တင်ပို့လျက်ရှိသည်။ ဥရောပနိုင်ငံဈေးကွက်တွင်လည်း သနပ်ခါး၏ အလားအလာကောင်းများရှိသည်ကိုတွေ့ရှိရသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံ သနပ်ခါး ထုတ်လုပ်သူများသည် နိုင်ငံတကာဈေးကွက်များသို့ မြန်မာ့သနပ်ခါး ထုတ်ကုန်များကို ဝင်ရောက်မည်ဆိုလျှင် တင်ပို့မည့်နိုင်ငံများ၌ ကုန်အမှတ်တံဆိပ်၊ ဒီဇိုင်းနှင့် နည်းပညာအသစ်များအတွက် မူပိုင်ခွင့်အကာအကွယ်များရယူထားနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သင့်သည်။

မြန်မာ့သနပ်ခါးကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ယူနက်စကိုသို့ တင်သွင်းရန် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့နိုင်ငံတော်က သနပ်ခါးသုံးစွဲသည့်ဓလေ့နှင့်စပ်လျဉ်းသည့် မြန်မာ့ယဉ်ကျေးမှုတစ်ရပ်ကို ကမ္ဘာ့အသိအမှတ်ပြုနိုင်စေရန်အတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေစဉ်တွင် သနပ်ခါးစိုက်ပျိုးထုတ်လုပ်မှုများ၊ သနပ်ခါးအရည်အသွေးများနှင့် မြန်မာ့သနပ်ခါး အသုံးပြုမှုဓလေ့မြှင့်တင်ရေးနှင့် သနပ်ခါးဈေးကွက်များမကျဆင်းစေရန်နှင့် သနပ်ခါးအခြေခံသည့် အလှကုန်ပစ္စည်းများ၊ အမွှေးနံ့သာ စသည့်လူသုံးကုန်ပစ္စည်းများ၊ သနပ်ခါးတိုင်းရင်းဆေးဝါးပစ္စည်းများ ပိုမိုဖန်တီးတီထွင် ထုတ်လုပ်လာနိုင်စေရေး နိုင်ငံတကာဈေးကွက်သို့ထိုးဖောက်ဝင်ရောက်နိုင်ရေးနှင့် မြန်မာ့သနပ်ခါးထုတ်ကုန်များကို မူပိုင်ခွင့်ဖြင့် အကာအကွယ်ပေးရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း အကြံပြု တင်ပြလိုက်ရပါသည်။

**(မှတ်ချက်။ ၂၀၁၉ခုနှစ် နိုဝင်ဘာလထုတ် မြန်မာ့သနပ်ခါးမဂ္ဂဇင်းကို မှီငြမ်းသည်။)**

# ကိုရီးယား-မြန်မာချစ်ကြည်ရေး ရန်ကုန်-ဒလ တံတားတည်ဆောက်ရေး ထပ်မံလိုအပ်ငွေ ဒေါ်လာသန်း ၂၀ ချေးယူခွင့်ပြုလိုက်ပြီ

| မောင်လွင်ပြင် |

မြန်မာ-ကိုရီးယား ချစ်ကြည်ရေး ရန်ကုန်-ဒလ တံတား တည်ဆောက်ရေးစီမံကိန်းကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွင်း စတင်ဆောင်ရွက်သည်။ ၂၀၁၉ ခုနှစ် ဩဂုတ် ၁၀ ရက်တွင် ရန်ကုန်ဘက်ခြမ်း ဘုန်းကြီးလမ်းအပိုင်း၌ တံတားချဉ်းကပ်လမ်း လုပ်ငန်းများ စတင်သည်။ ရန်ကုန်-ဒလ တံတားကြီးကို တောင်ကိုရီးယားနိုင်ငံ EDCF ချေးငွေ (ကိုရီးယားသမ္မတနိုင်ငံ စီးပွားရေးဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေ) ဖြင့် တည်ဆောက်နေခြင်းဖြစ်၏။ ရန်ကုန်မြစ်ဖြတ် ဒလတံတားကြီး ပြီးစီးလျှင် ရန်ကုန်တစ်ဖက်ကမ်း ဒလဘက်ခြမ်းနှင့် ဒလဒေသတောင်ဘက်ခြမ်း တွံတေး၊ ကွမ်းခြံကုန်း၊ ကော့မှူးမြို့များမှသည် အောက်ပိုင်း မြစ်ဝကျွန်းပေါ်ဒေသတစ်ခုလုံး လမ်းပန်းဆက်သွယ်ရေး၊ ကုန်စည်သယ်ယူပို့ဆောင်ရေး ဖြောင့်ဖြူးသွားမည်။ ရန်ကုန်နှင့်ဆက်သွယ်ရေးအချိန်ကျုံ့သွားမည်။ ဒေသခံပြည်သူများ အလုပ်အကိုင်နှင့်လူမှု စီးပွားဖွံ့ဖြိုးလာမည်။

တောင်ကိုရီးယားနိုင်ငံသည် မြန်မာနိုင်ငံ၌ စက်မှုဇုန်များ ဖော်ထုတ်ပြီး အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများ ရင်းနှီးမြှုပ်နှံရန် အစီအစဉ်ရှိသည်။ တောင်ကိုရီးယားအစိုးရသည် မကြာသေးမီနှစ်များက ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍လည်း ပေါ်လစီအသစ်ချမှတ်ထားသည်။ တောင်ပိုင်းမူဝါဒသစ် (New Southern Policy) ဟု အမည်ရသည်။ ကိုရီးယားရင်းနှီးမြှုပ်နှံမှုများ တောင်ဘက်ပိုင်းရှိ အင်ဒိုချိုင်းနားနိုင်ငံများသို့ ပြောင်းရွှေ့ရင်းနှီးမြှုပ်နှံရေး ပေါ်လစီဖြစ်သည်။ တရုတ်နှင့် ဗီယက်နမ်နိုင်ငံတို့၌ ရင်းနှီးမြှုပ်နှံထားသည်များကို တောင်ပိုင်းနိုင်ငံများသို့ ရွှေ့ပြောင်းတော့မည်လည်းဖြစ်သည်။ တောင်ပိုင်းမူဝါဒသစ်အရတောင် ကိုရီးယား ရင်းနှီးမြှုပ်နှံမှုများ ရွှေ့ပြောင်းရင်းနှီး မြှုပ်နှံမည့် နိုင်ငံများတွင် မြန်မာ၊ အင်ဒိုနီးရှား၊ လာအိုနိုင်ငံတို့ပါဝင်သည်။ မြန်မာနိုင်ငံတွင် တောင်ကိုရီးယားတို့ စက်မှုဇုန်များတည်ထောင်ပြီး အသေးစား၊ အလတ်စား စက်မှုကုန်ထုတ်လုပ်ငန်းများ ရင်းနှီးမြှုပ်နှံမည်ဟုသိရသည်။ မြန်မာ-တောင်ကိုရီးယား နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု ကာကွယ်ရေးနှင့် မြှင့်တင်ရေးစာချုပ်ကို ၂၀၁၈ ခုနှစ် အောက်တိုဘာလကတည်းက ချုပ်ဆိုခဲ့ပြီး စတင် အသက်ဝင်နေပြီလည်းဖြစ်သည်။ မြန်မာနိုင်ငံ၏ စီးပွားရေးမြှင့်တင်ရန် တောင်ကိုရီးယားကုမ္ပဏီ များနှင့်မြန်မာကုမ္ပဏီများအား အကူအညီပေးနိုင်ရန် မြန်မာ-တောင်ကိုရီးယား ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းအဖွဲ့ချုပ် (MKCCI) ကိုလည်း ၂၀၁၈ ခုနှစ် ဒီဇင်ဘာလကတည်းက ထူထောင်ထားပြီးဖြစ်သည်။

တောင်ကိုရီးယားသည် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ညောင်နှစ်ပင်ဒေသ ညောင်နှစ်ပင်ယခင်သင်တန်းကျောင်းနေရာ၌ ဧက ၅၅၅ ကျော်ကို ရယူ(ငှားရမ်း)ပြီး ကိုရီးယား-မြန်မာ စက်မှုဥယျာဉ်မြို့တော် တစ်ခုတည်ဆောက် ရင်းနှီးမြှုပ်နှံထားသည်။ ယင်းစက်မှုဥယျာဉ် မြို့တော်စီမံကိန်းကို KMIC Industrial Complex ဟုအမည်ပေးထားသည်။ ဆောက်လုပ်ရေးဝန်ကြီး ဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနနှင့် တောင်ကိုရီးယားနိုင်ငံ မြေယာနှင့် အိမ်ရာကော်ပိုရေးရှင်း (KLHC) တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။ ၂၀၁၉ ခုနှစ် ဩဂုတ် ၇ ရက်တွင် နှစ်ဖက်လက်မှတ်ရေးထိုးပြီး ခဲ့ကြပြီး ယင်းကာလကတည်းက စီမံကိန်းလုပ်ငန်းများ စတင်ခဲ့ကြောင်း နိုင်ငံပိုင် သတင်းမီဒီယာများဖော်ပြချက်အရ သိရသည်။ ယင်းကိုရီးယား-မြန်မာစက်မှုဥယျာဉ်မြို့တော် စီမံကိန်း (KMIC) ကို တောင်ကိုရီးယားနိုင်ငံ EDCF ရန်ပုံငွေချေးငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှု ဒေါ်လာသန်း ၁၂၀ ရှိမည်ဟု ခန့်မှန်းထားသည်။ တောင်ကိုရီးယားနိုင်ငံသမ္မတ မွန်ဂျေအင်း မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ် အဖြစ် ၂၀၁၉ ခုနှစ် စက်တင်ဘာလအတွင်းလာရောက်ခဲ့ရာ လှည်းကူးမြို့နယ်ရှိ ညောင်နှစ်ပင်ဒေသတွင် စတင်အကောင်အထည်ဖော်နေသော မြန်မာ-ကိုရီးယားစက်မှုဇုန် (KMIC) စီမံကိန်းသို့ သွားရောက်ခဲ့သည်။ သမ္မတမွန်ဂျေအင်းကိုယ်တိုင် သွားရောက်ကြည့်ရှုခဲ့၍ ယင်း KMIC စက်မှုဇုန်စီမံကိန်း မည်မျှ အရေးကြီးသည်ကို ခန့်မှန်းနိုင်သည်။ ထို့ပြင် သမ္မတမွန်ဂျေအင်းသည် မြန်မာအစိုးရနှင့်ဒလမြို့နယ်တွင် စက်မှုဇုန်နှင့် ရန်ကုန်မြို့သစ် အကောင်အထည်ဖော်ရေးစီမံကိန်းအကြို သဘောတူစာချုပ်ချုပ်ဆိုခဲ့သေးသည်။ ကိုရီးယား အစိုးရ၏ဖွံ့ဖြိုးရေးချေးငွေ EDCF ချေးငွေဒေါ်လာသန်း ၁၀၀၀ ပေးအပ်မည့် မူဘောင်သဘောတူညီ မှု စာချုပ်ကိုလည်း ချုပ်ဆိုနိုင်ခဲ့သည်ဟု သိခဲ့ရသည်။ တောင်ကိုရီးယားသည် ဒလဘက်ခြမ်းတွင် စက်မှုဇုန်နှင့်မြို့တော်တစ်ခုတည်ဆောက်မည့် ရည်ရွယ်ချက်ရှိနေ၍ ရန်ကုန်-ဒလတံတားစီမံကိန်းကို မြန်မြန်ဆန်ဆန် ပြီးစီးစေချင်နေသည်ဟုလည်း သိရပြန်သည်။ တောင်ကိုရီးယားနိုင်ငံသည် မြန်မာနိုင်ငံတွင် ဆဋ္ဌမမြောက် အများဆုံးရင်းနှီးမြှုပ်နှံသည့်နိုင်ငံဖြစ်ပြီး လောလောဆယ်ဒေါ်လာ ၃ ဒသမ ၉ ဘီလီယံ (၂၀၁၉ မတ်လ စာရင်းအရ) အထိ ရင်းနှီးမြှုပ်နှံထားသည်။

ရန်ကုန်-ဒလတံတားကို ကိုရီးယားနိုင်ငံ GS Engineering and Construction Co., က ကြီးကြပ်တည်ဆောက်နေသည်။ တံတားအရှည် ၄ ဒသမ ၃ ကီလိုမီတာရှိသည်။ တံတားကုန်ကျစရိတ် ဒေါ်လာသန်း ၁၇၀ နီးပါးကုန်ကျမည်ခန့်မှန်းထားသည်။ ၂၀၂၂ ခုနှစ်တွင် ပြီးစီးမည်ဟုလည်း ခန့်မှန်းထားသည်။ မေ ၂၁ ရက်ကတော့ ပြည်ထောင်စု လွှတ်တော်အစည်းအဝေးတွင် ရန်ကုန်-ဒလ တံတားတည်ဆောက်ရေး ထပ်မံလိုအပ်သည့်ဒေါ်လာသန်း၂၀ အား ကိုရီးယားသမ္မတနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေ (EDCF) ထံမှ ချေးငွေရယူရေးဆောက်လုပ်ရေး ဝန်ကြီးဌာနက တင်ပြခဲ့သည်။ ချေးငွေရယူရေး ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လွင်က ရှင်းလင်းတင်ပြရာ ၎င်းက "နောင်လာမည့်အနာဂတ်တွင် နိုင်ငံတကာမှ ဝင်ရောက်လာမည့် ပင်လယ်ကူးသင်္ဘောကြီးများ၏ ရေလမ်းကင်းလွတ် လိုအပ်ချက်နှင့် ရေကြောင်းသွားလာပို့ဆောင်မှုများ အဆင်ပြေချောမွေ့စေရန် မူလရေလမ်းကင်းလွတ်အကျယ် ၂၅၁ မီတာ၊ ပင်မတံတားအကျယ် ၃၂၀ မီတာမှ ပင်မ ရေလမ်းလယ်တိုင်များကို တစ်ဖက်လျှင် ၂၅ မီတာ စီကမ်းဘက်သို့တိုးချဲ့၍ ရေလမ်းကင်းလွတ်နယ် ၃၀၁ မီတာ၊ ပင်မတံတားအကျယ် မီတာ ၃၇၀ သို့ တိုးချဲ့တည်ဆောက်မည်ဖြစ်ပါသဖြင့် ထပ်မံလိုအပ်သော ဒေါ်လာသန်း ၂၀ အား ကိုရီးယားသမ္မတနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေ (EDCF) ထံမှ ချေးယူရခြင်းဖြစ်ပါတယ်" ဟု ရှင်းလင်းပြောကြားခဲ့သည်။

ရန်ကုန်-ဒလတံတားတည်ဆောက်ရေး စီမံကိန်းတွင် တံတားဒီဇိုင်းပြောင်းလဲဆောင်ရွက်ရခြင်းကြောင့် တံတား၏ဖောင်ဒေးရှင်းမှာ မူလ ၇၅ မီတာမှ ၁၂၁ မီတာသို့ ပြောင်းလဲခြင်း၊ ပင်မ တံတား cable ကြိုးများမှာ မူလ ၆၈ ချောင်းမှ အချောင်း ၈၀ သို့ပြောင်းလဲခြင်း၊ ပင်မတံတား တာဝါတိုင်များ မူလအမြင့်မှာ ၁၃၄ မီတာမှ ၁၃၉ မီတာသို့ ပြောင်းလဲခြင်းအပြင် တံတားရေရှည် ခိုင်ခံ့မှုအတွက် ဆောင်ရွက်ရခြင်း၊ ပြုပြင်ထိန်းသိမ်းမှုအစီအမံများ၊ ပတ်ဝန်းကျင်ထိခိုက်မှုလျော့နည်းစေမည့် အစီအမံများ ဆောင်ရွက်ရခြင်းများလည်း ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် ထပ်မံလိုအပ်မည့်ငွေကို ချေးယူရခြင်းဖြစ်သည်ဟု ဒုတိယဝန်ကြီး ရှင်းလင်းချက်ထဲတွင် ဖော်ပြပါရှိသည်။ ထပ်မံချေးယူမည့် ချေးငွေအတိုးနှုန်းသည် EDCF ချေးငွေ ယခင်နှုန်းထားအတိုင်း သုည ဒသမ ၀၁ ရာခိုင်နှုန်းသာဖြစ်သည်။ ယင်းသို့ချေးယူမည်ကို တောင်ကိုရီးယားဘက်က ၂၀၂၀ ပြည့်နှစ် ဧပြီလတွင် သဘောတူညီမှုရပြီးဖြစ်သည် သိရသည်။ မေ ၂၉ ရက်ကျင်းပသော ပြည်ထောင်စုလွှတ်တော် အစည်းအဝေးက ယင်းထပ်မံချေးငွေဒေါ်လာ သန်း ၂၀ အား ချေးယူခွင့်ပြုကြောင်း အတည်ပြုပေးခဲ့သည်။ သို့ဖြစ်၍ ရန်ကုန်-ဒလ ကိုရီးယား မြန်မာချစ်ကြည်ရေး တံတား တည်ဆောက်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆက်လက်လည်ပတ်တည်ဆောက်သွားနိုင်တော့မည်ဖြစ်ပါကြောင်း လေ့လာရေးသားတင်ပြလိုက်ရပါသည်။

■

Commerce ကာတွန်း



Vol: 20, No.16 Monday June 8 2020

# နာနတ်သီးဈေးကွက်အကြောင်း တစေ့တစောင်း

ယခင်တစ်ပတ်မှ အဆက်



မေဖြိုးသူ (နှစ်နိုင်ငံ)

### မြန်မာနိုင်ငံ၏ နာနတ်သီးစိုက်ပျိုးထုတ်လုပ်မှု၊ တင်ပို့/တင်သွင်းမှုအခြေအနေများ

၂၀၁၈ ခုနှစ်တွင် မြန်မာ့နာနတ်သီးအများဆုံး တင်ပို့ရောင်းချခဲ့သည့်နိုင်ငံများမှာ ထိုင်း၊ တရုတ်၊ ဂျာမနီ၊ အမေရိကန်၊ ဆွစ်ဇာလန်၊ ပိုလန်၊ ယူကရိန်းစသည့် နိုင်ငံများ ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ထိုင်းနိုင်ငံသို့ နာနတ်သီး အများဆုံးရောင်းချခဲ့ပြီး ဈေးကွက်ဝေစု ၃၆ ဒသမ ၅ ရာခိုင်နှုန်းရှိကြောင်း၊ ထို့နောက် ဒုတိယအနေဖြင့် တရုတ်နိုင်ငံသို့ လည်းကောင်း၊ တတိယအနေဖြင့် ဂျာမနီနိုင်ငံသို့ လည်းကောင်း တင်ပို့ရောင်းချခဲ့ပြီး ဈေးကွက်ဝေစုအားဖြင့် ၃၃ ဒသမ ၃ ရာခိုင်နှုန်း နှင့် ၂၄ ဒသမ ၁ ရာခိုင်နှုန်းအသီးသီးဖြစ်ကြောင်း၊ အလားတူ အမေရိကန်၊ ဆွစ်ဇာလန်၊ ပိုလန်၊ ယူကရိန်းတို့မှ အစဉ်လိုက်ရပ်တည်လျက်ရှိကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် ထိုင်းနှင့် စင်ကာပူနိုင်ငံတို့မှ နာနတ်သီးများကို ပြန်လည်ဝယ်ယူကြောင်းလည်း သိရှိရသည်။

မြန်မာ့နာနတ်သီးများ နယ်စပ်မှတင်ပို့မှုအခြေအနေများမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တရုတ်နိုင်ငံသို့ တန်ချိန်ပေါင်း ၇၇၅၇ တန်၊ ထိုင်းနိုင်ငံသို့ ၉၆၃ တန်၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တရုတ်နိုင်ငံသို့ တန်ချိန်ပေါင်း ၆၁၆၂ တန်၊ ထိုင်းနိုင်ငံသို့ တန် ၉၀၀၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တရုတ်နိုင်ငံသို့ တန်ချိန်ပေါင်း ၄၇၁၇ တန်၊ ထိုင်းနိုင်ငံသို့ တန် ၁၄၀၀၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တရုတ်နိုင်ငံသို့ တန်ချိန်ပေါင်း ၄၄၈၃ တန်နှင့် ထိုင်းနိုင်ငံသို့ ၈၃၄၅ တန်အသီးသီး တင်ပို့နိုင်ခဲ့သည်။

၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း ကမ္ဘာ့ဈေးကွက်တွင် နာနတ်သီးတင်ပို့သည့်နိုင်ငံ ၁၄၀ ရှိပြီး မြန်မာနိုင်ငံသည် တင်ပို့မှုပမာဏအားဖြင့် အဆင့် (၆၄)၊ တန်ဖိုးအားဖြင့် တင်ပို့မှုတွင် အဆင့် (၅၀) နေရာတွင် ရပ်တည်လျက်ရှိကြောင်း လေ့လာသိရှိရသည်။

### မြန်မာ့သစ်သီးဝလံများတင်ပို့နိုင်ရေးညှိနှိုင်းဆောင်ရွက်မှုများ

မြန်မာနိုင်ငံအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လယ်ယာထွက်ကုန်ပစ္စည်းများ အပါအဝင် သစ်သီးဝလံသီးနှံများအား တင်ပို့လျက်ရှိပြီး အဓိကအားဖြင့် ဆန်၊ ပြောင်းတို့အပြင် သရက်သီး၊ ဖရဲသီး၊ နာနတ်သီး၊ တစ်သျှူးငှက်ပျော၊ ချဉ်ပေါင်ဖာလာနှင့် ဝဥတို့အား အများဆုံးတင်ပို့လျက်ရှိသည်။

မြန်မာနိုင်ငံက စိုက်ပျိုးထွက်ရှိသည့် သစ်သီးဝလံများအနက်မှ တစ်သျှူးငှက်ပျော၊ သံပရာသီး၊ နာနတ်သီး၊ ထောပတ်သီး၊ ချဉ်ပေါင်ဖာလာ၊ လျှော်ဖြူ(ဆေးကုလားမ)နှင့် ဝဥစသည့် သစ်သီးဝလံ(၈) မျိုးအား တရုတ်နိုင်ငံသို့ တရားဝင် တင်ပို့ရောင်းချနိုင်ရေးအတွက် နိုင်ငံခြားရေး ဝန်ကြီးဌာနမှတစ်ဆင့် သံတမန်နည်းလမ်းဖြင့် တရုတ်နိုင်ငံ အကောက်ခွန် အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (General Administration of Customs of the People's Republic of China – GACC) သို့ ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

အဆိုပါသစ်သီး ရှစ်မျိုးအနက် တစ်သျှူးငှက်ပျော၊ သံပရာသီး၊ နာနတ်သီး၊ ထောပတ်သီးနှင့် ကျွဲကောသီးတို့အတွက် Pest Risk Analysis–PRA မေးခွန်းများ၏အဖြေများ ပေးပို့ခဲ့မှုအပေါ် တရုတ်နိုင်ငံဘက်မှ စစ်ဆေးဆောင်ရွက်ခဲ့ရာ တစ်သျှူးငှက်ပျောအား အပင်ပိုးမွှားကင်းစင်ရေးဆိုင်ရာ စနစ်များနှင့်ပတ်သက်၍ တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC)မှ ကျွမ်းကျင်ပညာရှင်နှစ်ဦးတို့ မြန်မာနိုင်ငံသို့ လာရောက် ကွင်းဆင်းစစ်ဆေးခဲ့ပြီးဖြစ်၍ လက်ရှိတွင် နှစ်နိုင်ငံအကြား အပင်ပိုးမွှားကင်းစင်ရေးဆိုင်ရာ အခြေပြစာချုပ်လက်မှတ်ရေးထိုးနိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

ယခုအခါ ဒုတိယအဆင့်အနေဖြင့် မြန်မာနိုင်ငံက စိုက်ပျိုးထွက်ရှိသည့် နာနတ်သီးများ တရုတ်နိုင်ငံသို့တင်ပို့ နိုင်ရန်အတွက် ပိုးမွှားအန္တရာယ်ဘေးကင်းလုံခြုံရေးဆိုင်ရာ စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းစဉ်များအား အောင်မြင်စွာ ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

ထိုသို့စစ်ဆေးရာတွင် နာနတ်သီးတွင် ဖြစ်ပေါ်တတ်သည့် ပိုးမွှား ၆၄ မျိုးအနက် လိုအပ်သည့် ပိုးမွှားလေးမျိုးအား ရွေးချယ်စစ်ဆေးခဲ့ပြီး ပိုးမွှားအန္တရာယ်ကာကွယ်ထိန်းချုပ်စနစ်နှင့်ပတ်သက်၍ နှစ်နိုင်ငံသက်ဆိုင်ရာဌာနများအကြား ဆက်လက်ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

### သုံးသပ်ချက်

လက်ရှိတရုတ်နိုင်ငံ၏ မူဝါဒ၊ လုပ်ထုံးလုပ်နည်းများ ပြောင်းလဲကျင့်သုံးလာမှုအရ မြန်မာနိုင်ငံမှထွက်ရှိသော လယ်ယာထွက်ကုန်ပစ္စည်းများသာမက သစ်သီးဝလံများကိုပါ ဈေးကွက်ဝယ်လိုအားရှိသည့် တရုတ်နိုင်ငံသို့တင်ပို့ရောင်းချမည်ဆိုပါက တင်ပို့မည့် ကုန်စည်တစ်မယ်ချင်းအလိုက် ရောဂါပိုးမွှားစစ်ဆေးမှု (SPS) နှင့် PRA ဆိုင်ရာကိစ္စရပ်များကို စစ်ဆေး ဖော်ပြဆောင်ရွက်၍တရုတ်နိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့(GACC) တွင် မှတ်ပုံတင်ပြီးမှသာ တင်ပို့၍ ရရှိနိုင်မည်ဖြစ်ကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။


**ကိုးကားချက်**

- https://www.indexbox.io/store/world-pineapples-market-report-analysis-and-forecast-to-2020/
- Pariona, Ameber. "Top Pineapple Producing Countries." WorldAtlas, Apr. 19, 2018, worldatlas.com/articles/top-pineapple-producing-countries.html
- https://www.eurofresh-distribution.com/news/asia-drives-continued-rise-global-demand-pineapple
- https://www.medicinalplantsarchive.us/pineapple-fruit/world-production-and-trade.html
- https://www.tridge.com/intelligences/pineapple/MM


❒

# တောင်ကိုရီးယားက ဂျပန်၏ ပို့ကုန်ထိန်းချုပ်ကန့်သတ်မှုကိစ္စအား ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ ထပ်မံတင်ပြရန် ဆုံးဖြတ်ခဲ့

၂၀၁၉ ခုနှစ်ဇူလိုင်လအတွင်းက တောင်ကိုရီးယားနိုင်ငံသို့ တင်ပို့နေသည့် ဆီမီးကွန်ဒတ်တာများ အပါအဝင် နည်းပညာမြင့် ပို့ကုန်ပစ္စည်းသုံးမျိုးအပေါ် ဂျပန်နိုင်ငံက ထိန်းချုပ်ကန့်သတ်မှုများ ဆောင်ရွက်ခဲ့သည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ နှစ်နိုင်ငံအကြား တိုးတက်သည့် ဆွေးနွေးမှုရလဒ် မရရှိသေးခြင်းကြောင့် တောင်ကိုရီးယားက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ၏ dispute settlement body သို့ ထပ်မံအရေးဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဇွန် ၂ ရက်က ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံက ၎င်း၏ နည်းပညာဆိုင်ရာအဆင့်မြင့် ပို့ကုန်ပစ္စည်း သုံးမျိုးကို တောင်ကိုရီးယားသို့ တင်ပို့ခွင့် ပိတ်ပင်လိုက်ခြင်းသည် တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးနှင့် နည်းပညာပံ့ပိုးမှုကွင်းဆက်၏ ပင်မဒေါက်တိုင်သဖွယ်ဖြစ်သည့် ဆီမီးကွန်ဒတ်တာများနှင့် ကွန်ပျူတာမျက်နှာပြင်များ ထုတ်လုပ်မှုကိုများစွာ အဟန့်အတားဖြစ်စေခဲ့ကြောင်း တောင်ကိုရီးယားက ဆိုသည်။ အဆိုပါကိစ္စကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO) ၏ dispute settlement body သို့ တောင်ကိုရီးယားက ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် အရေးဆို တင်ပြခဲ့သော်လည်း နိုဝင်ဘာလတွင် အခြားသော ဆွေးနွေးမှုများဆက်လက်ဆောင်ရွက်ရမည့်အရေးကြောင့် ရပ်ဆိုင်းခဲ့ရသည်။

ဂျပန်အစိုးရအနေဖြင့် ကုန်သွယ်ရေးအငြင်းပွားမှုနှင့်ပတ်သက်၍ တာဝန်ယူဖြေရှင်းပေးခြင်းမရှိသကဲ့သို့ ရပ်ဆိုင်းနေသည့် ကိစ္စရပ်များကိုလည်း ဆက်လက် တိုးတက်အောင်ဆောင်ရွက်မည့် အလားအလာမရှိကြောင်း တောင်ကိုရီးယားကုန်သွယ်ရေးဝန်ကြီးက ဇွန် ၂ ရက်တွင် ပြောကြားခဲ့သည်။

ပြီးခဲ့သည့် မေ ၁၂ ရက်တွင် တောင်ကိုရီးယားကုန်သွယ်ရေး ဝန်ကြီးက ဂျပန်၏ ပို့ကုန်ထိန်းချုပ်ကန့်သတ်မှု ဆောင်ရွက်ချက်ကြောင့် တောင်ကိုရီးယား၏ ပို့ကုန်စီမံခန့်ခွဲမှုစနစ်နှင့် ပတ်သက်၍ ခြေလှမ်းသစ်ကို စတင်မည်ဖြစ်သည်ဟု ထောက်ပြကာပို့ကုန်ထိန်းချုပ်မှုကို မေလအကုန်တွင် ဖြေလျှော့ပေးရန် တိုက်တွန်းခဲ့သည်။ ဂျပန်နိုင်ငံက အဆိုပါပြဿနာသည် တောင်ကိုရီးယား၏ စီးပွားရေးကို ထိခိုက်နိုင်လောက်သည့် ထိန်းချုပ်မှုမျိုးမဟုတ်ဘဲ ဒုတိယကမ္ဘာ့စစ်အတွင်းကဖြစ်ပွားခဲ့သည့် နှစ်နိုင်ငံအကြား အငြင်းပွားမှုကိုအခြေတည်၍ ဂျပန်နိုင်ငံအား တုံ့ပြန်ခြင်းဖြစ်ကြောင်း ဆိုသည်။

အလားတူ ဇွန် ၃ ရက်တွင် ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံခြားရေး ဝန်ကြီးနှစ်ဦးသည် တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ကြပြီး ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်ကုမ္ပဏီများက အဓမ္မအလုပ်ခိုင်းစေခြင်းခံခဲ့ရသည့် သူများအတွက် နစ်နာကြေးပေးရမည်ဆိုသည့် တောင်ကိုရီးယားတရားရုံး၏ စီရင်ချက်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ရှေ့မတိုးသာနောက်မဆုတ်သာဖြစ်နေသည့် အနေအထားကို ဖြေရှင်းနိုင်ရန် အနီးကပ်သံတမန်လမ်းကြောင်းမှ နီးနီးကပ်ကပ် ပြောဆိုဆက်သွယ်ဆွေးနွေးမှုများ ဆက်လက် ဆောင်ရွက်ရန်ကိုလည်း နှစ်နိုင်ငံအကြား သဘောတူခဲ့ကြသည်။

**နန္ဒာဝင်း (စီးပွားရေးသံမှူး)**
**မြန်မာသံရုံး၊ တိုကျိုမြို့**

# မြင်းမူနှင့် မြောင်မြို့နယ်များသို့ ဈေးကွက်စောင့်ကြည့်စစ်ဆေး

စစ်ကိုင်းခရိုင်၊ စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးတင်အောင်ကျော်(လ/ညွှန်ကြားရေးမှူး)၊ စစ်ဆေးအရာရှိတာဝန်ခံ၊ ဌာနခွဲတာဝန်ခံ၊ မြင်းမူ၊ မြောင်မြို့နယ်တာဝန်ခံများနှင့် မိတ်ဖက်ဌာနဆိုင်ရာများ ပူးပေါင်း၍မြင်းမူ၊ မြောင်စည်ပင်သာယာဈေးများသို့ COVID – 19 ကာကွယ်ရေးဆိုင်ရာ ကျန်းမာရေး အထောက်အကူပြုပစ္စည်းများအား ဈေးနှုန်းမြင့်တင်ရောင်းချခြင်း ရှိ/မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးတင်အောင်ကျော် (လ/ထညွှန်ကြားရေးမှူး)၊ စစ်ဆေးရေး အရာရှိတာဝန်ခံများ၊ ဌာနခွဲတာဝန်ခံ၊ မြင်းမူ၊ မြောင်မြို့နယ်တာဝန်ခံများနှင့် မိတ်ဖက်ဌာနဆိုင်ရာများး မြင်းမူ၊ မြောင်စည်ပင်သာယာဈေးများသို့ COVID – 19 ကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများအား ဈေးကွက်စောင့်ကြည့်ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာတွင် ဈေးအတွင်းရောင်းချလျှက်ရှိသော ဈေးသူ/သားများအား စားသောက်ကုန်ပစ္စည်းများ ဈေးနှုန်းမြင့်တင်ရောင်းခြင်း ရှိ/မရှိ၊ မြန်မာဘာသာဖြင့် ဖော်ပြထားသောကုန်အညွှန်းအမှတ်အသားများတွင် စားသုံးကုန်များ ပြည့်စုံစွာပါရှိသည့်ကုန်စည်များကို ရွေးချယ်ရောင်းချရန် အသိပညာပေး ဆွေးနွေးပြောကြားခဲ့ပါသည်။ ဆက်လက်၍ ရောင်းချနေသော စားသုံးကုန်စည်မှ သက်တမ်းလွန်၊FDA တားမြစ်စားသောက်ကုန်များ တားမြစ်ခြင်းလည်း ဆောင်ရွက်ခဲ့ပြီး ဈေးပိုင်ရှင်များအား လက်ကမ်းစာစောင်များလည်း ဖြန့်ဝေခဲ့ပါကြောင်း သတင်းရရှိပါသည်။


**ယဉ်အောင် ( DOCA- စစ်ကိုင်း)**

# မွန်ပြည်နယ်အတွင်းရှိ စားသောက်ဆိုင်များ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်ခွင့်ပြုရေး ကွင်းဆင်းစစ်ဆေး

မွန်ပြည်နယ်အတွင်းရှိ စားသောက်ဆိုင်နှင့် လက်ဖက်ရည်ဆိုင်များ၌ ဆိုင်ထိုင်စားသောက်ခွင့်အား သတ်မှတ် စည်းကမ်းချက်များနှင့်အညီ ပြန်လည်ခွင့်ပြုနိုင်ရေးအတွက် မြို့နယ်ကြီးကြပ်စစ်ဆေးရေးအဖွဲ့ဖြစ်သော စည်ပင်သာယာရေးအဖွဲ့၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ဇွန် ၁ ရက်တွင် မော်လမြိုင်မြို့နယ်၊ ကျိုက်မရောမြို့နယ်၊ သံဖြူဇရပ်မြို့နယ်နှင့် ဘီးလင်းမြို့နယ်များရှိ စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များသို့ သွားရောက်၍ ကွင်းဆင်းစစ်ဆေးခြင်းများကို ဆောင်ရွက်ခဲ့ကြပြီး စားသုံးသူရေးရာ ဦးစီးဌာနမှ မြို့နယ်အလိုက်တာဝန်ခံများက အဖွဲ့ဝင်အဖြစ် ကြီးကြပ်စစ်ဆေးရေးအဖွဲ့များနှင့်အတူ ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့သည်။ ထိုသို့ စစ်ဆေးရာတွင် သတ်မှတ်စည်းကမ်းချက်များအညီ လိုက်နာဆောင်ရွက်ထားရှိသည့် စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များအား ပြန်လည်ဖွင့်လှစ်ခွင့်ပြုနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပြီး သတ်မှတ်စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ခြင်းမရှိပါက သတိပေးခြင်း၊ ဒဏ်ငွေချမှတ်ခြင်း၊ လုပ်ငန်းအား ကာလ အကန့်အသတ်တစ်ခုအထိ ပိတ်သိမ်းခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သိရှိရပါသည်။

**ထယ်စိုင်း (ခေမရဋ္ဌ)**

# ကချင်ပြည်နယ်၏ ကုန်သွယ်မှုအခြေအနေ



ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့် ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၀ ပြည့်နှစ် မေ ၂၃ ရက်မှ ၂၉ ရက်များအတွင်း တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူး ငှက်ပျော၊ ကြိမ်၊ ငရုတ်သီး၊ ဖရဲသီး၊ ပဲပုပ်နှင့် ဧည့်မထဆန်များ တင်ပို့ခဲ့ကြောင်း သိရှိရသည်။

လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ငွေပမာဏသည် ၁၀၇၁၆၆၅ ကန်ဒေါ်လာဖြစ်ပြီး၊ ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏမှာ ၃၂၀၆၉၃၆ ဒသမ ၅၂၄ ဒေါ်လာဖြစ်၍ တင်ပို့ကုန်၏ငွေပမာဏ စုစုပေါင်းတန်ဖိုးမှာ ၄၂၇၈၆၀၁ ဒသမ ၅၂၄ ကန်ဒေါ်လာတင်ပို့မှုရှိခဲ့သည်။

သွင်းကုန်ပစ္စည်းများမှာ ကွန်ပေါင်းခာတ်မြေဩဇာ၊ လေးဘီးလယ်ထွန်စက်၊ ပီနန်အိတ်နှင့် အမိုးသွပ်ပြားတို့ ဖြစ်ပါသည်။ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ တင်သွင်းကုန်၏ငွေပမာဏမှာ ကန်ဒေါ်လာ ၁၂၁၇၄၅၃ ဖြစ်ပြီး၊ ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့အမှန်တင်သွင်းကုန်၏ငွေပမာဏမှာ ကန်ဒေါ်လာ ၂၀၃၀၆၀ ဖြစ်၍ တင်သွင်းကုန်၏ စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၁၄၂၀၅၁၃ တင်သွင်းမှုရှိခဲ့ပါသည်။

**ဂွမ်ဂျာလ (မနောမြေကုန်သွယ်မှုဇုဟိုဌာန)**

# မုံရွာမြေပဲဆန်ပေါက်ဈေးနှုန်းနှင့် ဈေးကွက်အခြေအနေ

ယခုတစ်ပတ်အတွင်း မုံရွာကုန်စည်ဒိုင်မှာအရောင်းအဝယ်သွက်နေသော ဆီထွက်သီးနှံဖြစ်သည့် မြေပဲလုံးဆန်ဈေးကွက်မှာ ပြည်ပဝယ်လက်နှင့် ဒေသတွင်းဝယ်လက်များရှိ၍ အဝင်ရှိသလောက် အရောင်းအဝယ်သွက်နေကြောင်း သိရသည်။

မြေပဲလုံးဆန်နီများကို တရုတ်သို့တင်ပို့သည့်ကုန်သည်မှ ဝယ်ယူပြီး လုံးဆန်ဖြူကို မန္တလေးနှင့် မုံရွာဆားလှော်သမားများမှ ဝယ်ယူလျက်ရှိကြောင်း သိရသည်။ မြေပဲလုံးဆန် ပေါက်ဈေးနှုန်းများမှာ လုံးဆန်(ဖြူ) တစ်ပိဿာ ကျပ် ၂၉၀၀ မှ ၂၉၅၀၊ လုံးဆံ(နီ) ကျပ် ၃၀၀၀ မှ ၃၀၅၀ ပေါက်ဈေးရှိကြောင်း သိရပါသည်။ ယခင်နှစ်ကာလတူအချိန် ပေါက်ဈေးနှုန်းမှာ မြေပဲဆန်တစ်ပိဿာပေါက်ဈေးနှုန်းမှာ လုံးဆန်(ဖြူ) ၂၉၅၀ ကျပ်မှ ၃၀၀၀ ကျပ်၊ လုံးဆန်(နီ) ၃၀၀၀ ကျပ်မှ ၃၁၀၀ ကျပ်နှုန်းဖြစ်၍ ယခင်နှစ်ကာတူပေါက်ဈေးနှုန်းအတိုင်း ရရှိနေကြောင်း သိရပါသည်။ စားသုံးဆီပေါက်ဈေးနှုန်းများမှာ နှမ်းဆီတစ်ပိဿာ ကျပ် ၆၂၀၀၊ မြေပဲဆီတစ်ပိဿာ ကျပ် ၅၉၀၀၊ စားအုန်းဆီတစ်ပိဿာကျပ် ၁၆၀၀-၁၆၂၀ ထိပေါက်ဈေးရှိကြောင်း သိရသည်။

**ကြည်ကြည်နွယ် (ဇေယျာကုန်သွယ်မှုဇုဟိုဌာန)**

## နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

(၁) မြန်မာကုန်သွယ်မှုဇုဟိုဌာန (Myanmar Trade Center) ဖုန်း-၀၁ ၂၅၄၀၂၄ ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com

(၂) Myanmar-EU Trade Help Desk ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ အီးမေးလ်- mmeu.tradehelpdesk@gmail.com

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

(၁) ရန်ကုန်တိုင်းဒေသကြီး — ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com

(၂) ပဲခူးတိုင်းဒေသကြီး(အနောက်) — ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020

(၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) — ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036

(၄) ဧရာဝတီတိုင်းဒေသကြီး — ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com

(၅) မန္တလေးတိုင်းဒေသကြီး — မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com

(၆) ရခိုင်ပြည်နယ် — စစ်တွေမြို့။ Fax:043-23426,Ph:043-23426

(၇) မကွေးတိုင်းဒေသကြီး — အခိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197

(၈) ရှမ်းပြည်နယ်(တောင်ပိုင်း) — အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com

(၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) — ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034

(၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) — အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039

(၁၁) ကရင်ပြည်နယ် — ဘားအံမြို့။ Fax:058-21666,Ph:058-21041

(၁၂) တနင်္သာရီတိုင်းဒေသကြီး — ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012

(၁၃) ကချင်ပြည်နယ် — အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459

(၁၄) ကယားပြည်နယ် — (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com

(၁၅) မွန်ပြည်နယ် — အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318

(၁၆) စစ်ကိုင်းတိုင်းဒေသကြီး — သာစည်လမ်း၊ ဒေါနဖြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

Vol: 20, No.16 Monday June 8 2020




**တနင်္ဂနွေသားသမီးများ** ဒီရက်တွေအတွင်းမှာ အလုပ်ပြောင်းခြင်း၊ အိမ်ပြောင်းခြင်း၊ နေရာပြောင်းခြင်း၊ တာဝန်ပြောင်းခြင်း စတာတွေကို ဦးစားပေးသင့် ပါတယ်။ စာရင်းဇယားကိစ္စ၊ စာချုပ်ကိစ္စတွေ ရှုပ်ထွေးတတ်ပါတယ်။ အကြော၊ ခါး ကျန်းမာရေးဂရုစိုက်ပါ။ အချစ်ရေး၊ အိမ်ထောင်ရေးမှာ ကောင်းသော အပြောင်းအလဲတွေ ပေါ်ပေါက်လာပါလိမ့်မယ်။ **၁၀ အစ ထီကိုထိုးပါ။ ယတြာ။** ။ ကံဇာတာပွင့်လန်းရန် ကလေးငယ်လေးဦးကို စာအုပ်ဒါနလုပ်ပြီး ဆုတောင်းပါလေ။ ရောင်းချင်သော ပစ္စည်းတွေကို အုန်း ၁ ညွှန့်+ ရွက်လှ ၄ ညွှန့်နဲ့ ရိုက်ပါလေ . . . ။

**တနင်္လာသားသမီးများ** ဒီရက်တွေအတွင်းမှာ မတင်မကျဖြစ်နေသောကိစ္စများကို ပြတ်ပြတ်သားသားဆုံးဖြတ်ခြင်းနှင့် စပ်တူရှယ်ယာအလုပ်များကို ဦးစားပေးသင့်ပါတယ်။ အမှုပတ်တာ၊ ကြားညပ်တာ၊ ပြောဆိုဖြေရှင်းရတာမျိုးတွေ ကြုံတတ်ပါတယ်။ ဆေးရုံ၊ ဆေးခန်းနဲ့ ပတ်သက်ရတတ်ပါတယ်။ အချစ်ရေး၊ အိမ်ထောင်ရေးမှာ ဆုံးဖြတ်ရခက်တာတွေ ကြုံလာတတ်ပါတယ်။ **၁၄ ဂဏန်းအစထီထိုးပါ။ ယတြာ။** ။ ကံဇာတာပွင့်လန်းရန် ဆေးဝါး၊ ဓာတ်စာ အလှူဒါနလုပ်ပြီး ဆုတောင်းပါလေ။ ရောင်းချင်သောပစ္စည်းတွေကို ကံ့ကော် ၂ ညွှန့်+ သပြေ ၆ ညွှန့်နဲ့ ရိုက်ပါလေ . . . ။

**အင်္ဂါသားသမီးများ** ဒီရက်တွေအတွင်းမှာ ဘာမဆို စိတ်ရှည်ရှည် ခေါင်းအေးအေးနဲ့ ဆောင်ရွက်ဖို့ အရေးကြီးပါတယ်။ အရေးကြီးတဲ့ အလုပ်ကြီးတွေကို ရုတ်တရက် မဆုံးဖြတ်သင့်ပါဘူး။ အမှားအယွင်း၊ အလွဲအချော်တွေများနေတတ်ပါတယ်။ အချစ်ရေးနှင့် အိမ်ထောင်ရေးမှာ မတင်မကျ အခြေအနေတွေ ကြုံရတတ်ပါတယ်။ **၁၂ ဂဏန်းအစ ထီထိုးပါ။ ယတြာ။** ။ ကံဇာတာပွင့်လန်းရန် မွေးနံထောင့်မှာ တံခွန် ၁၂ လက် လှူပြီး ဆုတောင်းပါလေ။ ရောင်းချင်သော ပစ္စည်းတွေကို သွားကြားထိုးတံနဲ့ တို့ပါလေ . . . ။

**ဗုဒ္ဓဟူးသားသမီးများ** ဒီရက်တွေအတွင်းမှာ လုပ်ငန်းအသစ်စခြင်း၊ အစီအစဉ်အသစ်များ စတင်ခြင်း၊ ခရီးသွားခြင်း၊ နေရာထိုင်ခင်း ပြင်ဆင်ပြောင်းရွှေ့ခြင်းတွေကို ဦးစားပေးသင့်ပါတယ်။ သေချာစီစဉ် ချိတ်ဆက်ထားတဲ့ကိစ္စကြီးတွေ လွဲချော်သွားတတ်ပါတယ်။ ကျန်းမာရေးအညံ့ဘက်ကို များတတ်ပါတယ်။ အချစ်ရေး၊ အိမ်ထောင်ရေးမှာလည်း အညံ့များတတ်ပါတယ်။ **၃၄ ဂဏန်းအစ ထီထိုးပါ။ ယတြာ။** ။ ကံဇာတာပွင့်လန်းရန် မွေးနံထောင့်တွင် သာသနာ့အလံ ၁၃ လက် လှူပြီး ဆုတောင်းပါလေ။ ရောင်းချင်သောပစ္စည်းတွေကို ကံ့ကော် ၂ ညွှန့်+ မေမြို့ ၅ ပွင့်နဲ့ ရိုက်ပါလေ . . . ။

**ကြာသပတေးသားသမီးများ** ဒီရက်တွေအတွင်းမှာ ညှိနှိုင်းရခက်နေသောကိစ္စများကို စေ့စပ်ညှိနှိုင်းခြင်း၊ အဖိုးတန်ပစ္စည်း ဝယ်ခြင်း၊ ရောင်းခြင်းတွေကို ဦးစားပေးသင့်ပါတယ်။ လူရင်းထဲက သစ္စာဖောက်သွားတတ်ပါတယ်။ အအေးမိခြင်းကို သတိပြုပါ။ အချစ်ရေးနှင့် အိမ်ထောင်ရေးမှာ အထစ်အငေါ့တွေပြေလည်သွားမယ်။ **၅၄ ဂဏန်းအစ ထီထိုးပါ။ ယတြာ။** ။ ကံဇာတာပွင့်လန်းရန် မြတ်စွာဘုရားမှာ အအေးဖျော်ရည် နှစ်မျိုးကပ်လှူပြီး ဆုတောင်းပါလေ။ ရောင်းချင်သောပစ္စည်းတွေကို စံပယ် ၈ ကုံးနဲ့ ရိုက်ပါလေ . . . ။

**သောကြာသားသမီးများ** ဒီရက်တွေအတွင်းမှာ ခရီးသွားလာရေးကိစ္စတွေကို ဦးစားပေးသင့်ပါတယ်။ ခရီးတိုတွေလည်း တစ်ခုပြီးတစ်ခုသွားနေရတတ်ပါတယ်။ သေချာစီစဉ်ထားတဲ့ကိစ္စတွေ၊ ချိန်းဆိုထားတဲ့အလုပ်တွေ မရေမရာကြုံရတတ်ပါတယ်။ ကျန်းမာရေးမှာ နေ့တစ်မျိုး၊ ညတစ်မျိုးဆိုတာမျိုး ဖြစ်နေတတ်ပါတယ်။ အချစ်ရေးနှင့် အိမ်ထောင်ရေးမှာ ကတိပျက်စရာတွေ ကြုံရတတ်ပါတယ်။ **၄၂ ဂဏန်းအစ ထီထိုးပါ။ ယတြာ။** ။ ကံဇာတာပွင့်လန်းရန် ခရီးသွားမယ့်လူကို ခရီးစရိတ်ပံ့ပိုးရင်း ဆုတောင်းပါလေ။ ရောင်းချင်သော ပစ္စည်းတွေကို နို့ဆီခွက်နဲ့ ခေါက်ပါလေ . . . ။

**စနေသားသမီးများ** ဒီရက်တွေအတွင်းမှာ အလုပ်လျှောက်ခြင်း၊ အဓိဋ္ဌာန်ကိစ္စ၊ အောက်လက်ငယ်သား အလုပ်သမားနှင့် ပတ်သက်သောကိစ္စများ၊ ကျန်းမာရေးကိစ္စတွေကို ဦးစားပေးသင့်ပါတယ်။ မယူချင်သောတာဝန်၊ မတွေ့ချင်သောလူတွေနဲ့လာပြီး ပတ်သက်ရတတ်ပါတယ်။ ဘာခေါင်းစဉ်တပ်ရမှန်း မသိဘဲ ကျန်းမာရေး ညံ့တတ်ပါတယ်။ အချစ်ရေးနှင့် အိမ်ထောင်ရေးမှာ အကြပ်ကိုင်ခံရသလို ကြုံရတတ်ပါတယ်။ **၈၄ ဂဏန်းအစ ထီကိုထိုးပါ။ ယတြာ။** ။ ကံဇာတာပွင့်လန်းရန် ခွေးများကို အစာကျွေးရင်း ဆုတောင်းပါလေ။ ရောင်းချင်သော ပစ္စည်းတွေကို ရွှေရည်ငွေရည် ဖျန်းတောက်ပါလေ . . . ။

# COVID-19 ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း အရေးကြီး ကုန်စည်များ ဈေးနှုန်းတည်ငြိမ်မှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေး

မအူပင်ခရိုင် စားသုံးသူရေးရာ ဦးစီးဌာနမှ ဒုခရိုင်ဦးစီးမှူး ဦးအောင်ဇော်ဦးနှင့် ဝန်ထမ်းများသည် မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်သာယာရေး ဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်း ပါဝင်သောအဖွဲ့သည် ဇွန် ၃ ရက် နံနက် ၉ နာရီတွင် မအူပင်မြို့ပေါ်ရှိ ကမ်းသာယာဈေး၊ မြို့မဈေးနှင့် အခြေခံစားသောက်ကုန်ဆိုင်များသို့ သွားရောက်၍ COVID-19 ကာလအတွင်း ဈေးနှုန်းတည်ငြိမ်မှု ရှိ၊ မရှိကို သွားရောက်ကွင်းဆင်း စစ်ဆေးခဲ့သည်။

အဆိုပါ ကွင်းဆင်းစစ်ဆေး စိစစ်ရာတွင် ဆန်၊ ဆီ၊ ဆားနှင့် အခြားသော စားသောက်ကုန်များ၊ ဆေးဝါးများနှင့် အခြေခံလူသုံးကုန်ပစ္စည်းများမှာ အပြောင်းအလဲ များစွာမရှိဘဲ တည်ငြိမ်လျက်ရှိကြောင်း သိရသည်။

**Consumer -MT**

# ဖျာပုံ ပြည်သူ့ဆေးရုံကြီးဝင်းအတွင်းရှိ မုန့်မျိုးစုံနှင့် အချိုရည်ဆိုင်များအား ရှောင်တခင်စစ်ဆေး

ဖျာပုံမြို့နယ် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေးကော်မတီမှ ကျန်းမာရေး၊ စည်ပင်၊ ရဲတပ်ဖွဲ့နှင့် စားသုံးသူရေးရာ ဦးစီးဌာနမှ စစ်ဆေးရေးအရာရှိနှင့် ဝန်ထမ်းများ ပူးပေါင်း၍ စားသုံးသူများ အသုံးပြုမည့်ကုန်စည်များတွင် အသုံးပြုရန် အာမခံချက်မရှိသည့် ကုန်စည်များအား ဈေးကွက်အတွင်းမှ ပပျောက်စေရန်ရည်ရွယ်၍ မေ ၂၇ ရက်တွင် ဖျာပုံမြို့ ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း ရောင်းချနေသော မုန့်မျိုးစုံဆိုင်နှင့် အချိုရည်အရောင်းဆိုင်များအား ရှောင်တခင်ဝင်ရောက်စစ်ဆေးခဲ့ကြောင်း သိသည်။

အဆိုပါအရောင်းဆိုင်များမှ သက်တမ်းလွန်နေသော တာလီယွမ်ချောကလက်ကိတ် အထုပ်သေး ၄၀ ခု၊ All Day အချိုရည် ခုနစ်ဘူး၊ Max+အချိုရည်ဘူး အကြီးသုံးဘူးနှင့် ဘူးအသေးတစ်ဘူး၊ Sprite အချိုရည် ဘူးအကြီး ခြောက်ဘူးတို့ကို သိမ်းဆည်းရမိခဲ့ပြီး အဆိုပါမုန့် နှင့် အချိုရည်ဘူးများကို ဖျာပုံပြည်သူ့ဆေးရုံကြီးဝင်းအတွင်း၌ ဖျက်ဆီး၊ မြေမြှုပ်ခဲ့ကြောင်း သိရသည်။

**မင်းဇော်မွန် (ဖျာပုံ)**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | သယ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန် | ၉၅ စ/ပေ | ဟောလ်သီးသန့် | ၆၅၀ သိန်း | ကျောကပ်လမ်း | ၀၉/၂၅၀၃၇၆၃၇၉ |
| ၂။ | တိုက်ခန်း | ကျောက်မြောင်းလမ်းမကြီး၊ ပထမအတွင်းလမ်း | (၂၀ x ၃၀ )ပေ | BR (3) ခန်း | ၄ ◦ ၀ သိန်း | (၁) လဌားခန္နှန်း | ၀၉/၆၂၁၁၁၂၃ |
| ၃။ | ကွန်ဒို | စမ်းချောင်းမြို့နယ် | ၃၃၀၀ စ/ပေ | ဂုလ္လာ | ၁၄၀၀ သိန်း | အဆင့်မြင့်ပြင်ဆင်ပြီး၊ ဓာတ်လှေကားပါ | ၀၉/၄၀၂၀၇၁၉၂၂ |
| ၄။ | တိုက်ခန်း | တောင်ဥက္ကလာပမြို့နယ်၊ မြင်သာအတွင်းလမ်း၊ သံသုမာ | (၁၈ x ၅၅ )ပေ | BR (2) ခန်း | ၆၃၀ သိန်း | လမ်းသန့် | ၀၉/၄၀၂၀၇၁၉၂၂ |
| ၅။ | လုံးချင်းအိမ် | သယ်န်းကျွန်း၊ သုမင်္ဂလာအိမ်ရာ | မြေ ၆၄၀၀ စ/ပေ<br>အိမ် ၂၄၀၀ စ/ပေ | RC (2) ထပ် | ၂၅ သိန်း | (၁) လဌားခန္နှန်း | ၀၉/၅၁၁၇၂၆၂ |
| ၆။ | လုံးချင်းအိမ် | ဗဟန်း၊ တက္ကသိုလ်ရိပ်သာလမ်း | မြေ ၄၈၀၀ စ/ပေ | MB (3) ခန်း<br>RC (2) ခန်း | ၅၀ သိန်း | (၁) လဌားခန္နှန်း | ၀၉/၅၁၁၇၂၆၂ |
| ၇။ | မြေ/အိမ် | ပြင်ဦးလွင် | အိမ် ၂၄၀၀ စ/ပေ | BR (3) ခန်း<br>RC (2) ခန်း | - | | ၀၉/၅၁၁၇၂၆၂ |
| ၈။ | မြေ | ပြင်ဦးလွင်၊ အနီးစခန်း | (၄၀ x ၆၀)ပေ | မြေ၊ ခြံခတ်ပြီး | ၁၆၀ သိန်း | အုတ်ခတ် | ၀၉/၅၁၁၇၂၆၂ |
| ၉။ | မြေ | ပြင်ဦးလွင်၊ ညောင်နီရွာ | (၄၀ x ၆၀)ပေ | မြေ | ၁၅၀ သိန်း | | ၀၉/၅၁၁၇၂၆၂ |

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ပရိုဘောက် (၂၀၁၀) | L | ၁၅၅ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၂။ | အေဒီဗင် (၂၀၀၈) | F | ၁၂၅ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၃။ | ပရိုဘောက် (၂၀၁၁) | HH | ၂၂၀ သိန်း | စီအန်ဂျီ(၇၀) ၊ ရန်ကုန် |
| ၄။ | အာပီအာ(၄) (၂၀၁၁) | G | ၂၇၀ သိန်း | 1.8 ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | မတ်(စ်)အိပ်စ် (၂၀၀၅) | D | ၂၃၀ သိန်း | 2.5 ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | ဆူဇူကီး ဟိုက်ဂျက် (၂၀၀၇) | M | ၁၀၅ သိန်း | 0.6 ဓာတ်ဆီ၊ နယ် |
| ၇။ | နစ်ဆန်းဗင်နက်တီပစ်ကပ် (၂၀၀၃) | F | ၁၀၀ သိန်း | 2.4 ဒီဇယ်၊ ရန်ကုန် |
| ၈။ | ဝစ် (၂၀၀၄) | F | ၂၂၅ သိန်း | 1.8 ဓာတ်ဆီ၊ ရန်ကုန် |
| ၉။ | အပ်ကား (နှစ် ၂၀) | - | ၁၀၀ သိန်း | ကားကောင်း |

# သတိထားဆင်ခြင်ပါ Online ဈေးဝယ်ကုမှာ

နိုင်ဦး (DOCA)

တစ်ကမ္ဘာလုံးတွင် ကူးစက်ပြန့်ပွားလျက်ရှိသော COVID-19 အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကြောင့် တစ်ဦးချင်းမှစ၍ လိုက်နာဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများ ကမလိုအပ်ဘဲအပြင်မထွက်သီးသန့်နေထိုင်နိုင်ရေး၊ မဖြစ်မနေ သွားလာရပါကလည်း အနည်းဆုံး တစ်ဦးနှင့်တစ်ဦး ခြောက်ပေ အကွာ သွားလာရေး၊ နှာခေါင်းစည်းတပ်ဆင်အသုံးပြုရေး၊ လက်များ ကို ဆပ်ပြာနှင့် လက်သန့်စင်ဆေးရည်များကိုအသုံးပြုကာ မကြာခဏ ဆေးကြောရေး၊ မိမိကိုယ်တိုင်နှင့် မိမိ၏ မိသားစု၊ မိမိပတ်ဝန်းကျင်ရှိ မိတ်ဆွေများရောဂါဘယကင်းစင်ရေးအတွက် ထုတ်ပြန်ထားသော ကျန်းမာရေးဆိုင်ရာ အသိပညာများကိုလိုက်နာရင်း လူမှုဆက်ဆံရေး နယ်ပယ်တွင် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေကြရသည်။ စားရေး၊ ဝတ်ရေး၊ နေရေးဟူသည့် အရေးသုံးပါးကိုမူ နေ့စဉ် ဖြတ်သန်းဆောင် ရွက်လျက်ရှိကြသဖြင့် အဆင်ပြေအောင် အစိုးရ၊ အသင်းအဖွဲ့၊ လုပ်ငန်းရှင်၊ ပရဟိတသမားများကတတ်နိုင်သလောက် ပါဝင်ကူညီ ထောက်ပံ့ပေးလျက်ရှိသလို တခြားလိုအပ်လျက်ရှိသောပစ္စည်းများ အတွက်မူနီးစပ်ရာရောင်းဝယ်ရေးလုပ်ငန်းများနှင့် ချိတ်ဆက်ကာ ဖြေရှင်းဆောင်ရွက် လျက်ရှိသည်။

ယနေ့ကမ္ဘာကြီး၏ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်သည် မြန်ဆန် လှသည်။ အထူးသဖြင့် နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် ကမ္ဘာကြီးသည် ရွာကြီးတစ်ရွာကဲ့သို့ဖြစ်လာနေသည်။ကမ္ဘာ့အရှေ့ ခြမ်း၊ တောင်ခြမ်း၊ မြောက်ခြမ်း၊ အနောက်ခြမ်းမှ သတင်းအချက် အလက်များသည် မိနစ်ပိုင်းအတွင်း တစ်ကမ္ဘာလုံး သိရှိလာကြသည်။ စီးပွားရေးလုပ်ငန်းရှင်များကလည်း အညှံ့မခံပေ၊ ခေတ်မီလာသော ဆက်သွယ်ရေးစနစ်ကို အသုံးပြု၍မိမိထုတ်လုပ်သော ကုန်စည် ဝန်ဆောင်မှုလုပ်ငန်းများ တွင်ကျယ်ထိရောက်မှုရှိရန်၊ အမြတ်အစွန်း များရရှိရန် ဆောင်ရွက်လာကြသည်။ ထို့ကြောင့်ပင် Online ရောင်း ဝယ်ရေးစနစ်သည် တစ်စတစ်စနှင့် တိုးတက်လာခဲ့ရာ ဈေးကွက်အသွင် ဖြစ်ပေါ်လာခဲ့သည်။ မိမိထုတ်လုပ်သော ကုန်စည်များနှင့် ပတ်သက် ၍ အကုန်အကျနည်းစွာဖြင့် တစ်ကမ္ဘာလုံးသို့ အချိန်တိုအတွင်း ဖော်ပြ နိုင်ခြင်း၊ မိမိဖောက်သည်များ၏ အချိန်ကိုချွေတာ၍ လိုအပ်သော ပစ္စည်းများအိမ်အရောက်ပို့ပေးခြင်း၊ ကြော်ငြာထားသော ပစ္စည်းများ အတိုင်း မှန်ကန်တိကျစွာဆောင်ရွက်ပေးခြင်းစ သည့် အားသာချက် များကြောင့် အချိန်တိုအတွင်း အောင်မြင်လာခဲ့ခြင်းဖြစ်သည်။ လုပ်ငန်းရှင်ရော၊ စားသုံးသူများအတွက်ပါ ကောင်းမွန်သည့် ဈေးကွက် ကြီးတစ်ခုဖြစ်သည်။

အထူးသဖြင့် ခရီးသွားလာရေးကိစ္စများ၊ လူသုံးအိမ်သုံးပစ္စည်း မှာယူခြင်းကိစ္စများ၊ ငွေပေးချေမှုကိစ္စများစသည်တို့တွင် Online စနစ်ကိုအသုံးပြု၍ အများဆုံးဆောင်ရွက်လျက်ရှိပါသည်။ စားသုံးသူ များထိုင်ရာကမထ၊ လုပ်ငန်းခွင်မပျက် လိုအပ်သောပစ္စည်းများကို တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် ကတိကဝတ်များအတိုင်း ဆောင် ရွက်နေ၍ စားသုံးသူများ အချိန်ကုန် သက်သာ၊ လူပင်ပန်းမှုသက်သာ သလိုလုပ်ငန်းရှင်များသည်လည်း အကျိုးအမြတ်ရရှိသဖြင့် စားသုံးသူ လည်းစိတ်ချမ်းသာ၊ လုပ်ငန်းရှင်လည်းစိတ်ကျေနပ်သဖြင့် ကောင်း မွန်သောရောင်းဝယ်မှုစနစ်တစ်ခုဖြစ်သည်။ နိုင်ငံတကာတွင်လည်း Online ရောင်းဝယ်မှုပုံစံအတိုင်းပင် ဆောင်ရွက်လျက်ရှိကြသည်။ တစ်ချို့သောနိုင်ငံတကာ Online စနစ်ဖြင့် ရောင်းဝယ်ကြသော ကုမ္ပဏီကြီးများသည် စနစ်ကျသော ဆောင်ရွက်မှုပုံစံများကြောင့် စားသုံးသူများအကြိုက် တွေ့ကာ ကမ္ဘာကျော်ကုမ္ပဏီကြီးများအဖြစ် ပင် ရောက်ရှိနေကြပြီ ဖြစ်သည်။ မြန်မာနိုင်ငံတွင်မူ ဆက်သွယ်ရေး စနစ် ကောင်းမွန်လာမှုကြောင့် Online ဈေးကွက်သည် မြေစမ်းခရမ်း ပျိုးအဆင့်မှ ဖွံ့ဖြိုး တိုးတက်ရန် အရှိန်ကောင်းနေပြီဖြစ်သည်။ မကြာမီ ဖွံ့ဖြိုးတိုးတက်လာမည်ဟုယူဆရပေသည်။ နေရာတကာတွင် Online ဈေးကွက်သည် တွင်ကျယ်နေသည်။ မှန်ကန်စွာဆောင်ရွက်၍ စီးပွား ရေးကျင့်ဝတ်နှင့်အညီ တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် စားသုံးသူ များကို စေတနာထားဆောင်ရွက်ပေးပါက ကောင်းမွန်သောရောင်း ဝယ်မှုအဖြစ် အကျိုးခံစားမှုများစွာရရှိမည့် လုပ်ငန်းတစ်ခုဖြစ်သည်။

သို့သော် ဆွမ်းဆန်ထဲကြွက်ချေးရောဆိုသကဲ့သို့ စီးပွားရေး ကျင့်ဝတ်နှင့်အညီ ဆောင်ရွက်မှုမရှိသောလုပ်ငန်းရှင်အချို့ကြောင့် အရှိန်အဟုန်ဖြင့် ကြီးထွားလာလျက်ရှိသော Online ရောင်းဝယ်မှု ဈေးကွက်ကြီးတွင် အမည်ဂုဏ်သတင်းများ အမည်းစက်ထင်လာ သည်။ ကြော်ငြာထားသည့် ကုန်ပစ္စည်းနှင့် အမှန်လက်ခံရရှိသည့် ကုန်ပစ္စည်းအရည်အသွေးကိုက်ညီမှုမရှိခြင်း၊ ဆင်တူရိုးမှား ကုန်ပစ္စည်း များပေးပို့ခြင်း၊ စားသုံးသူထံမှ ငွေကိုကြိုတင်တောင်းခံထားသော်လည်း မှာထားသောပစ္စည်းများအား ပေးပို့မှုမရှိခြင်း၊ အချိန်မီမရောက်ရှိခြင်း၊ ဖြစ်သင့်သောတန်ဖိုးထက် များပြားခြင်း၊ ရက်ချိန်းမမှန်ခြင်း စသည့် အချက်များကြောင့် စားသုံးသူများသည် Online Shopping လုပ်ငန်း များအပေါ် ယုံကြည်မှုလျော့နည်းလာပြီး တဖြည်းဖြည်း ပျောက်ကွယ် သွားသည့် အခြေအနေသို့ ရောက်ရှိသွားမှာ စိုးရိမ်ရပါသည်။ ခေတ်နှင့် အညီ ကြီးထွားတိုးတက်လာသော Online ရောင်းဝယ်ရေးဈေးကွက် ကို အဟန့်အတားဖြစ်နေသော ဘယ်သူသေသေ ငတေမာလျှင်ပြီးရော ဟူသည့် စိတ်ထားဖြင့် တစ်နပ်စားလုပ်ငန်းရှင်အချို့ကြောင့် စီးပွား ရေးကျင့်ဝတ်နှင့် အညီဆောင်ရွက်သောလုပ်ငန်းရှင်များ၊ စားသုံးသူ များ၏ ထိခိုက်နစ်နာဆုံးရှုံးမှုများကိုကာကွယ်ရန် ခေတ်နှင့်အညီ ဆောင်ရွက်ရန်လိုအပ်လာသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူ ရေးရာဦးစီးဌာနသည် စားသုံးသူကာကွယ်ရေးဥပဒေ (၂၀၁၉) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စားသုံးသူများထိခိုက်နစ်နာဆုံးရှုံးမှုများ အား ကာကွယ်ပေးခြင်းလုပ်ငန်းရှင်များအား စီးပွားရေးကျင့်ဝတ်များနှင့် အညီ စားသုံးသူများအား ဘေးဥပဒ်အန္တရာယ် ကင်းရှင်း၍၊ ထုတ်ကုန် များလုံခြုံစိတ်ချရမှုရှိသည့် နိုင်ငံတကာသတ်မှတ်ချက်များနှင့်အညီ ထုတ်လုပ်ထားသော ကုန်စည်များအားထုတ်လုပ်ရန် ဆောင်ရွက်ရန် အတွက် လမ်းဖောက်ပေးလျက်ရှိသော ဦးစီးဌာနတစ်ခုဖြစ်ပါသည်။ ပြဋ္ဌာန်းထားသောဥပဒေသည် ညီညွတ်မျှတသည့် စီးပွားရေးဈေးကွက် ဖြစ်ပေါ်လာရေးအတွက်သာရည်ရွယ်ပါသည်။ စီးပွားရေးကျင့်ဝတ်နှင့် အညီ ဆောင်ရွက်သောလုပ်ငန်းရှင်များ ရေရှည်ရပ်တည်နိုင်ရေး၊ Online ဈေးကွက်ကြီးမားလာမှုကို ဟန့်တားနေသော မသမာသူ လုပ်ငန်းရှင်များကို ဈေးကွက်အတွင်းမှ ကွယ်ပျောက်သွားစေရေး အတွက်သာ ရည်ရွယ်ပြဋ္ဌာန်းထားခြင်း ဖြစ်ပါသည်။

တရားဝင် Online Shopping လုပ်ငန်းလုပ်ကိုင်နေသူများ သည် စားသုံးသူဖောက်သည်များရရှိရန် အချိန်ကုန်၊ ငွေကုန်၊ လူပန်း ကြိုးစားထားကြရသည်။ Account ဖွင့်၍ Page တင်ကြရသည်။ ၎င်းသည်ကို အခြားသူများက လွယ်လွယ်ကူကူ ကြော်ငြာပုံများ ရောင်းချမည့် ပစ္စည်းများ၏ပုံများကို ကူးယူ၍ ကြားဖြတ်အမြတ်ထုတ် ခြင်း သို့မဟုတ် အော်ဒါကောက်ခြင်းပြုလုပ်မှုသည် စီးပွားရေး လုပ် သူအချင်းချင်း မတရားပြုလုပ်ရာရောက်နေသည်ကို သတိပြုသင့်ပါ သည်။ ယခင်က ရောင်းသူနှင့်ဝယ်သူနှစ်ဦးနှစ်ဖက် အချိန်ကုန်၊ လူပန်း သက်သာ၍ အကျိုးပြုစီးပွားရေးဈေးကွက်တစ်ခုဖြစ်ခဲ့သော်လည်း မရိုးမဖြောင့်သော လုပ်ငန်းရှင်တစ်ချို့ကြောင့် ဈေးကွက်မပျောက် ကွယ်ရေး၊ စားသုံးသူများ ထိခိုက်နစ်နာဆုံးရှုံးမှုမဖြစ်ပေါ်စေရေး အတွက် ကိုယ်စီအသိစိတ်ဓာတ်ဖြင့် စားသုံးသူများကို စေတနာထား ကာ Online လုပ်ငန်းရှင်အချင်းချင်း စနစ်တကျ ထိန်းကျောင်း ဆောင် ရွက်ပေးကြရန် လိုအပ်ပါသည်။

ထို့ပြင် စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်များရှိ စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံ ဆောင်ရွက်ရေးစင်တာ (Consumer Imformation Complain Centre) (CICC) ရုံးများတွင် Online ဈေးကွက်ဖြန့်ချိရေးလုပ်ငန်းကြောင့် စားသုံးသူများ၏ အခွင့်အရေးချိုးဖောက်ခံရခြင်း၊ ထိခိုက်နစ်နာဆုံးရှုံး ခြင်းများကြုံတွေ့ရပါက ကုန်စည်နှင့်ဝန်ဆောင်မှုများအတွက်ပါ တိုင် ကြားနိုင်ပါသည်။ စားသုံးသူရေးရာဦးစီးဌာနမှလည်း စားသုံးသူတို့၏ အခွင့်အရေးများဆုံးရှုံးခြင်း၊ ကုန်စည်၊ ဝန်ဆောင်မှု လုပ်ငန်းများနှင့် ပတ်သက်၍ နစ်နာဆုံးရှုံးမှုများကို ကုစားဖြေရှင်းပေးလျက်ရှိပါသည်။

စားသုံးသူများမှလည်း Online ပေါ်တွင် ရောင်းသူနှင့် ဝယ်သူ ကြားအဆင်မပြေမှုများ၊ ပဋိပက္ခများ၊ ထိခိုက်နစ်နာဆုံးရှုံးမှုများ မဖြစ်စေရေးအတွက် သတိထားဆောင်ရွက်ရန် လိုအပ်ပါသည်။ ယုံကြည်မှုဖြင့် ငွေကြိုတင်ပေးချေခြင်း၊ စည်းကမ်းသတ်မှတ်ချက်များ မထားဘဲပစ္စည်းအမျိုးအမည်ကိုသာဖော်ပြခြင်း၊ ငွေကြေးသက်သာ မှုများကိုအလေးထားခြင်းများမဆောင်ရွက်သင့်ပေ။ စည်းကမ်း သတ်မှတ်ချက်များနှင့် ကိုက်ညီရေးဈေးနှုန်းမျှတရေး၊ ပစ္စည်းရောက်မှ ငွေပေးချေရေးတို့ကိုဂရုပြုဆောင်ရွက်သင့်ပါသည်။

လက်ရှိတွင် Online Shopping ရောင်းဝယ်ရေးနှင့် ပတ်သက် ၍ တာဝန်ယူမှု၊ တာဝန်ခံမှုမရှိခြင်း၊ သတ်မှတ်ဈေးနှုန်း အတိုင်းငွေ ပေးချေပြီးဖြစ်သော်လည်းထပ်မံကောက်ခံခြင်း၊ ဝယ်ယူသောပစ္စည်း များနှင့်ပတ်သက်၍ အာမခံမှုမရှိခြင်းစသည့်အချက်များနှင့် ပတ် သက်၍ စားသုံးသူများနစ်နာဆုံးရှုံး၍ တိုင်ကြားမှုများကပိုမို များပြား လာနေပါသည်။ စားသုံးသူများမှ မြန်မာတို့၏ စိတ်ရင်းအတိုင်း အားနာ၍ ခါးပါခြင်းမဖြစ်ရအောင် တစ်ဖက်ထိခိုက်နစ်နာမည်စိုး၍ ရင်ငုံနှုတ်ပိတ်နေပါက မရိုးမဖြောင့်သော မသမာမှုပြုလုပ်သော လုပ်ငန်းရှင်များကို အားပေးအားမြှောက်ပြုရာရောက်သည်။ စီးပွားရေး ကျင့်ဝတ်နှင့်အညီ ဆောင်ရွက်သော လုပ်ငန်းရှင်များကို ထိခိုက် နစ်နာစေရာရောက်သည်ကို သတိပြုသင့်ပါသည်။

လက်ရှိ ကမ္ဘာ့နိုင်ငံ အသီးသီးသည် မိမိနိုင်ငံခေတ်မီဖွံ့ဖြိုးတိုး တက်ရေးအတွက် စနစ်အမျိုးမျိုးကို မိမိနိုင်ငံ၏တည်နေရာ အနေ အထား၊ လူမျိုး၊ ဘာသာရေးယုံကြည်ချက်များအရ အသုံးပြုခဲ့ကြသည်။ ရှေးယခင်က နိုင်ငံတစ်နိုင်ငံ ရေရှည်တည်တံ့နိုင်ရန်၊ ပုံမှန်ဖွံ့ဖြိုး တိုးတက်ရန်အတွက် အမာခံပစ္စည်းသည် ရွှေဟု ယူဆကြ၍ ရွှေစု ဆောင်းရေးစနစ်ကို ကျင့်သုံးခဲ့ကြသည်။ နောက်ပိုင်းတွင် သဘာဝ ဘေး၊ စစ်မက်ဘေးများကြုံတွေ့လာရသောအခါ စုဆောင်းထားသော ရွှေများကိုအခြားစားစရာ၊ အသုံးအဆောင်ပစ္စည်းများနှင့် ဖလှယ် ကြရာမှ ကုန်သည်စနစ်ပေါ်ပေါက်လာသည်။ မိမိနိုင်ငံမှ ပိုလျှံသော ပစ္စည်းများကိုအသုံးပြု၍ မိမိနိုင်ငံအတွက်လိုအပ်သောပစ္စည်းရရှိ ရန်ဆောင်ရွက်ကြသည်။ အမြတ်အစွန်းများရရှိရန် စွန့်စားသွားလာ ရောင်းဝယ်ကြသည်။ ထိုအခါ ကုန်သည်အချင်းချင်းကုန်ကူးသန်း ရောင်းဝယ်ရာတွင်ဝေစုမတည့်ခြင်း၊ အမြတ်အစွန်းရရှိမှုနည်းပါး လာခြင်းများကြောင့် ဈေးကွက်အပိုင်ရရှိရန် မြေယာများသည် အဓိကကကျသည့် စနစ်ပေါ်ပေါက်လာသည်။ ထို့ကြောင့် စစ်မက် များဖြစ်ပွား၍ တိုင်းနိုင်ငံများကိုစစ်ပြုသိမ်းပိုက်ကာစီးပွားရေးဈေး ကွက် ချဲ့ထွင်ရန်ကြိုးစားလာကြသည်။ အရင်းရှင်စီးပွားရေးစနစ်၊ ဆိုရှယ်လစ်စီးပွားရေးစနစ် စသည်ဖြင့် အဆင့်ဆင့်ပြောင်းလဲခဲ့ရာ ယနေ့အချိန်အခါတွင် ဈေးကွက်စီးပွားရေးစနစ်သည် လွန်စွာ ခေတ်စား၍ ဈေးကွက်ကိုလွှမ်းမိုးနိုင်ရေး၊ ချုပ်ကိုင်နိုင်ရေး၊ အကျိုး အမြတ်ကြီးမားစွာရရှိရေးအတွက် နည်းလမ်းပေါင်းစုံကိုအသုံးပြု၍ ဆောင်ရွက်နေသည့် အချိန်ကာလဖြစ်သည်။

ထို့ကြောင့်ပင် လုပ်ငန်းရှင်များသည် မိမိလုပ်ငန်းရေရှည်ရပ် တည်နိုင်ရေး၊ တိုးတက်ရေး၊ အခြားလုပ်ငန်းများနှင့် ယှဉ်ပြိုင်နိုင် ရေး အတွက် ကြိုးစားလာကြသည်။ နည်းပညာများကိုအသုံးပြု၍ ခေတ် မီသောကုန်ပစ္စည်းများတိုးတက်ထုတ်လုပ်၍ လုပ်ငန်းတူလုပ်ငန်းရှင် များကိုဈေးကွက်အတွင်းမှ ဖယ်ရှားနိုင်ရန် ကြိုးစားနေကြသည်။ ပစ္စည်းချင်းတူနေလျှင် ဈေးနှုန်းသက်သာရေး၊ ဈေးနှုန်းသက်သာတာ ချင်းတူနေလျှင်အမြင်လှလှအသွင်ကြွကြွထုပ်ပိုး၍၊ ကြော်ငြာအား ကောင်းကောင်းဖြင့် ဆောင်ရွက်ရေးစသည်ဖြင့် အပြိုင်အဆိုင်ကြိုးစား ဆောင်ရွက်နေသည့် ကာလဖြစ်သည်။ ခေတ်နှင့် အညီရင်ဘောင်တန်း မလိုက်နိုင်ဘဲနေပါကနောက်ကောက်ကျကျန်ခဲ့မည်ဖြစ်ပါသည်။

ယနေ့ခေတ်တွင် ဖွံ့ဖြိုးတိုးတက်မှု အလျင်မြန်ဆုံးပစ္စည်း ကိုပြပါဆိုလျှင် လက်ကိုင်ဖုန်းများကို ပြရပေမည်။ မြန်မာနိုင်ငံအတွင်း ရှိ လူဦးရေ ၅၄ သန်းကျော်အနက် သန်း၄၀ ကျော်သည် တယ်လီဖုန်း များ ကိုင်ဆောင်နိုင်ခဲ့သည်က သက်သေပင်ဖြစ်သည်။

**စာမျက်နှာ (၂၆) သို့**




## ပြည်တွင်း အထည်ချုပ်လုပ်ငန်းများ အမှာအော်ဒါသစ်ရရန် အခက်အခဲနှင့် ရင်ဆိုင်နေရ

မြန်မာပြည်တွင်းရှိ အထည်ချုပ် လုပ်ငန်းအများစုမှာ လုပ်ငန်းလည်ပတ်ရန်အတွက် အော်ဒါအသစ်ရရှိရန် အခြားသော နိုင်ငံများနှင့် ယှဉ်ပြိုင်နေရသည့် အခြေအနေများ ရှိနေကြောင်း အထည်ချုပ် လုပ်ငန်းရှင်များထံမှ သိရသည်။

လက်ရှိ အထည်ချုပ်လုပ်ငန်းအ များစုက COVID - 19 ဂယက်ကြောင့် လာမယ့် ဇူလိုင်နှင့် ဩဂုတ်လအထိကို သတ်မှတ်ထားရှိပြီး လုပ်ကိုင် ဆောင်ရွက်နေရကြောင်း သိရသည်။

"အော်ဒါလက်ခံပြီးသားတွေက ဩဂုတ်လကုန်ထိ ရှိကြတာများတယ်။ စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာ သုံးလမှာဆိုရင် အော်ဒါကရှာလို့မရဘူးဖြစ်နေတယ်။ ဒါက နိုင်ငံတကာမှာ ဖြစ်နေတဲ့ ပြဿနာပါ။ ကိုယ့်တစ်နိုင်ငံတည်းမဟုတ်ဘူး။ နိုင်ငံတကာကလည်း ချုပ်နေကြတာပဲ"ဟု အထည်ချုပ် လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ကမ္ဘာ့နိုင်ငံများ၏ COVID - 19 ရောဂါကူးစက်မှု အခြေအနေများကြောင့် မြန်မာနိုင်ငံသားပိုင် အထည်ချုပ်စက်ရုံများအပြင် တရုတ်၊ ကိုရီးယား၊ ဂျပန်စသည့် နိုင်ငံခြားသားပိုင် အထည်ချုပ်စက်ရုံတွေပါ လုပ်ငန်းလည်ပတ်ရန် ဇူလိုင်၊ ဩဂုတ်လ အထိသာ တောင့်ခံထားကာ လုပ်ငန်းလည် ပတ်နေရခြင်းဖြစ်ပြီး အမှာအော်ဒါအသစ်ရရှိရန် အခြားနိုင်ငံများနှင့် ဆိုးဆိုးရွားရွား ယှဉ်ပြိုင်နေရကြောင်း သိရသည်။

လက်ရှိလုပ်ငန်းလည်ပတ်နေသည့် ကာလအတွင်းအထည်အမှာ အော်ဒါအသစ်များရရှိရန် ရှန်းကန်ရမှာဖြစ်ပြီး တခြားသော နိုင်ငံများနှင့် ယှဉ်ပြိုင်မှုကြီးမြင့်နေချိန်တွင် အမှာအော်ဒါသစ်များ ရရှိလာခဲ့ပါက အလုပ် လုပ်ကိုင်ချင်သည့် အလုပ်ရှင်/ အလုပ်သမားများကို ကန့်သတ်ချက်များ ဖြေလျှော့ပြီး လွတ်လပ်စွာ အလုပ်လုပ်ကိုင်ခွင့်ပြုပေးရန် လိုအပ်ကြောင်း လုပ်ငန်းရှင်များက တောင်းဆိုနေမှုများလည်းရှိကြောင်း သိရသည်။

**ချောစု**

## စာသင်ကျောင်းများမဖွင့်မီ COVID - 19 ကျန်းမာရေးဆိုင်ရာများကို ဆရာ၊ ဆရာမများအား အသေးစိတ်ပို့ချမည်

အခြေခံ ပညာကျောင်းများ ပြန်လည်မဖွင့်မီ COVID - 19 ကျန်းမာရေးဆိုင်ရာ အသိပညာများကို ဆရာ၊ ဆရာမများထံ အသေးစိတ်ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အခြေခံပညာ ကျောင်းများကို လာမည့်ဇွန် ၂၁ ရက်တွင် ပြန်လည်ဖွင့်လှစ်သွားမည် ဖြစ်သည့်အတွက် ကျောင်းသား/သူများနှင့် အတူရှိနေမယ့် ဆရာ၊ ဆရာမများကို COVID - 19 ကျန်းမာရေးဆိုင်ရာများ သေသေချာချာ လိုက်နာရန်၊ လေ့ကျင့်ရန်၊ သင်တန်းပေး ခြင်းနှင့် စည်းကမ်းတကျထိန်းချုပ်ခြင်းများကို လုပ်ဆောင်ပြီး ကျောင်းများ ဖွင့်ပါက ပိုမိုကောင်းမွန်နိုင်ကြောင်း ပညာရှင်များက သုံးသပ်ကြသည်။

"အဓိကက လူကြီးတွေ ဆရာ၊ ဆရာမတွေ ကိုယ်တိုင်ရော နားလည်ရဲ့လားဆိုတာလည်း အရေးကြီးတယ်။ ကျောင်းသားကျောင်းသူတွေက သူတို့ရဲ့ ထိန်းချုပ်မှုအောက်မှာ ရှိနေမှာ။ ရောဂါဖြစ်လာမှသာ ဆရာဝန်နဲ့ဆိုင်တာ။ အဲဒီတော့ ဆရာ၊ ဆရာမတွေကို တစ်ယောက်နဲ့ တစ်ယောက် ဘယ်လိုနေထိုင်ရမယ်ဆိုတာ၊ ခုံကအစ ဘယ်လိုနေထိုင်ရမယ် ဆရာ၊ ဆရာမတွေ အပင်ပန်းခံရမယ်။ အသေးစိတ်တော့ လုပ်သင့်တယ်"ဟု ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စာသင်ကျောင်းများ ပြန်ဖွင့်တော့မည်ဖြစ်သည့်အတွက် ရှိပြီးသားကျောင်း ကျန်းမာရေးအဖွဲ့အနေဖြင့် ကျောင်းသားကျောင်းသူများ Mask တပ်ခြင်း၊ လက်စနစ်တကျဆေးခြင်း၊ အပူချိန်တိုင်း ခြင်း၊ ကျောင်းသား/သူ အချင်းချင်း အတူနေထိုင်ခြင်းများကို ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနရဲ့ လမ်းညွှန်မှုများနှင့် ဂရုစိုက်လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း သိရသည်။

အခြေခံပညာကျောင်းများဖွင့်ပြီးနောက် နှစ်ပတ်အကြာတွင် အခြေခံပညာ အလယ်တန်းအဆင့်နဲ့ မူလတန်းအဆင့်များကို ဆက်လက် ဖွင့်လှစ်သွားမည်ဖြစ်ပြီး အဆိုပါ အခြေအနေပေါ် ဆရာဆရာမများအပါအဝင် ကျောင်းသား ကျောင်းသူ မိဘများကပင် စိုးရိမ်ပူပန်မှုများရှိကြောင်း သိရသည်။

**ချောစု**

## ဓာတ်အားစနစ် စွမ်းရည်မြှင့်တင်ရေးစီမံကိန်း ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်မည်

မြန်မာတစ်နိုင်ငံလုံး လျှပ်စစ်မီးရရှိနိုင်ရန် ဓာတ်အားစနစ် စွမ်းရည်မြှင့်တင်ရေးစီမံကိန်းကို ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်၏ ထုတ်ပြန်ချက်အရ သိရသည်။

မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု စက်မှုစွမ်းရည်တိုးမြှင့်နိုင်ရန်နှင့် နိုင်ငံ၏လျှပ်စစ်ဓာတ်အားပေးစနစ်အား ရာသီဥတုဒဏ်၊ သဘာဝဘေးအန္တရာယ်ဒဏ်များ ခံနိုင်စွမ်းကိုမြှင့်တင်နိုင်ရန် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်သွားမည့် စီမံကိန်းအတွက် ကမ္ဘာ့ဘဏ်၏ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေး ရန်ပုံငွေအသင်းမှ ချေးငွေ အမေရိကန်ဒေါ်လာသန်း ၃၅၀ အား ကမ္ဘာ့ဘဏ်၏ ဒါရိုက်တာဘုတ်အဖွဲ့ဝင်များက အတည်ပြုလိုက်ကြောင်း သိရသည်။

ထို့ပြင် ၂၀၁၅ ခုနှစ်က စတင် ဆောင်ရွက်ခဲ့သည့် ပဏာမကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ မြှင့်တင်ရေး စီမံကိန်းအတွက် ထပ်ဆောင်း ရန်ပုံငွေအဖြစ် အသုံးပြုရန် ချေးငွေ ကန်ဒေါ်လာသန်း ၁၁၀ ကိုလည်း ကမ္ဘာ့ဘဏ်က အတည်ပြုပေးခဲ့ကြောင်းသိရသည်။

မြန်မာတစ်နိုင်ငံလုံးအတွက် ၂၀၃၀ ပြည့်နှစ်တွင် လျှပ်စစ်ဓာတ်အား ရရှိနိုင်စေရေးအတွက် လာမည့် ငါးနှစ်မှ ခုနစ်နှစ်အတွင်း လက်ရှိလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုစွမ်းရည်အားနှစ်ဆ တိုးမြှင့်ရမည်ဖြစ်ရာ လျှပ်စစ်ဓာတ်အားစနစ် စက်စွမ်းရည်မြှင့်တင်ရေး စီမံကိန်းသည် ရွာမဓာတ်အားပေး စက်ရုံအား အဆင့်မြှင့်တင်သွားမည်ဖြစ်ကာ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ပြည်သူများ လျှပ်စစ်ဓာတ်အားတိုးတက် ရရှိနိုင်ပြီး လျှပ်စစ် ဓာတ်အားပြတ်တောက်မှုများ လျော့နည်းလာစေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

**ချောစု**

စာမျက်နှာ (၂၅) သတိထားဆင်ခြင်ပါ Online ရောင်းဝယ်ရာမှာ . . . မှအဆက်

ဤသို့ဖွံ့ဖြိုးလာသော စမတ်ဖုန်းများကိုအသုံးပြု၍ စီးပွားရေး နယ်ပယ် အသီးသီးတွင် ကြော်ငြာခြင်း၊ ဈေးကွက်ချဲ့ထွင်ခြင်း၊ ရောင်းဝယ်ခြင်း၊ သတင်းအချက်အလက်များဖြန့်ဝေခြင်းစသည့် လုပ်ငန်းများကို ငွေကြေးအင်အားနည်းနည်းဖြင့် အချိန်တိုအတွင်း ဆောင်ရွက်လာနိုင်ခဲ့သည်။ အချိန်ကုန်၊ ငွေကုန်၊ လူပန်းကိစ္စများကို လျှော့ချနိုင်ခဲ့သည်။

ထို့ကြောင့်ပင် လူမှုကွန်ရက်ပေါ်တွင် ကုန်စည်ဝန်ဆောင်မှု လုပ်ငန်းပေါင်းစုံသည် လူထုအကြားဖက်ရှင်သဘောသဖွယ် ကျယ်ပြန့်ကြီးမားလာပါသည်။ ရောင်းချသောလုပ်ငန်းရှင်က အကျိုးအမြတ်ရသည်။ ဝယ်ယူသူက အချိန်ကုန်သက်သာသည်။ ကောင်းမွန်သောလုပ်ငန်းများဖြစ်သည်။ ရောင်းသူကိုမမြင်ရ ဝယ်သူကိုမသိရသောလုပ်ငန်းရှင်တစ်ခုဖြစ်ပြီး ယုံကြည်စိတ်ချတန်ဖိုးထားမှုအပေါ် အခြေခံထားပါသည်။ ယနေ့ အချိန်အခါသည် ငွေနှင့်အချိန်ကို လဲလှယ်နေကြသည်။ ထိုအထဲတွင် မသမာသူလုပ်ငန်းရှင်များ၊ စီးပွားရေးကျင့်ဝတ်နှင့်အညီ ဆောင်ရွက်မှုမရှိသောလုပ်ငန်းရှင်များ၊ မိမိကိုယ်ကျိုးအတ္တအတွက်သာ ဦးတည်ဆောင်ရွက်သောလုပ်ငန်းရှင်များကြောင့် စားသုံးသူများ နစ်နာဆုံးရှုံးမှုများမှာ ဒုနှင့်ဒေးဖြစ်လာပါသည်။ လေထဲတွင် ရောင်းဝယ်မှုပြုကြသဖြင့်၊ ရောင်းသူနှင့် ဝယ်သူနှစ်ဦးသာ သိကြသဖြင့် အရေးယူတားမြစ်ဆောင်ရွက်မှုများ အားနည်းခဲ့သည်။

ကမ္ဘာ့နိုင်ငံအချို့တွင်လည်း အလားတူပင်ဖြစ်သည်။ ဥပဒေ၏ အားနည်းချက်များ၊ နိုင်ငံ၏ ဖြေလျှော့ပေးမှုများကို ကိုယ်ကျိုးစီးပွားအတွက် အသုံးချသောလုပ်ငန်းရှင်အချို့ကြောင့် စားသုံးသူများ၊ လုပ်ငန်းရှင်များ၏ နစ်နာဆုံးရှုံးမှုများကို ကုစားဖြေရှင်းပေးရေးအတွက် ဆောင်ရွက်နေကြသည်။ စားသုံးသူများ၏ လိုအပ်ချက်များကို အစွမ်းကုန်ဖြည့်ဆည်းပေးနိုင်ရန် ကြိုးစားနေကြသည်။ စားသုံးသူများ၏ စိတ်ကျေနပ်မှုပိုမိုရရှိရန် သုတေသနပြုလုပ်ငန်းများကို ဆောင်ရွက်နေကြသည်။ ကုမ္ပဏီအချင်းချင်း အမြတ်ဝေစုပိုမိုရရှိရေးအတွက် ဖြေလျှော့မှုများစွာကို ဆောင်ရွက်လျက်ရှိကြသည်။ မကြာမီက သတင်းတစ်ခုတွင် ကမ္ဘာကျော် ကုမ္ပဏီကြီးဖြစ်သည့် Amazon သည် စားသုံးသူ မှာယူသည့် ပစ္စည်းများကို အခမဲ့ပို့ဆောင်ပေးပြီး ဈေးကွက်ကို ထိုးဖောက်နေသည်။ လုပ်ငန်းရှင်ထံမှ ရာခိုင်နှုန်းလိုက် အကျိုးအမြတ် ဘီလီယံပေါင်းများစွာ ရရှိသည်။ အလားတူ Google နှင့် Apple ကုမ္ပဏီများသည်လည်း အလားတူပင်ဖြစ်သည်။

နိုင်ငံအသီးသီးတွင် Online ရောင်းဝယ်ရေးစနစ်သည်ပုံစံအမျိုးမျိုးဖြင့် ရှိနေကြသည်။ လုပ်ငန်းရှင်များလည်း တိုးတက်အောင်မြင်စေ၊ စားသုံးသူများ နစ်နာဆုံးရှုံးမှုမရှိသော Online ရောင်းဝယ်မှုဈေးကွက်ကြီး ခေတ်နှင့်အညီ ဖွံ့ ဖြိုးလာစေရန်၊ လုပ်ငန်းရှင်များရော စားသုံးသူများမှာပါ တာဝန်ရှိသည်။ လုပ်ငန်းရှင်များကလည်း စီးပွားရေးကျင့်ဝတ်နှင့်အညီ တာဝန်ခံမှုတာဝန်ယူမှုအပြည့်ဖြင့် စားသုံးသူ စိတ်ချမ်းသာစေရေးအတွက် ဝန်ဆောင်မှုပေးသင့်သည်။ စားသုံးသူများကလည်း သတင်းအချက်အလက်များကိုကြည့်ရှု၍ စိတ်ချယုံကြည်မှ ဝယ်ယူ၊ ရယူဆောင်ရွက်သင့်ပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတကာ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုနှင့်အညီ ပေါ်ပေါက်လာသော Online ရောင်းဝယ်ရေးဈေးကွက်ကျယ်ပြန့်စွာ ဖြစ်ပေါ်လာရေး၊ မျှတသော ဈေးကွက်ယှဉ်ပြိုင်မှုဖြစ်ပေါ်လာရေး၊ စားသုံးသူများကို ထိခိုက်နစ်နာဆုံးရှုံးမှုများမှ ကာကွယ်ပေးနိုင်ရေးအတွက် ထုတ်ပြန်ခဲ့သော အရင်းမစိုက် လေ့ထိုးလိုက်ကာ အောင်မြင်ဖွံ့ဖြိုးနေသော Online ဈေးကွက်ကို ဟန့်တားနှောင့်ယှက်လျက်ရှိသည့် မသမာသော ကိုယ်ပျောက် Online လုပ်ငန်းရှင်များ Online ဈေးကွက်မှ ကွယ်ပျောက်သွားစေရေးနှင့် စီးပွားရေးကျင့်ဝတ်နှင့်အညီစားသုံးသူများ၏ အခွင့်အရေးများကို အလေးထားသော၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုကို ဂရုစိုက်သောဘေးဥပဒ်အန္တရာယ် ကင်းရှင်းသောကုန်စည်ဝန်ဆောင်မှုများကိုသာ ထုတ်လုပ်၊ ရောင်းဝယ်ဆောင်ရွက်သော လုပ်ငန်းရှင်များအဖြစ်သို့ ရောက်ရှိနိုင်ရေး ဆောင်ရွက်ကြပါရန်၊ စားသုံးသူများကလည်း တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော Online ဈေးကွက်အတွင်းမှ စိတ်ကျေနပ်မှု၊ စိတ်ချမ်းသာမှုရရှိသည့် ကုန်စည်ဝန်ဆောင်မှုများကိုသာ ရွေးချယ်ရယူကြပါရန်၊ သို့မှသာ လုပ်ငန်းရှင်များရော၊ စားသုံးသူများပါ ညီညွတ်မျှတသော Online ရောင်းဝယ်ရေးစီးပွားရေး ဈေးကွက်ရေရှည် ဖွံ့ဖြိုးတည်တံ့မည်ဖြစ်ပါကြောင်း တိုက်တွန်းအပ်ပါသည်။

■

# ကုန်စည်ပြပွဲဆိုင်ရာ စာရွက်စာတမ်း၊ ထုပ်ပိုးမှုနှင့် သင်္ကေတများ

ကုန်စည်ပြပွဲသည် ပုံမှန်ထုတ်ကုန်သွင်းကုန်များ တင်သွင်းတင်ပို့ကြသကဲ့သို့ စာရွက်စာတမ်း၊ ထောက်ခံစာနှင့် အထူးကိုင်တွယ်မှုသတိပေးစာ (Special Handling Information) များပူးတွဲတင်ပို့ရန်များစွာ လိုအပ်ပေသည်။ စားသောက်ကုန်၊ ဆေးဝါးနှင့် အသီးအနှံတို့မှာ အထူးလိုအပ်သည်။ ကျောက်မျက်ရတနာများ၊ ကျောက်စိမ်းများသည်ပင် ပြပွဲလာညေ့သည်များက ထောက်ခံစာတောင်းခံလာပါက ထည့်ပေးရသည်။ ပြီးလျှင်ပစ္စည်းများပေးပို့သည့်အခါ သေသေချာချာထုပ်ပိုးရန် လိုအပ်သည်။ သို့ဖြစ်၍ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ထောက်ပံ့သယ်ယူပို့ဆောင်မှု (Logistics) ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များကို တစ်ပြေးညီတည်း သတ်မှတ်ထားခြင်း ဖြစ်သည်။

ပြပွဲပစ္စည်းများကို ကုန်စည်ပြပွဲကျင်းပသည့်နိုင်ငံရှိ ပြခန်းမအထိ ရောက်အောင်ပို့ပေးကြရသဖြင့် Professional Logistic Forwarder များကို ငှားရမ်းတင်ပို့ကြရသည်။ ထိုအခါ ထုပ်ပိုးပုံကအစအသေးစိတ်ဂရုစိုက်ကြရတော့သည်။ ပြပွဲပစ္စည်းများနှင့် ပတ်သက်၍ လမ်းခရီးတွင် အကောက်ခွန်စစ်ဆေးခြင်းကို ခွင့်မပြုပေ။ ကုန်တင်ပို့သည့် နိုင်ငံနှင့်ကုန်လက်ခံသည့် နိုင်ငံရှိပြခန်းရောက်မှသာ အကောက်ခွန်စစ်ဆေးမှုပြုလုပ်ကြရသည်။ ထို့ကြောင့် နိုင်ငံခြားတိုင်းပြည်များတွင် ပြပွဲပစ္စည်းများကို Hand Carry သယ်ဆောင်ခြင်းကို ခွင့်မပြုခြင်းဖြစ်သည်။ ကုန်တင်ပို့သည့်နိုင်ငံမှ ကုန်လက်ခံသည့်နိုင်ငံအထိ ရောက်အောင် မပျက်မစီးဘဲ၊ အပျောက်အရှမရှိဘဲရောက်ရှိရန်အတွက် ထုပ်ပိုးမှုကို အထူးဂရုစိုက်ရန်လိုသည်။

မြန်မာနိုင်ငံက ပြည်ပနိုင်ငံများသို့ ကုန်စည်ပြပွဲ သွားရောက်ပြသတော့မည်ဆိုလျှင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က ဦးဆောင်စည်းရုံးဆောင်ရွက်ရပါသည်။ ကုမ္ပဏီ၊ အဖွဲ့အစည်း၊ စီးပွားရေးလုပ်ငန်းရှင် (Exhibitors) များဖြစ်ကြသော မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၊ သမဝါယမဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရှင်များအသင်းချုပ်၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ သစ်လုပ်ငန်းရှင်များအသင်း၊ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ ခရီးသွားလုပ်ငန်းရှင်များအသင်းတို့ထံ ပါဝင်ပြသရန် အကြောင်းကြားရသည်။ ကုန်သည်/စက်မှုအသင်းချုပ်ကလည်း ညီနောင်အသင်းများဖြစ်သော စားသောက်လုပ်ငန်းရှင်များအသင်း၊ ဆန်စပါးအသင်းချုပ်၊ စက်မှုလုပ်ငန်းရှင်များအသင်း၊ အထည်ချုပ်အသင်း၊ ရော်ဘာအသင်း၊ နယ်စပ်ဒေသ ကုန်သွယ်မှုကုန်သည်အသင်းများနှင့် ပြည်နယ်/တိုင်းကုန်သည်/ စက်မှုအသင်းချုပ်များကိုလည်း၊ မိမိတို့၏ လုပ်ငန်းအလိုက် ထုတ်ကုန်တွေကို လိုက်ပါပြသနိုင်ရန်အတွက် ဆက်လက် ဖိတ်ကြားပေးရသည်။

သမဝါယမအသင်းချုပ်ဌာနလက်အောက်ရှိ လက်မှုပစ္စည်းလုပ်ငန်းရှင်များ၊ မြန်မာရိုးရာအဝတ်အစားရောင်းချသည့် ဆိုင်များလိုက်ပါပြသသည်ကို တွေ့ရသကဲ့သို့ သစ်လုပ်ငန်းရှင်များ အသင်း၏အသင်းဝင်များဖြစ်သော၊ သစ်ကုမ္ပဏီများကလည်း သစ်တောထွက်ပစ္စည်းနှင့်ပတ်သက်သော ထုတ်ကုန်များဖြစ်ကြသည့် ပရိဘောဂများ၊ ပန်းပုရုပ်များလည်း ပြသကြသည်ကို တွေ့ရသည်။ကျောက်မျက်ရတနာ၊ ကျောက်စိမ်းပစ္စည်းများမှာ ပြပွဲတိုင်း မပါမဖြစ် လိုက်ပါပြသလေ့ရှိသည်။

## (က) စာရွက်စာတမ်းများလိုအပ်ချက် (Documents)

ပြည်ပသို့ သွားရောက်ပြသသော၊ ကုန်ပစ္စည်းများနှင့် ပတ်သက်၍ One Stop Service တွင် စစ်ဆေးရန်အတွက် လိုအပ်သော စာရွက်စာတမ်းများမှာ-

- အထွေထွေခွင့်ပြုမိန့်(Open General Licence)၊
- ကုန်ရောင်းပြေစာ( Commercial Invoice)၊
- ထုပ်ပိုးစာရင်း ( Packing List)၊
- ထုတ်ကုန်ကြေညာလွှာ (Export Decleration) နှင့်
- အကောက်ခွန်ပြင်ပစစ်အဖွဲ့ခွင့်ပြုချက်စာတို့ဖြစ်သည်။

ပြပွဲလက်ခံကျင်းပသည့်နိုင်ငံက လိုအပ်၍ တောင်းခံလျှင် သင်္ဘောကုန်တင်တန်ဆာ (Bill of Lading)/လေကြောင်းကုန်တင်




တန်ဆာ (AirwayBill)၊ အာမခံ (Insurance Policy )၊ ကုန်ရောင်းပြေစာ /ထုပ်ပိုးစာရင်း(Invoice & Packing list)နှင့် ကုန်ရောင်းပြေစာစာရင်းချုပ် (Summary) တို့ပါတင်ပြရမည်။

ထို့ပြင် စားသောက်ကုန်ဖြစ်လျှင် FDAထောက်ခံချက် (သို့) Health Cartificate၊ မြန်မာအလှကုန် (ဥပမာ-သနပ်ခါး) ဖြစ်လျှင် Free Sale Certificate၊ ကျောက်မျက်ရတနာ၊ ကျောက်စိမ်းဖြစ်လျှင် Gem Lab Certificate နှင့်မော်တော်ကားဘီးအလွိုင်း Productive Certificateတို့မှာအထူးလိုအပ်သော စာရွက်စာတမ်းများဖြစ်ပါသည်။

ကုန်လက်ခံနိုင်ငံမှ အထူးတလည် တောင်းခံသော စာရွက်စာတမ်းများပြုလုပ်ပေးရန် လိုအပ်သည်။ သင်္ဘောတင်ကုန်တင်တန်ဆာနှင့် လေကြောင်းကုန်တင်တန်ဆာတို့မှာ သင်္ဘောလိုင်း၊ လေကြောင်းလိုင်းတို့မှ ရရှိနိုင်ပြီး ထုပ်ပိုးပစ္စည်းတွင် စက္ကူဖြင့်ထုပ်ပိုးတင်ပို့သည်မှာ ကိစ္စမရှိလှသော်လည်း ပြပွဲပစ္စည်း၏လိုအပ်ချက်အရ ထင်းရှူးသား၊ သစ်သားများဖြင့် ထုပ်ပိုးတင်ပို့ပါက ထင်းရှူးသား၊ သစ်သားများ စသဖြင့် ထုပ်ပိုးထားကြောင်း ထုပ်ပိုးစက်ရုံမှ ထောက်ခံစာလိုအပ်သည်။ ထင်းရှူးသားများမှာ မီးလောင်လွယ်သော ပစ္စည်း (Flaimable Items)များဖြစ်သောကြောင့် ဖြစ်သည်။ သစ်သီးဝလံနှင့် ပန်းမျိုးစုံတို့မှာ ပိုးမွှားကင်းစင်ကြောင်းလက်မှတ် (Phytosanitary Cartificate)နှင့် အချိုရည်တို့မှာ (FDA Certificate) တို့ လျှောက်ထားရယူရန် လိုအပ်သည်။ အတွေ့အကြုံအရ နန်နင်း ကုန်စည်ပြပွဲသို့ သွားရောက်ခင်းကျင်းပြသသော မြန်မာထုတ်ကုန်ဖြစ်သည့် လက်ဖက်နှင့်ဆီးဖျော်ရည်တို့မှာ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ FDA Certificate မပါသဖြင့် အခက်အခဲနှင့် ကြုံတွေ့ရဖူးလေသည်။

ပြပွဲများတွင် အထူးအရေးကြီးသည့်အချက်မှာ အထူးကိုင်တွယ်မှုဆိုင်ရာညွှန်ကြားချက် (Special Handling Instrucion) လိုက်နာရန်ပင် ဖြစ်သည်။ ဖရဲသခွားနှင့် သရက်သီး၊ ငှက်ပျောသီးတို့မှာ စင်တီဂရိတ်မည်၍မည်မျှတွင် ထားပေးရန် ကြိုတင်အကြောင်းကြားရသကဲ့သို့ ကျောက်မျက်ရတနာများအတွက် လုံခြုံရေးအဖွဲ့များ လေဆိပ်အကူးအပြောင်းတွင် ထားရှိပေးရန်နှင့် သက်ဆိုင်ရာပြပွဲရှိရာ မြို့သို့ရောက်လျှင်၊ လေဆိပ်မှပြပွဲခန်းမသို့လည်းကောင်း၊ ပြပွဲခန်းမမှ ပစ္စည်းထားရှိရာ မီးခံသေတ္တာ (Vault)ခန်းသို့ လည်းကောင်း၊ တာဝန်ယူပို့ဆောင်ပေးရန် ကြိုတင်အကြောင်းကြားထားရန်လိုသည်။

## (ခ) ထုပ်ပိုးမှုဆိုင်ရာအချက်အလက်

ကုန်ပစ္စည်းပြပွဲများတွင် ထုပ်ပိုးမှုဆိုင်ရာ အချက်အလက်ကလည်း အရေးပါလှသည်။ လမ်းခရီးတွင် အဆင့်ဆင့် လွှဲပြောင်းတင်ကြရသဖြင့် ပြပွဲကုန်ပစ္စည်းများ မထိခိုက်ရန်လိုသည်။ ဖြစ်နိုင်လျှင် စက္ကူပုံးထက် သစ်သားသေတ္တာများ အသုံးပြုက ပို၍သင့်တော်သည်။ ဆုံးရှုံးမှုများ၊ ပျက်စီးထိခိုက်မှုများ၊ ကုန်ပစ္စည်းထုတ်ယူရာတွင် ကြန့်ကြာမှုများ မဖြစ်ပေါ်စေရန်အတွက် ပြပွဲပစ္စည်းများကို သေးသေးမွှားမွှား အထုပ်ကလေးများ ထုပ်ပိုးခြင်းမပြုရန်လို၏။ တစ်ထုပ်လျှင်

ညီညီအောင်

အနည်းဆုံးတစ်ကုဗစင်တီမီတာရှိရပေမည်။ လေဆိပ် သိုလှောင်ရုံများသည် တစ်ခါတစ်ရံ ကုန်ကျပ်ပါက သိုလှောင်ရုံအပြင်ဘက် ကုန်ချထားရသည့်အခါ မိုးဒဏ်လေဒဏ်ခံနိုင်ရန်အတွက် ပြပွဲပစ္စည်းများကို သေချာစွာထုပ်ပိုးကြရန် လိုသည်။ စက္ကူကာတွန်းပုံများဖြင့် ထုပ်ပိုးပြီးတင်ပို့ပါက လျှော့တိလျှော့ရဲထုပ်ပိုးခြင်းကို ရှောင်ရန်လိုသည်။ မိမိတို့၏ ပြပွဲပစ္စည်းပုံးများပေါ်တွင် သင်္ဘောတင်အမှတ်အသား (Marking) နှင့် လိပ်စာကတ် (Label)ချိတ်ဆွဲကပ်ထားရန် လိုသည်။သို့အတွက် ပြပွဲပစ္စည်းများ တင်ပို့တင်သွင်းကြရာတွင် အောက်ပါအချက်တို့ကို ပြုလုပ်ရန်မမေ့ကြရန်လိုသည်။

(က) အထုပ်တိုင်းတွင်သုံးဘက်မျက်နှာပြင်တွင် ပြပွဲခင်းကျင်းသူကုမ္ပဏီ၏ လိပ်စာအပြည့်အစုံ BoothNumber၊ ကုန်ပစ္စည်းအမည်၊ အရေအတွက် စသည်တို့ပါရှိရမည်။

(ခ) အတိုင်းအတာများကို ဖော်ပြရာတွင် မက်ထရစ်စနစ်(Metric) ကိုသာ ဖော်ပြရမည်။

(ဂ) ကွဲတတ်သောပြပွဲပစ္စည်းများပါဝင်သည့် အထုပ်များတွင် ကွဲတတ်ကြောင်း အမှတ်အသား လေဘယ်တံဆိပ်များ၊ စတစ်ကာများ ကပ်ထားရမည်။

(ဃ) သိုလှောင်ရုံပြင်ပတွင် ထားရန်မသင့်တော်သော ပြပွဲပစ္စည်းများဖြစ်ပါက အထုပ်ဘေးနှစ်ဖက်တွင် ထီးပုံသင်္ကေတ အမှတ်အသား ကပ်ထားရမည်။

(င) အထုပ်တွင် အတင်အချများလွန်းလျှင် အစင်းကြောင်းများဖြစ်တတ်သဖြင့် အထုပ်၏ မည်သည့်နေရာတွင် သိုင်းကြိုးများချည်နှောင်ရမည်ကို သေချာစွာညွှန်ပြရမည်။ သိုင်းကြိုးများကိုလည်း အပိုထည့်ပေးထားပြီး ကြိုးအပိုဟုရေးသားဖော်ပြရမည်။

(စ) ဝမ်းပုံပစ္စည်းများဖြစ်ပါက အထုပ်အတွင်း မညီမညာဖြစ်နေလျှင် CENTRE OF GRAV-ATY, FRONT & BACK ဟူသော အမှတ်အသားကို ရေးသားဖော်ပြရပါမည်။

ထုပ်ပိုးမှုဆိုင်ရာ အချက်အလက်သင်္ကေတများမှာ လက်တွေ့အသုံးပြုရာတွင် ယခုထက်ပိုမိုများ ပြားနေတတ်သည်။ ပြပွဲပစ္စည်းများအပေါ်တွင် ထုပ်ပိုးသင်္ကေတများ ပြည့်စုံအောင် တပ်မပေးပါက ကုန်စည်ပြပွဲကျင်းပသည့် နိုင်ငံရှိ အကောက်ခွန်သိုလှောင်ရုံအတွင်း ပျက်စီးပျောက်ဆုံးတတ်သည်။ သို့အတွက် ကုန်စည်ပြပွဲသွားရောက်ခင်းကျင်းပြသမည့် ကုမ္ပဏီများ၊ လုပ်ငန်းရှင်များအနေဖြင့် အခြေခံကျသည့် စာရွက်စာတမ်းအထောက်အထားများနှင့် ကုန်ပစ္စည်းများထုပ်ပိုးမှုကို အလေးထားဆောင်ရွက်ကြစေလိုပေသည်။ စာရွက်စာတမ်း၊ ထုပ်ပိုးမှုများ၊ ထုပ်ပိုးမှုဆိုင်ရာ သင်္ကေတများ အရေးကြီးသကဲ့သို့ ပြပွဲနှင့်တွဲဖက်၍ တွေ့မြင်ကြရမည့် ပြပွဲဆိုင်ရာ သင်္ကေတအချို့ကိုလည်း အလျဉ်းသင့်၍ ဖော်ပြပေးလိုက်ပါသည်။

■

# မြောင်းမြခရိုင်အတွင်း ကုန်စုံဆိုင်များ ကွင်းဆင်းအသိပညာပေး

ဧရာဝတီတိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာန၊ မြောင်းမြခရိုင်ဦးစီးမှူးရုံးများမှ ဝန်ထမ်းများသည် မြောင်းမြခရိုင်အတွင်းရှိ မြို့နယ်များဖြစ်သော မြောင်းမြ၊ အိမ်မဲ၊ လပွတ္တာ၊ မော်လမြိုင်ကျွန်းမြို့နယ်များရှိ ကုန်မျိုးစုံဆိုင်များအား ဇွန် ၄ ရက်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပူးပေါင်း၍ မြို့ပေါ်ရှိကုန်စုံဆိုင်များအား COVID-19 ကာကွယ်ထိန်းချုပ် ကုသရေးကာလအတွင်း အများပြည်သူအား ဈေးနှုန်းမြှင့်တင်ရောင်းချမှုမရှိစေရေးအတွက် သွားရောက် အသိပညာပေးခဲ့သည်။

ဇွန် ၆ ရက်တွင် မြောင်းမြခရိုင်အတွင်း ကွင်းဆင်းခဲ့ရာ မြောင်းမြ ခရိုင်ဦးစီးမှူးရုံးမှ ဌာနခွဲမှူးဦးလှထွန်းဦးက မြောင်းမြမြို့ပေါ်ရှိ မြို့မဈေး၊ အိမ်မဲမြို့နယ် တာဝန်ခံ ဦးလေးလွင်က အိမ်မဲမြို့ပေါ်ရှိ မြို့မဈေး၊ လပွတ္တာမြို့နယ် ဦးစီးမှူး ဦးဝင်းမင်းစိုးက လပွတ္တာမြို့ရှိ ရွှေနဒီရေပေါ်ဈေး၊ မော်လမြိုင်ကျွန်းမြို့နယ် ဦးစီးမှူး ဦးမင်းဇော်လတ်က မော်လမြိုင်ကျွန်းမြို့ရှိ မြို့မဈေးတို့အား စည်ပင်သာယာအဖွဲ့ဖြင့် ပူးပေါင်းပြီး ကုန်စုံဆိုင်များအား COVID-19 ကာကွယ်ထိန်းချုပ်ကုသရေးကာလအတွင်း စားသုံးကုန်ပစ္စည်းများဈေးကွက်အတွင်း ဈေးနှုန်း မြှင့်တင်ရောင်းချခြင်း၊ ဈေးနှုန်းမြှင့်တင် ဖြန့်ဖြူးခြင်း သို့မဟုတ် ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းတို့ မဖြစ်စေရေးနှင့် စိစစ်တွေ့ရှိပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ(ပုဒ်မ-၅)အရ အရေးယူခံရမည်ဖြစ်ကြောင်းတို့ကို အသိပညာပေးခဲ့ကြောင်း သိရှိရသည်။

**စိုးဝင်း (မြောင်းမြ)**

## ဗန်းမော်မြို့တွင်း အဖွဲ့စုံဖြင့် ကွင်းဆင်းစစ်ဆေး

ကသာခရိုင်၊ ဗန်းမော်မြို့နယ်၊ ဗန်းမော်မြို့ပေါ်ရှိ ကုန်စုံဆိုင်များ၊ ဆေးနှင့် ဆေးပစ္စည်းအရောင်းဆိုင်များ၊ အလှကုန်ဆိုင်များ၊ ဒေသတွင်းထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိသော မုန့်ဖိုများ၊ သောက်ရေသန့်စက်ရုံများကို ဇွန် ၄ ရက်တွင် ခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနနှင့် သက်ဆိုင်ရာ ဗန်းမော်မြို့နယ်မှ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ် ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးကော်မတီတို့ဖြင့် ပူးပေါင်း၍ ရှောင်တခင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် FDA က တားမြစ်ထားသော အစားအသောက်များ၊ အလှကုန်များ၊ ဆေးဝါးများ ရောင်းချခြင်းရှိ/မရှိနှင့် ရောင်းချခြင်းမရှိစေရန် ပညာပေး၊ သတိပေးခြင်းများ ပြုလုပ်ခဲ့သည်။ စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးသန်းပိုကလည်း ၂၀၁၉ ခုနှစ်တွင် ထုတ်ပြန်ထားသော စားသုံးသူကာကွယ်ရေးဥပဒေပါ စီးပွားရေးနှင့် လုပ်ငန်းရှင်များ လိုက်နာရမည့် တာဝန်များနှင့် အခန်း(၁၈)၊ ပုဒ်မ(၄၁)ပါ ကုန်အညွှန်းအမှတ်အသားများဖော်ပြရာတွင် မဖြစ်မနေ လိုက်နာဆောင်ရွက်ရမည့် အချက်အလက်များ ပြည့်စုံစွာ ဖော်ပြရန်နှင့်ဖော်ပြခြင်း မရှိပါက စားသုံးသူကာကွယ်ရေးဥပဒေ ပုဒ်မ(၇၃)အရ အရေးယူခံရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။

**အေးမွန်သန့် (ကသာ)**

## ပြည်ခရိုင်အတွင်း စားသုံးသူကာကွယ်ရေးဥပဒေနှင့် ကိုက်ညီသော ကုန်စည်များအား စိစစ်ခွင့်ပြုပေးလျက်ရှိ

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ပြည်ခရိုင်အတွင်းရှိစီးပွားရေးလုပ်ငန်းရှင်များက ထုတ်လုပ် ဖြန့်ဖြူးရောင်းချလျက်ရှိသော ကုန်စည်များအား စားသုံးသူကာကွယ်ရေးဥပဒေ (၂၀၁၉)နှင့်အညီ ကုန်အညွှန်းအမှတ်အသားပေါ်တွင် ရေးသားဖော်ပြရမည့်အချက်များနှင့် ကိုက်ညီမှုရှိစေရေး စိစစ်ခွင့်ပြုပေးခြင်းလုပ်ငန်းအား ၂၀၁၉ ခုနှစ် နိုဝင်ဘာလမှစ၍ ပဲခူးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှတစ်ဆင့် ရုံးချုပ်ထုတ်ကုန်လုံခြုံစိတ်ချရမှုဌာနခွဲသို့ တင်ပြဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ထိ ပြည်ခရိုင်အတွင်းရှိ သောက်ရေသန့်၊ စားသုံးဆီ၊ ဒေသထွက် ယိုမျိုးစုံ၊ အချိုရည်၊ ခေါင်းလျှော်ရည်၊ အမှုန့်ကြိတ်လုပ်ငန်း၊ ပေါင်မုန့်၊ လက်ဖက်ခြောက်၊ လက်ဖက်နှင့် အကြော်စုံစသည့်လုပ်ငန်းများမှ တင်ပြလျှောက်ထားလာသော ကုန်ပစ္စည်းအမယ်ကုန်အညွှန်းအမှတ်တံဆိပ်ပေါင်း ၁၄၂ မျိုးအား စားသုံးသူကာကွယ်ရေးဥပဒေ (၂၀၁၉)နှင့်အညီ စိစစ်ခွင့်ပြုပေးပြီးဖြစ်ပါကြောင်းနှင့် ဆက်လက်၍ စီးပွားရေးလုပ်ငန်းရှင်များမှ တင်ပြလျှောက်ထားလာမှုများကိုလည်း စိစစ်လက်ခံဆောင်ရွက်ပေးလျှက်ရှိပါကြောင်း သိရှိရသည်။

**နိုင်လင်းထွန်း (ပြည်)**

## မွန်ပြည်နယ် စားသုံးသူရေးရာကော်မတီ၏ (၂/၂၀၂၀) ကြိမ်မြောက် အစည်းအဝေးကျင်းပ

မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး၌ ၂၀၂၀ ပြည့်နှစ် ဇွန် ၁ ရက်တွင် မွန်ပြည်နယ် စားသုံးသူရေးရာကော်မတီ (၂/၂၀၂၀) ကြိမ်မြောက်အစည်းအဝေး ကျင်းပခဲ့ကြောင်း သိရှိရသည်။ အဆိုပါအစည်း အဝေးသို့ မွန်ပြည်နယ် စားသုံးသူရေးရာကော်မတီ ဥက္ကဋ္ဌ၊ စီမံကိန်းနှင့်ဘဏ္ဍာ ရေးဝန်ကြီးဌာနဝန်ကြီး ဦးဝဏ္ဏကျော်နှင့် ကော်မတီအဖွဲ့ဝင်များ စုံညီစွာ တက် ရောက်ခဲ့ကြသည်။

အဆိုပါအစည်းအဝေးတွင် မွန်ပြည်နယ် စားသုံးသူရေးရာကော်မတီ ဥက္ကဋ္ဌ ဦးဝဏ္ဏကျော်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မွန်ပြည်နယ်စားသုံးသူရေးရာကော်မတီ အတွင်းရေးမှူး၊ ဦးခင်အောင်သွင်က စားသုံးသူရေးရာဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများ၊ တိုင်ကြားစာများလက်ခံဖြေရှင်းဆောင်ရွက်နေမှု အခြေအနေများနှင့် ဖြေရှင်းပေးသည့်အခြေအနေများ၊ ကုန်ပစ္စည်းများအပေါ်တွင် ကုန်အညွှန်းအမှတ်အသားများအား မြန်မာဘာသာဖြင့် ရေးသားဖော်ပြရေး ဦးစားပေးဆောင်ရွက်ရမည့် ကုန်ပစ္စည်းအမယ်များအား အတည်ပြုပေးနိုင်ရေးတို့ကို ကော်မတီသို့ တင်ပြသည်။ ပြီးနောက် ကော်မတီအဖွဲ့ဝင်များက ဆွေးနွေးရာတွင် COVID-19 ထိန်းချုပ်ကာလတွင် တိုင်ကြားထားသည့် တိုင်ကြားစာ ကိုးခု၏ ဖြေရှင်း ဆောင်ရွက်ပေးမှုအခြေအနေများကိုလည်းကောင်း၊ ယင်းတိုင်ကြားစာနှင့် ပတ်သက်၍ အများနှင့် သက်ဆိုင်သောကိစ္စရပ်များဖြစ်ပါက သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းညှိနှိုင်းလုပ်ဆောင်ရွက်ရန်လိုအပ်မည့် အခြေအနေများအား ဆွေးနွေးခဲ့ကြပြီး၊ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်မည့် ကုန်အညွှန်းအမှတ်အသားဆိုင်ရာ အမယ်များကို ရွေးချယ်အတည်ပြုညှိနှိုင်းဆုံးဖြတ်ခဲ့ကြကြောင်း သိရှိရပါသည်။

**ခင်ကြည် (မွန်ပြည်နယ်)**

## ထားဝယ်မြို့ပေါ်ရှိ စားသောက်ဆိုင်နှင့် လက်ဖက်ရည်ဆိုင်များ ဖွင့်လှစ်ရောင်းချရာတွင် လိုက်နာရမည့်စည်းကမ်းများ အသိပညာပေး

မြို့နယ်စားသောက်ဆိုင်နှင့် လက်ဖက်ရည်ဆိုင်များ စစ်ဆေးကြီးကြပ်ရေးအဖွဲ့များဖြစ်သော တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်မင်းနှင့် ဝန်ထမ်းများသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာနတို့သည် ထားဝယ်မြို့ပေါ်ရှိ စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်များအား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ လိုက်နာ ရောင်းချနိုင်ရေး ဇွန် ၁ ရက်တွင် ကွင်းဆင်းခဲ့သည်။

ထိုသို့ကွင်းဆင်းရာတွင် စစ်ဆေးကြီးကြပ်ရေးအဖွဲ့မှ စားသောက်ဆိုင်နှင့် လက်ဖက်ရည်ဆိုင်များအနေဖြင့် ဖွင့်လှစ်ရောင်းချရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော လိုက်နာရမည့်အချက် ၁၁ ချက်နှင့် စားသောက်ဆိုင်တာဝန်ရှိသူများ၊ ဝန်ထမ်းများလိုက်နာ ရမည့်အချက် ၁၁ ချက်၊ စားသုံးသူများအနေဖြင့် လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ ဆိုင်တွင်း အထူးဂရုပြုရမည့် သန့်ရှင်းရေးလုပ်ငန်းများကို ထားဝယ်မြို့ပေါ်ရှိ စားသောက်ဆိုင်နှင့် လက်ဖက်ရည်ဆိုင်များအနက် ဆိုင်ပေါင်း ၄၀ အား ကွင်းဆင်း အသိပညာပေးခဲ့ကြောင်း သိရသည်။

**ရွှေဝယ်သား**

## ဈေးကွက်အတွင်း ရောင်းချနေသောကုန်စည်များ ဈေးနှုန်းမြင့်တင်ရောင်းချမှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

ပုသိမ်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဒုခရိုင်ဦးစီးမှူး ဦးထွေးသိမ်း၊ ပုသိမ်မြို့နယ်၊ တာဝန်ခံဦးမြင့်ဇော်တို့သည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ လိုက်ပါ၍ ဇွန် ၁ ရက်တွင် မြို့သစ်ဈေး ဈေးကွက်အတွင်း ရောင်းချနေသော COVID - 19 ကာကွယ်ကုသရေးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများဖြစ်သော Mask , Hand Gel , Face-shield နှင့် ဆေးဝါးများ၊ အခြေခံစားသောက်ကုန်စည်များ ဈေးနှုန်းတည်ငြိမ်စေရေး ဈေးနှုန်းမြင့်တင်ရောင်းချမှုမရှိစေရေးအတွက် ကွင်းဆင်းစစ်ဆေးခဲ့သည်။

**ရောမြေ (ပုသိမ်)**

## မကွေးကုန်စည်ဒိုင်တွင် ပဲစင်းငုံဈေး မြင့်တက်လာ

မကွေးတိုင်းဒေသကြီးအတွင်း ကုန်စည်ဒိုင်များနှင့် ပွဲရုံများတွင် ပဲမျိုးစုံအရောင်းအဝယ်ဖြစ်လျက်ရှိသည်။ မကွေးကုန်စည်ဒိုင်၌ ဇွန် ၃ ရက်တွင် ပဲစင်းငုံ(သစ်/ဟောင်း)များ အရည်အသွေးနှင့် ဝယ်လိုအားကြောင့် ဈေးနှုန်းများ မြင့်တက် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ပဲစင်းငုံ (သစ်) ၂၀ ပိဿာ တစ်တင်းလျှင် ကျပ် ၂၅၀၀၀၊ ပဲစင်းငုံ(ဟောင်း) ၂၀ ပိဿာ တစ်တင်းလျှင် ကျပ် ၂၁၀၀၀ ကျပ်နှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခင် မေ ၂၇ ရက်တွင် ပဲစင်းငုံ(သစ်) ၂၀ ပိဿာတစ်တင်းလျှင် ကျပ် ၂၂၇၀၀၊ ပဲစင်းငုံ(ဟောင်း) ၂၀ ပိဿာ တစ်တင်းလျှင် ကျပ် ၂၀၀၀၀ နှုန်းဖြင့် အရောင်းအဝယ် ဖြစ်ခဲ့သည်။ ကာလတူနှိုင်းယှဉ်ပါက ပဲစင်းငုံ(သစ်) ၂၀ ပိဿာ တစ်တင်းလျှင် ကျပ် ၂၃၀၀၊ ပဲစင်းငုံ (ဟောင်း) ၂၀ ပိဿာ တစ်တင်းလျှင် ကျပ် ၁၀၀၀ စီ ဈေးမြင့်တက်သွားကြောင်း သိရှိရသည်။

**လှမိုးခိုင် (ဖန်ခါးမြေကုန်သွယ်မှုဇုဟိုဌာန)**

# Helicopter Money နှင့် COVID-19 ဖြစ်ပွားမှုကြောင့် နိုင်ငံများ၏ ကူညီထောက်ပံ့မှု

**(ယခင်တစ်ပတ်မှအဆက်)**

မေလဒုတိယပတ်ကနေစတင်ပြီး အထက်ဖော်ပြပါ အိမ်ထောင်စုဝင်တွေမှလွဲပြီး နိုင်ငံရဲ့ ကျန်ရှိနေတဲ့ အိမ်ထောင်စုဝင်များအတွက် ထောက်ပံ့ငွေတွေကို Debit Card (သို့မဟုတ်) Credit Card များ၊ ဒေသအလိုက် Gift Certificatee နဲ့ Prepaid Card တွေကို ငွေကြေးလိုအပ်မှု တင်ပြတောင်းခံလာမှုအပေါ် Online (သို့မဟုတ်) Offline Platforms နဲ့ ပေးအပ်သွားမှာဖြစ်ပါတယ်။ Debit Card (သို့မဟုတ်) Credit Card တွေနဲ့ ငွေကြေးလိုအပ်ချက်ကို Online စနစ်နဲ့ Card ကုမ္ပဏီတွေရဲ့ Website တွေမှာ မေ ၁၁ ရက်ကနေ စတင်လျှောက်ထားနိုင်ပြီး Offline စနစ်ဖြင့် လျှောက်ထားသူတွေအနေနဲ့ နိုင်ငံတစ်ဝန်းရှိ လူထုအခြေပြုဗဟိုဌာနတွေ (သို့မဟုတ်) Card ကုမ္ပဏီတွေရဲ့ ဘဏ်တွေထံ မေ ၁၈ ရက်မှစတင်ပြီး လျှောက်ထားနိုင်မှာ ဖြစ်ပါတယ်။

Online သို့မဟုတ် Offline Platforms နဲ့ လျှောက်ထားသူတွေအနေနဲ့ အဲဒီငွေကြေးကို ဩဂုတ် ၃၁ ရက်အထိ သုံးစွဲဖို့ဖြစ်ပြီး ဒေသအလိုက် Gift Certificate တွေအနေနဲ့ သက်တမ်း (၅) နှစ် အသုံးပြုနိုင်ပေမယ့် အစိုးရအနေနဲ့ ထောက်ပံ့ငွေရရှိသူတွေကိုဩဂုတ် ၃၁ ရက်အထိ သုံးစွဲဖို့ အကြံပြုထားပါတယ်။

အရေးပေါ် ဘဏ္ဍာငွေကြေးထောက်ပံ့မှုအနေနဲ့ Debit Card သို့မဟုတ် Credit Card များ၊ ဒေသအလိုက် Gift Certificate နှင့် Prepaid Card တွေကို ထောက်ပံ့ငွေရရှိထားတဲ့ အိမ်ထောင်စုဝင်တွေရဲ့ ရပ်ကွက်ကျေးရွာအတွင်း သုံးစွဲဖို့ဖြစ်ပြီး စူပါမားကတ်ကြီးတွေ၊ ကုန်တိုက်ကြီးတွေနဲ့ အပန်းဖြေစခန်းတွေမှာ မသုံးစွဲကြဖို့ Ministry of the Interior and Safety မှ ညွှန်ကြားထားပါတယ်။

အစိုးရရဲ့ ထောက်ပံ့ငွေ ရရှိသူတွေအနေနဲ့ အဲဒီ ထောက်ပံ့ငွေရဲ့ တစ်စိတ်တစ်ဒေသ သို့မဟုတ် အကုန်လုံးကို ပြန်လည်လှူဒါန်းနိုင်ပြီး သုံးလအတွင်း အစိုးရရဲ့ ထောက်ပံ့ငွေ မယူသူတွေကို နိုင်ငံတော်ရဲ့ စေတနာအလှူရှင်အဖြစ် သတ်မှတ်ပေးမှာဖြစ်ပါတယ်။ အလုပ်အကိုင်တည်မြဲစေဖို့၊ လုပ်ငန်းခွင်ကျွမ်းကျင်မှု မြှင့်တင်ရေးအစီအစဉ်များနှင့် အလုပ်လက်မဲ့တွေအနေနဲ့ အကျိုးကျေးဇူးရရှိဖို့အတွက် သာမကဘဲ အလုပ်သမားတွေအတွက်လည်း အာမခံကြေးငွေ ထည့်ဝင်နိုင်ဖို့တို့ အတွက် အဲဒီလှူဒါန်းငွေတွေကို နိုင်ငံတော်အနေနဲ့ ပေးအပ်တာဖြစ်ပါတယ်။

သမ္မတမွန်းဂျေအင်းအနေနဲ့ တိုင်းသူပြည်သားတွေကို စေတနာအလျောက် လှူဒါန်းမှုကိစ္စတွေမှာ ပါဝင်ကြဖို့တိုက်တွန်းထားပြီး လှူဒါန်းငွေပမာဏနဲ့ လိုအပ်တဲ့ပုံစံ မည်သို့ပင်ဖြစ်စေကာမူ တိုင်းပြည်ရဲ့ အကျပ်အတည်းကာလကို ကျော်လွှားနိုင်မယ်လို့ ဆိုထားပါတယ်။ အလုပ်လက်မဲ့ဖြစ်နေသူတွေအတွက် ငွေကြေးလိုအပ်ချက်တွေရှိနေတဲ့အတွက် အစိုးရအနေနဲ့ ငွေကြေး ထောက်ပံ့ သည့် အစီအစဉ်ရေးဆွဲအကောင်အထည်ဖော်ခြင်းဖြစ်ပါတယ်။

ဗိုင်းရပ်စ်ပြန့်ပွားမှုကြောင့် အခက်အခဲဖြစ်နေသူတွေကို လှူဒါန်းသူတွေအနေနဲ့ မိမိတို့ရဲ့ ယုံကြည်မှုအရ လွတ်လပ်စွာရွေးချယ်လှူဒါန်းနိုင်ပြီး မလှူဒါန်းနိုင်သူတွေအနေဖြင့်လည်း အစိုးရရဲ့ ထောက်ပံ့ငွေတွေကို အသုံးပြုပြီး ပြည်တွင်းသုံးစွဲမှုနဲ့ ဝယ်လိုအားကို မြှင့်တင်နိုင်မှာ ဖြစ်ပါတယ်။ COVID-19 ဗိုင်းရပ်စ်ရောဂါပျံ့နှံ့မှုကြောင့် ကိုရီးယားသမ္မတနိုင်ငံမှာ အလုပ်အကိုင်ဈေးကွက်ကို ထိခိုက်လာပြီး အလုပ်လက်မဲ့ဦးရေ ဆိုးရွားစွာကျဆင်းခဲ့တဲ့အတွက် မတ်လအထိ စာရင်းအရ အလုပ်လက်မဲ့ဦးရေ ၁၉၅၀၀၀ ဦးအထိ ရှိနေပါတယ်။

**ဒေါက်တာထိန်လင်း (MyanTrade)**

အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်တဲ့ ထိုင်းနိုင်ငံမှာ ၂၀၂၀ ခုနှစ် ဧပြီလ ၇ ရက်မှာ COVID-19 ကပ်ရောဂါကြောင့် စီးပွားရေး အကြပ်အတည်း ဖြစ်နေမှုကြောင့် စီးပွားရေးနဲ့ လူမှုရေး ကူညီထောက်ပံ့နိုင်ဖို့အတွက် Phase 3 အနေနဲ့ ထိုင်းနိုင်ငံ အစိုးရက ထိုင်းဘတ်ငွေ ၁ ဒသမ ၉ ထရီလီယံ ( အမေရိကန်ဒေါ်လာ ၅၈ ဘီလီယံ) ကို အတည်ပြုခဲ့ပါတယ်။ အသေးစားနဲ့ အလတ်စားလုပ်ငန်းတွေကို ချေးငွေထုတ်ပေးခြင်း၊ အလုပ်သမားများအား ငွေကြေးထောက်ပံ့ခြင်းနဲ့ ဘဏ္ဍာရေးကဏ္ဍမှာ ငွေဖြစ် လွယ်ကူစေရေးတို့အတွက် ကူညီထောက်ပံ့ပေးမှာ ဖြစ်ပါတယ်။အဲဒီလို ဘဏ္ဍာငွေကြေးဆိုင်ရာ ကူညီထောက်ပံ့မှုတွေကြောင့် ရင်းနှီးမြှုပ်နှံသူတွေက သူတို့ရဲ့ စီးပွားရေးလုပ်ငန်းတွေအပေါ် ဘယ်လို အကျိုးသက်ရောက်နိုင်မယ်ဆိုတာကို ပြည်တွင်းက ပညာရှင်တွေရဲ့ အကူအညီနဲ့ သုံးသပ်ဖို့ပြင်ဆင်နေကြပါတယ်။

အဲဒီ ကူညီထောက်ပံ့မယ့် အစီအစဉ်ဟာ တိုင်းပြည် ဂျီဒီပီရဲ့ ၁၀ ရာခိုင်နှုန်းနဲ့ ညီမျှတဲ့ ငွေပမာဏဖြစ်ပြီး ငွေချေးစာချုပ်တွေ (Bond) ကို ဘတ်ငွေ တစ်ထရီလီယံ (အမေရိကန်ဒေါ်လာ ၃၀ ဘီလီယံ) နဲ့ ထိုင်းနိုင်ငံ ဗဟိုဘဏ်က ဘတ်ငွေ ၉၀၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၈ ဘီလီယံ)တို့နဲ့ ထောက်ပံ့သွားမှာ ဖြစ်ပါတယ်။

ထိုင်းနိုင်ငံ အနေဖြင့် COVID -19 ကပ်ရောဂါကြောင့် စီးပွားရေးအကျပ်အတည်း တွေကို ကျော်လွှားဖို့ စီးပွားရေး ကူညီထောက်ပံ့နှစ်ခု (Phase 1 နဲ့ Phase2) ကို ထုတ်ပြန်ထားပြီး၊ Phase 1 ကို ၂၀၂၀ ပြည့်နှစ် မတ် ၄ ရက်မှာ ဘတ်ငွေ ၁၀၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃ဒသမ ၂ ဘီလီယံ) ဖြင့် အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေကို ဘဏ္ဍာငွေကြေး ထောက်ပံ့ခြင်း၊ အခွန်ကင်းလွတ်ခွင့်ပေးခြင်းနဲ့ ငွေသားထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး Phase 2 ကို ၂၀၂၀ ပြည့်နှစ် မတ် ၂၄ ရက်မှာ ဘတ်ငွေ ၁၁၇ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃ဒသမ၅၆ ဘီလီယံ) ဖြင့် Phase 1 ရဲ့ မက်လုံးပေး အစီအစဉ်တွေ ပိုမို အားကောင်းလာဖို့နဲ့ စီးပွားရေးလုပ်ငန်းတွေနဲ့ အလုပ်သမားတွေရဲ့ အခွန်နှင့် သက်ဆိုင်တဲ့ ကိစ္စရပ်တွေအတွက် ဖြစ်ပါတယ်။ Phase 3 အနေနဲ့ ကူးသန်းရောင်းဝယ်ရေးဘဏ်တွေနဲ့ အသေးစားနဲ့ အလတ်စားလုပ်ငန်းများ၊ အိမ်ထောင်စုများ၊ ယာယီလုပ်သားများ၊ စာချုပ်ဖြင့် ခန့်ထားသည့် အလုပ်သမားများနဲ့ တစ်ပိုင်တစ်နိုင်လုပ်ငန်းလုပ်နေသူများ၊ ဘဏ္ဍာရေး ဝန်ဆောင်မှုကဏ္ဍမှာ ပါဝင်နေသူတွေအတွက် အဓိကရည်ရွယ်ထားခြင်း ဖြစ်ပါတယ်။

ထိုင်းနိုင်ငံရဲ့ အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းတွေဟာ နိုင်ငံ ဂျီဒီပီရဲ့ ၄၀ ရာခိုင်နှုန်းအထိ အကျိုးပြုပြီး စုစုပေါင်းလုပ်သားထုရဲ့ ၈၀ ရာခိုင်နှုန်းကို အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးနေတဲ့အတွက် စီးပွားရေး ကူညီထောက်ပံ့မှု အစီအစဉ်ဖြစ်တဲ့ Phase 3 မှာ ကူးသန်းရောင်းဝယ်ရေး ဘဏ်တွေကတစ်ဆင့် အသေးစားနဲ့ အလတ်စားလုပ်ငန်းတွေကို ငွေချေးပေးနိုင်ရန် ဘတ်ငွေ ၅၀၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံ) ထောက်ပံ့ပေးဖို့အတွက် ဖြစ်ပါတယ်။

ထိုင်းနိုင်ငံရဲ့ အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းတွေအတွက် ချေးငွေကို နှစ်စဉ် အတိုးနှုန်း ၂ ရာခိုင်နှုန်းနဲ့ ထုတ်ချေးပေးမှာဖြစ်ပေမယ့် ပထမခြောက်လအနေဖြင့် အတိုးနှုန်းကို (၀) ရာခိုင်နှုန်းဖြင့် အစိုးရမှ စိုက်ထုတ်ချေးပေးမှာဖြစ်ပြီး အဲဒီချေးငွေရရှိတဲ့ လုပ်ငန်းတွေအနေနဲ့ လက်ရှိရင် ဆိုင်နေရတဲ့ ငွေကြေးဆိုင်ရာ အခက်အခဲတွေနဲ့ ဝန်ထမ်းလစာတွေ ပေးချေနိုင်ဖို့အတွက် ဖြစ်ပါတယ်။

COVID -19 ကပ်ရောဂါကြောင့် စီးပွားရေး အကျပ်အတည်းတွေကို ရင်ဆိုင်နေရတဲ့ လယ်သမားများနဲ့ အခြားသော လူပုဂ္ဂိုလ်တွေအတွက် ဘဏ္ဍာငွေကြေးအထောက်အပံ့အနေနဲ့ ဘတ်ငွေ တစ်ထရီလီယံ (အမေရိကန်ဒေါ်လာ ၃၀ ဘီလီယံ)ကို ထောက်ပံ့ပေးရာမှာ ရပ်ကွက်၊ ကျေးရွာအတွင်း အခြေခံ အဆောက်အဦ အစီအစဉ်များနဲ့ အလုပ်အကိုင် ဖန်တီးရေးတို့အတွက်လည်း ဦးတည် ထားပါတယ်။

အိမ်ထောင်စုများ၊ ယာယီလုပ်သားများ၊ စာချုပ်ဖြင့် ခန့်ထားသည့် အလုပ်သမားများနဲ့ တစ်ပိုင်တစ်နိုင် လုပ်ငန်းလုပ်နေသူတွေကို ဘဏ္ဍာငွေကြေးအထောက်အပံ့ပေးဖို့ ဘတ်ငွေ ၆၀၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၈ ဘီလီယံ)သတ်မှတ်ထားပြီး အဆိုပါ အကူအညီမှာ ယခင်က သုံးလအတွက်သာ ကူညီထောက်ပံ့ရာမှ ယခုခြောက်လအတွက် လစဉ် ဘတ် ၅၀၀၀ (အမေရိကန်ဒေါ်လာ ၁၅၄) ကို ထောက်ပံ့ပေးခြင်းလည်း ပါဝင်ပြီး ထိုင်းနိုင်ငံရဲ့ အလုပ်သမားကိုးသန်းအတွက် ကူညီထောက်ပံ့မှုဖြစ်စေတယ်လို့ ထိုင်းအစိုးရက ဆိုထားပါတယ်။ အဆိုပါ ငွေကြေးထောက်ပံ့မှု အစီအစဉ်အရ လူပေါင်း သန်း ၂၀ ကျော်က လျှောက်ထားကြသော်လည်း ထိုင်းအစိုးရအနေဖြင့် သတ်မှတ်ချက်များနဲ့ ကိုက်ညီသူများကိုသာ လစဉ် ကူညီထောက်ပံ့သွားမယ်လို့ ဆိုထားပါတယ်။

အလုပ်အကိုင်ဖန်တီးရေး၊ ပြည်တွင်း အခြေခံ အဆောက်အအုံတည်ဆောက်ရေး၊ လူမှုအသိုက်အဝန်း အားကောင်းလာရေးတို့မှတစ်ဆင့် နိုင်ငံရဲ့ စီးပွားရေး ပြန်လည်နလန်ထူနိုင်ဖို့အတွက် ဆောင်ရွက်နေသည့် ပရောဂျက်များအတွက်လည်း ဘတ် ၄၀၀ (အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံ) ကို ထောက်ပံ့ပေးမှာ ဖြစ်ပါတယ်။

ထိုင်းနိုင်ငံရဲ့ ဘဏ္ဍာရေးကဏ္ဍ တည်ငြိမ်စေရေးအတွက် Corporate Bond Liquidity Stabilisation Fund (BSF) တည်ထောင်ဖို့ ဘတ် ၄၀၀ (အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံ) ကိုလည်း သတ်မှတ်ပေးထားပြီး ဘဏ္ဍာရေးဈေးကွက်အတွင်း လုံလောက်သည့် ငွေဖြစ်လွယ်မှုဖြစ်စေရန် ထိုင်းနိုင်ငံ ဗဟိုဘဏ်အနေနဲ့ အထူးငွေချေးမှု အစီအစဉ်တစ်ရပ်အနေဖြင့် BSF rS တစ်ဆင့် လုပ်ငန်းကြီးများ၏ငွေချေးစာချုပ် Corporate Bond များကို ဝယ်ယူခြင်းဖြစ်ပါတယ်။

■

## မြန်မာမှ တရုတ်သို့တင်ပို့ သစ်သီးဝလံအခြေအနေ

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တရုတ်နိုင်ငံသို့ သစ်သီးဝလံများ တင်ပို့လျက်ရှိရာ မေ ၁ ရက်မှ ၃၁ ရက်ထိ ဖရဲ ၂၂၂၈၂ ဒသမ ၅ တန်၊ သခွား ၁၇၄၂ တန်၊ သရက် ၂၂၄၆၇ တန် တင်ပို့နိုင်ခဲ့သည်။

မေ ၁ ရက်မှ ၈ ရက်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သော ဖရဲဈေးမှာ ဖရဲကျားသီးနှင့် ဖရဲဖြူသီး တစ်တန် ယွမ် ၂၀၀၀၊ မြန်မာငွေ ကျပ် ၃၈၀၀၀၀၊ ဖရဲဝိုင်းကျားသီး တစ်တန် ယွမ် ၂၂၀၀၊ ကျပ် ၄၁၈၀၀၀၊ ရွှေသခွား တစ်တန် ယွမ် ၅၀၀၀၊ ကျပ် ၉၅၀၀၀၀၊ စိန်တလုံးသရက် တစ်တန် ယွမ် ၇၅၀၀၊ ကျပ် ၁၄၂၅၀၀၀ ဖြစ်ခဲ့သည်။

မေလ ၉ ရက်မှ ၁၂ ရက်ထိ သရက်ဈေး အနည်းငယ်တက်ကာ တစ်တန် ယွမ် ၈၀၀၀ ဖြင့် ရောင်းချခဲ့ရသော်လည်း မေ ၂၂ ရက်နောက်ပိုင်း သရက်ဈေးမှာ တဖြည်းဖြည်း ကျဆင်းလာပြီး ယခုလက်ရှိစိန်တလုံးသရက်ပေါက်ဈေးမှာ တစ်တန် လျှင် ယွမ် ၅၅၀၀ သာ ရောင်းချရသည်။



မေ ၁၆ ရက် နောက်ပိုင်း သခွားအရောင်း မရှိတော့သလို ဖရဲဈေးလည်းကျကာ နယ်ဖရဲများ

အတင်မရှိဘဲ (နမ့်လန်၊ အုမ္ဘသီး၊ သိန္နီ၊ တန့်ယန်း) တို့မှ ရှမ်းဖရဲများသာ အတင်ရှိတော့သည်။

ဇွန်လတွင်းတွင် ဖရဲသခွားတင်ပို့မှု လုံးဝမရှိတော့သလို သရက်တင်ပို့မှုတွင် ယခင်နှစ်ကာလတူ တင်ပို့မှုများနှင့် နှိုင်းယှဉ်လျှင် ၁. ၄. ၂၀၁၉ ရက်မှ ၂၅. ၅. ၂၀၁၉ ရက်ထိ ၂၃၁၆၀ တန်၊ ၁. ၄. ၂၀၂၀ ရက်မှ ၂၅. ၅. ၂၀၂၀ ရက်ထိ ၂၁၅၂၆ တန် ဖြစ်သောကြောင့် တင်ပို့နိုင်မှု အနည်းငယ်လျော့နည်းခဲ့ကြောင်း မူဆယ်သစ်သီးဝလံကုန်စည်ဒိုင်မှ သတင်းရရှိသည်။

**ထွန်းမင်းထွန်း**
**(မောဝ်ရွှေလီကုန်သွယ်မှုဗဟိုဌာန)**

# ဂျပန်ဘဏ်များနှင့် ငွေသားမဲ့ပေးချေသည့် ကုမ္ပဏီများပူးပေါင်း၍ 'digital yen' ကို အကောင်အထည်ဖော်ရန် ပြင်ဆင်

၂၀၂၀ ပြည့်နှစ် ဇွန်လအတွင်း ဂျပန်နိုင်ငံရှိ အထင်ကရဘဏ်ကြီးသုံးခုသည် ငွေသားမဲ့ပေးချေသည့် ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူများနှင့်အတူ ဘဏ်လုပ်ငန်းကဏ္ဍ ပူးပေါင်းဆောင်ရွက်သည့်အဖွဲ့ကို ထူထောင်ပြီး ငွေရေးကြေးရေးဝန်ဆောင်မှု လုပ်ငန်းများတွင် 'digital yen' အမည်ရ အစီအစဉ်ကို မိတ်ဆက်အသုံးပြုနိုင်ရေးအကောင်အထည်ဖော်ရန် ပြင်ဆင်နေကြသည်။




Railway operator များက ထုတ်ပေးထားသည့် IC card များနှင့် smartphone application များအသုံးပြုသည့် ငွေသားမဲ့ပေးချေမှုအစီအစဉ်များကို ဂျပန်နိုင်ငံ၌ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေကြချိန်တွင် သုံးစွဲသူများအတွက် ပိုမို လွယ်ကူအဆင်ပြေစေမည့် ဝန်ဆောင်မှုများပံ့ပိုးရန် မျှော်မှန်း၍ ဘဏ်လုပ်ငန်းဝန်ဆောင်မှု လုပ်ငန်းရှင်များက ၎င်းတို့၏ အစီအမံများကို ချဲ့ထွင်ရန် ကြိုးပမ်းလာကြခြင်းဖြစ်သည်။

အဆိုပါ 'digital yen' ကို လွယ်ကူချောမွေ့စွာ မိတ်ဆက်အသုံးပြုနိုင်စေရေးအတွက် ဂျပန်ဗဟိုဘဏ်သည် ဥရောပ ဗဟိုဘဏ်နှင့် အခြားသော ဗဟိုဘဏ်များနှင့် ညှိနှိုင်းကာ ဖြစ်နိုင်ချေရှိမှု ဆန်းစစ်ချက်များကို ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း ဗဟိုဘဏ်နှင့် နီးစပ်သည့် အသိုင်းအဝိုင်းက ဆိုသည်။

'Digital yen' အသုံးပြုရေး ပူးပေါင်းဆောင်ရွက်သည့်အဖွဲ့တွင် Mitsubishi UFJ Financial Group Inc., ၊ Mizuho Financial Group Inc., နှင့် Sumitomo Mitsui Financial Group Inc.,စသည့် အထင်ကရ ငွေရေးကြေးရေးလုပ်ငန်းအုပ်စုကြီး သုံးစုနှင့်အတူ East Japan Railway Co., ၊ the issuer of the Suica IC passenger card နှင့် mobile phone service operator KDDI Corporation တို့ ပူးပေါင်းပါဝင်ကြသည်။

ဂျပန်ဗဟိုဘဏ်၊ ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်း အေဂျင်စီနှင့် စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနတို့က အဆိုပါ လုပ်ငန်းအစီအစဉ်အပေါ် လေ့လာသုံးသပ် အကဲဖြတ်သူများအဖြစ် ဆောင်ရွက်ကြမည်ဖြစ်ပြီး လုပ်ငန်း၏ အဆိုပြုပုံစံကိုလာမည့် ဆောင်းဦးရာသီတွင် အစိုးရနှင့် ဂျပန်ဗဟိုဘဏ်တို့ထံ တင်ပြ ဆောင်ရွက်သွားမည်ဖြစ်သည်။

**နန္ဒာဝင်း၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ တိုကျိုမြို့**



# ကိုရိုနာဗိုင်းရပ်စ် ကိုင်တွယ်ဖြေရှင်းရေးမူဘောင်တစ်ခု ထူထောင်ကြရန် ဂျပန်နှင့် ဥရောပသမဂ္ဂ သဘောတူ

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် ဥရောပသမဂ္ဂ (EU) ၏ ခေါင်းဆောင်များသည် ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်နိုင်မည့် ကုသဆေးနှင့် ကာကွယ်ဆေးများကို မည်သည့်နိုင်ငံကမဆို ရရှိနိုင်ရေး အာမခံဆောင်ရွက်ပေးမည့် မူဘောင်တစ်ခုနှင့် စပ်လျဉ်း၍ ဆွေးနွေးကြရန် သဘောတူခဲ့ကြသည်။

ဂျပန်ဝန်ကြီးချုပ်သည် ဥရောပကောင်စီ ဥက္ကဋ္ဌ Mr. Charles Michel၊ ဥရောပကော်မရှင် ဥက္ကဋ္ဌ Ms. Ursula von der Leyen တို့နှင့် မေ ၂၆ ရက်က Video Conferencing ဖြင့် အစည်းအဝေး ဆောင်ရွက်ခဲ့ပြီး ကိုရိုနာကပ်ရောဂါကို ကိုင်တွယ်ဖြေရှင်းရေးတွင် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အထောက်အပံ့ပေးရန်ကိစ္စမှာ အရေးပါသဖြင့် အဆိုပါကိစ္စကို သဘောတူခဲ့ကြသည်။

ကပ်ရောဂါ ကုသဆေးများနှင့် ကာကွယ်ဆေးများကို တစ် ကမ္ဘာလုံးအတိုင်းအတာဖြင့် ရရှိနိုင်စေရေးအတွက် စီမံခန့်ခွဲနိုင်မည့် နိုင်ငံတကာမူဘောင်တစ်ခု ဆောင်ရွက်ရန် မစ္စတာ အာဘေးက အဆိုပြုခဲ့သည်။ ဂျပန်နှင့် ဥရောပသမဂ္ဂ ခေါင်းဆောင်များသည် အဆိုပါအရေးကိစ္စနှင့်ပတ်သက်ပြီး ၎င်းတို့၏ ကတိကဝတ်များကို ထပ်လောင်းအတည်ပြုခဲ့ကြသည်။

စီးပွားရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ် သက်၍ မစ္စတာအာဘေးက ကမ္ဘာ့စီးပွားရေးသည် ယခင် ကမ္ဘာလုံးဆိုင်ရာ ငွေကြေးအကျပ်အတည်းနှင့် တွေ့ကြုံခဲ့ရသည့် အချိန်ကထက် အများကြီးပိုမိုဆိုးရွားသည့် အကျပ်အတည်းနှင့် ရင်ဆိုင်နေရသော်လည်း လူမှုအဖွဲ့အစည်း၏ ပုံစံအသစ်ကိုပြောင်းလဲရန် အခွင့်အလမ်းတစ်ခုပင်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

လက်ရှိ ဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုအပေါ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ အနေဖြင့်ဘက်လိုက်မှုမရှိဘဲ၊ လွတ်လပ်စွာနှင့် ပြည့်ပြည့်စုံစုံ သုံးသပ်အကဲဖြတ်မှုမျိုး တုံ့ပြန်သွားရန်လိုကြောင်း မစ္စတာ အာဘေးက တောင်းဆိုခဲ့ပြီး Mr. Michelu လည်း ဂျပန်ဝန်ကြီးချုပ်က ထုတ်ဖော် ပြောကြားခဲ့သည်။ ကိုရိုနာကပ်ရောဂါအပေါ် ကမ္ဘာတစ်ဝန်းလုံးက ထိထိရောက်ရောက် တုံ့ပြန်နိုင်ရန်အတွက် မှန်ကန်သည့် သတင်းအချက်အလက်များရရှိနိုင်ရန်မှာ အရေးကြီးကြောင်းကို ခေါင်းဆောင်များအားလုံး ကသဘောတူညီခဲ့ကြသည်။

ဂျပန်နှင့် ဥရောပသမဂ္ဂတို့အကြား မကြာသေးမီက တည်ထောင်ခဲ့ပြီး ၂၀၁၉ ခုနှစ်က သက်ဝင်ခဲ့သည့် လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်ကို ပိုမိုခိုင်မာအောင် ဆောင်ရွက်နေကြသကဲ့သို့ ကိုရိုနာတိုက်ဖျက်ရေးအတွက် ဂျပန်နှင့်ဥရောပသမဂ္ဂအကြား မဟာဗျူဟာမိတ်ဖက်ပြု ဆောင်ရွက်မှုကို အရေးပါသည့် အခန်းကဏ္ဍအနေဖြင့် မြှင့်တင်ဆောင်ရွက်သွားရန်ကိုလည်း ကတိပြုခဲ့ကြပါသည်။

**နန္ဒာဝင်း၊ စီးပွားရေးသံမှူး မြန်မာသံရုံး၊ တိုကျို**

# COVID-19 ရောဂါ ကုသ၊ ထိန်းချုပ်၊ ကာကွယ်ရေးလုပ်ငန်းစဉ်တွင် အသုံးပြုရန် အလုံပိတ် လူနာသယ်ယူသည့်စင် (Negative Pressure Carrier) နှင့် ပြောင်းရွှေ့တပ်ဆင်နိုင်သည့် Movable Negative Pressure Equipment တို့အား သံအမတ်ကြီး လက်ခံရယူ

ဇွန် ၅ ရက်တွင် ကိုရီးယားသမ္မတနိုင်ငံ အခြေစိုက် WOSEM Co., Ltd. က မြန်မာနိုင်ငံအတွက် လှူဒါန်းသည့် စုစုပေါင်း ကိုရီးယားဝမ် ၈၅ သိန်း (မြန်မာကျပ်ငွေ ၉၇ သိန်း)တန်ဖိုးရှိ COVID-19 ရောဂါ ကုသ၊ ထိန်းချုပ်၊ ကာကွယ်ရေးလုပ်ငန်းစဉ်တွင် အသုံးပြုနိုင်သည့် ပစ္စည်းများဖြစ်သော ကိုရီးယားဝမ် သိန်း ၅၀ (မြန်မာကျပ်ငွေ ၅၇ သိန်း) တန်ဖိုးရှိအလုံပိတ် လူနာသယ်ယူသည့်စင် (Negative Pressure Carrier) တစ်နှင့် ကိုရီးယားဝမ် ၃၅ သိန်း (မြန်မာကျပ်ငွေ ၄၀ သိန်းခန့်) တန်ဖိုးရှိ ကူးစက်ရောဂါများအတွက် အထူးကြပ်မတ်ဆေးကုသခန်းများ ပြုလုပ်ရာတွင် အသုံးပြုနိုင်သည့် ပြောင်းရွှေ့တပ်ဆင်နိုင်သည့် Movable Negative Pressure Equipment တစ်ခုတို့အား WOSEM Co., Ltd. ၏ ဥက္ကဋ္ဌဖြစ်သူ Mr. Lee Myung-Sik ဦးဆောင်သောအဖွဲ့နှင့် JBJ Entertainment ၏ ဥက္ကဋ္ဌဖြစ်သူ Ms. Jung Bun-ja တို့က မြန်မာသံရုံးသို့ လာရောက်ပေးအပ်လှူဒါန်းခဲ့ရာ သံရုံးဧည့်ခန်းမ၌ လှူဒါန်းခြင်းအခမ်းအနားကျင်းပခဲ့ပြီး မြန်မာသံရုံး ဆိုးလ်မြို့၏ သံအမတ်ကြီး ဦးသန့်စင်က လက်ခံရယူခဲ့သည်။

WOSEM Co., Ltd. ၏ တာဝန်ရှိသူများက Negative Pressure Carrier နှင့် Movable Negative Pressure Equipment တို့၏ အသုံးဝင်ပုံနှင့် အသုံးပြုပုံတို့ကို သရုပ်ပြရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် သံအမတ်ကြီး က WOSEM Co., Ltd. ၏ ဥက္ကဋ္ဌဖြစ်သူ Mr. Lee Myung-Sik သို့ ကျေးဇူးတင်စကားပြောကြားပြီး ကျေးဇူးတင်ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

အဆိုပါ COVID-19 ရောဂါ ကုသ၊ ထိန်းချုပ်၊ ကာကွယ်ရေးလုပ်ငန်းစဉ်တွင် အသုံးပြုရန် စုစုပေါင်းတန်ဖိုး (ဝမ် ၈၅ သိန်း) (မြန်မာကျပ် ငွေ ၉၇ သိန်း) ရှိသောအလုံပိတ်လူနာသယ်ယူ သည့်စင် (Negative Pressure Carrier) နှင့် ပြောင်းရွှေ့တပ်ဆင်နိုင်သည့် Movable Negative Pressure Equipment တို့အား မြန်မာနိုင်ငံသို့ ထွက်ခွာမည့် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း (Myanmar Airways International-MAI)ကယ်ဆယ်ရေးလေယာဉ်ဖြင့် ဆောလျင်စွာ ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်သည်။

**ဝင်းပပသူ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့။**

# ဂျပန်အစိုးရအနေဖြင့် COVID-19 အကျပ်အတည်းအတွက် ယန်း ၁၁၇ ထရီလီယံထပ်မံအတည်ပြု

ကိုရိုနာကပ်ရောဂါကြောင့်ကျဆင်းနေသည့်နိုင်ငံ၏ စီးပွားရေးကို အင်အားဖြည့်တင်းရန် ယန်း ၁၀၀ ထရီလီယံကျော်တန်ဖိုးရှိသည့် အရေးပေါ် ရန်ပုံငွေကို ပံ့ပိုးနိုင်ရန် ဂျပန်အစိုးရသည် ဒုတိယအကြိမ် ထပ်ဆောင်းဘတ်ဂျက်အဖြစ် မေ ၂၇ ရက်က အတည်ပြုခဲ့သည်။

အဆိုပါ ရန်ပုံငွေအစီအစဉ်သစ်သည် ကပ်ရောဂါဂယက်ရိုက်မှုကြောင့် စီးပွားရေး ထိခိုက်မှုဒဏ် ခံစားကြရသည့် လူပုဂ္ဂိုလ်များနှင့် ကုမ္ပဏီများကို ပံ့ပိုးပေးရန် ရည်ရွယ်ခြင်းဖြစ်သည်။ ဗဟိုအစိုးရ၊ ခရိုင်အစိုးရများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ပုဂ္ဂလိက ကဏ္ဍနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများအပါအဝင် စီမံခန့်ခွဲ သုံးစွဲမည့် အဆိုပါ ရန်ပုံငွေသည် ယန်း ၁၁၇ ဒသမ ၁ ထရီလီယံရှိပြီး ယခုအကြိမ်ပံ့ ပိုးငွေပမာဏသည် လွန်ခဲ့သည့် တစ်လကျော်ခန့်က လွှတ်တော်ကခွင့်ပြုခဲ့သည့် ပထမအကြိမ် အရေးပေါ် တုံ့ပြန်မှု အစီအမံများ၏ ပမာဏနှင့်တူညီပြီး ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် အများပြားဆုံးပမာဏ ဖြစ်သည်။

ယင်း အရေးပေါ် တုံ့ပြန်မှုအစီအမံများအတွက် ဘတ်ဂျက်အပို ဆောင်းငွေ (ပထမနှင့် ဒုတိယအကြိမ်အတွက် စုစုပေါင်းတန်ဖိုးယန်း ၂၀၀ ထရီလီယံခန့်) ကိုနိုင်ငံသားများ၏ အလုပ်အကိုင်များ၊ စီးပွားရေးလုပ်ငန်းများကို အကာအကွယ်ပေးရန်အတွက် အသုံးချသွားရန် ဝန်ကြီးချုပ်က မေ ၂၅ ရက်က ပြုလုပ်ခဲ့သည့် နိုင်ငံတစ်ဝန်း အရေးအပေါ် အခြေအနေမှ ရုတ်သိမ်းကြောင်း ကြေညာသည့် အစည်းအဝေးတွင် ကတိပြု ပြောကြားခဲ့ခြင်းဖြစ်သည်။

ဒုတိယအကြိမ် အရေးပေါ် အစီအမံအတွက် ဘတ်ဂျက် အပိုဆောင်းငွေကိုအကောင်အထည်ဖော်ရာတွင် ကိုရိုနာကပ်ရောဂါကြောင့် လုပ်ငန်းထိခိုက်ခဲ့ရသည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ၁၀၀ ရာခိုင်နှုန်းပံ့ပိုးပေးရန် ပြင်ဆင်နေကြောင်း၊ အလုပ်အကိုင်ထိခိုက်ခဲ့ရသည့် ပုဂ္ဂိုလ်တစ်ဦးချင်းစီအတွက် အများဆုံးပမာဏယန်း ၈၃၃၀ ခန့်ကို ပံ့ပိုးပေးရန် ပြင်ဆင်ထားသည်။

ပထမအကြိမ် ပံ့ပိုးခဲ့သည့် အရေးပေါ် ရန်ပုံငွေ ဘတ်ဂျက်အစီအစဉ်သည် ကုမ္ပဏီများအားလုံးအတွက် လုံလောက်မှုမရှိကြောင်း၊ အဆိုပါကုမ္ပဏီများသည် ပြီးခဲ့သည့် တစ်လကျော်ခန့်ကပင် အခြေအနေ ပိုမိုဆိုးရွားလာကြကြောင်း၊ နောက်ပိုင်းတွင် စီးပွားရေးလုပ်ငန်းများ ဒေဝါလီခံရမှုများနှင့် ပြည်သူများ၏အလုပ်လက်မဲ့နှုန်း ပိုမိုမြင့်မားလာနိုင်ပါကြောင်း၊ သို့ဖြစ်ရာ ဂျပန်အစိုးရအနေဖြင့် ရန်ပုံငွေအစီအစဉ်ကို ထပ်မံတိုးမြှင့်သင့်ကြောင်းဟု Citigroup Global Markets Japan Inc. မှ အကြီးတန်း စီးပွားရေး ပညာရှင်ဖြစ်သူ KiichiMurashima က ပြောကြားခဲ့သည်။

အဆိုပါ ဒုတိယအကြိမ် အရေးပေါ် ရန်ပုံငွေအစီအစဉ်တွင် ကျူရှင်ခနှင့် ကျောင်းလခများပေးချေရန် အကျပ်အတည်းဖြစ်နေသည့် ကျောင်းသားများအတွက်လည်း ပါဝင်မည်ဖြစ်ကြောင်း၊ အနုပညာ၊ ယဉ်ကျေးမှုနှင့် အားကစားနယ်ပယ်များမှ ကျောင်းသားများအတွက်လည်းအကျုံးဝင်မည်ဖြစ်သည်။ ထို့ပြင် ကိုရိုနာကပ်ရောဂါပြန့်ပွားနေချိန်တွင် ရှေ့တန်းမှ ကြံ့ကြံ့ခံရင်ဆိုင်ခဲ့ကြသည့် ဆေးဝန်ထမ်းများအတွက် ယန်းနှစ်သိန်းဆုကြေးပေးမည့် အစီအစဉ်လည်း ပါဝင်သည်။

ဂျပန်အစိုးရအနေဖြင့် ကပ်ရောဂါဂယက်ရိုက်မှု အကျပ်အတည်းမှ လျော့ပါးစေရေး မူဝါဒများ ချမှတ်ပံ့ပိုးဆောင်ရွက်နေသော်လည်း လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှု အရှိန် နှေးကွေးသည်ဟူသည့် ဝေဖန်မှုများနှင့်လည်း ရင်ဆိုင်နေရသည်။ ဥပမာအားဖြင့် အစိုးရ၏ ပထမအကြိမ် အရေးပေါ် ကုစားမှုအစီအမံများအနက် တစ်ခုဖြစ်သည့် လူပုဂ္ဂိုလ် တစ်ဦးချင်းစီအား ယန်းတစ်သိန်း ထောက်ပံ့ပေးသည့် ဆောင်ရွက်ချက်နှင့် ပတ်သက်၍ နိုင်ငံတစ်ဝန်း ခရိုင်အုပ်ချုပ်ရေးမှူးရုံးများတွင် ဖြေရှင်း ဆောင်ရွက်နေရသည့် အခက်အခဲများကို ဂျပန်မီဒီယာများတွင် ဝေဖန်ချက်များရေးသား ထုတ်ပြန်နေကြသည်။

**နန္ဒာဝင်း၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ တိုကျို**




## ဩစတြေးလျနိုင်ငံမှ တရုတ်နိုင်ငံသို့ အမဲသားတင်သွင်းမှု ယာယီရပ်ဆိုင်း

ဩစတြေးလျနိုင်ငံရှိ ကုမ္ပဏီလေးခုမှ တရုတ်နိုင်ငံသို့ တင်သွင်းခဲ့သည့် အမဲသားများသည် တရုတ်နှင့် ဩစတြေးလျနိုင်ငံတို့အကြား သဘောတူညီခဲ့ပြီးဖြစ်သည့် အမဲသားတင်သွင်းရာတွင် ကိုက်ညီရန် လိုအပ်သည့် ကျန်းမာရေးစစ်ဆေးမှုဆိုင်ရာ အချက်များနှင့် ကိုက်ညီခြင်း မရှိသည်ကို စစ်ဆေးတွေ့ရှိရသည့်အတွက် အဆိုပါကုမ္ပဏီများမှ အမဲသားတင်သွင်းမှုကို ဆိုင်းငံ့ထားရန် ဆုံးဖြတ်ခဲ့သည်ဟု တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ Zhao Lijian က ပြောကြားခဲ့သည်။ တရုတ်နိုင်ငံသည် အခြားနိုင်ငံများနှင့် အပြန်အလှန်လေးစားမှုနှင့် သာတူညီမျှရှိမှုတို့အား အခြေခံ၍ ခင်မင်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ တရုတ်နိုင်ငံ အကောက်ခွန်အာဏာပိုင်အဖွဲ့သည် ဩစတြေးလျ ကုမ္ပဏီများမှ တင်သွင်းခဲ့သည့် အမဲသားများအား စစ်ဆေးခဲ့ရာတွင် နှစ်နိုင်ငံအကြား သဘောတူညီပြီးဖြစ်သည့် စစ်ဆေးခြင်းနှင့် ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များနှင့် ကိုက်ညီခြင်း မရှိသည်ကို စစ်ဆေးတွေ့ရှိခဲ့ရသည်။

သို့ဖြစ်ရာ တရုတ်နိုင်ငံရှိစားသုံးသူများ၏ ကျန်းမာရေးနှင့် လုံခြုံစိတ်ချရမှုအပေါ် အကာအကွယ်ပေးနိုင်ရန် ရည်ရွယ်၍ အမဲသားတင်သွင်းမှုကို ဆိုင်းငံ့ထားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် ဩစတြေးလျအာဏာပိုင်များအား ဆုံးဖြတ်ချက်ကို အသိပေးထားပြီးဖြစ်ပြီး ဩစတြေးလျနိုင်ငံအနေဖြင့် ပြဿနာအား စုံစမ်းစစ်ဆေးမှုများ သေချာစွာ ဆောင်ရွက်ပြီး မှားယွင်းမှုများအား ပြင်ဆင်သွားရန် လိုအပ်သည်ဟု ဆက်လက်ပြောကြားခဲ့သည်။

**ရင်းမြစ်။ ၁၃-၅-၂၀၂၀ ရက်ထုတ်၊ China Daily သတင်းစာ**
**ရွှေစင်ကို၊ စီးပွားရေးသံမှူး၊ ပေကျင်း**

## သံသတ္တုရိုင်းတင်သွင်းမှုများအပေါ် စစ်ဆေးသည့် လုပ်ထုံးလုပ်နည်းများ ပြင်ဆင်သတ်မှတ်



တရုတ်နိုင်ငံသည် ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရန် ရည်ရွယ်၍ နိုင်ငံ၏ ဆိပ်ကမ်းများ၌ တင်သွင်းခဲ့သည့် သံရိုင်းသတ္တုများအား ပိုမိုထိရောက်သည့် လုပ်ထုံးလုပ်နည်းများ အသုံးပြု၍ စစ်ဆေးသွားမည့် စည်းမျဉ်းအသစ်များအား တရုတ်နိုင်ငံ၊ အကောက်ခွန် အထွေထွေ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့မှ ထုတ်ပြန်ခဲ့သည်။

တရုတ်နိုင်ငံ အကောက်ခွန် အာဏာပိုင်အဖွဲ့သည် နိုင်ငံအတွင်းသို့ တင်သွင်းလာသည့် သံသတ္တုရိုင်းများနှင့် ပတ်သက်၍ ယခင်က အသုတ်လိုက်ကွင်းဆင်း၍ မဖြစ်မနေ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ် ဇွန် ၁ ရက်တွင် စတင် အသက်ဝင်မည့် ကြီးကြပ်ကွပ်ကဲရေးဆိုင်ရာ စည်းမျဉ်းအသစ်များအရ ကုန်သည် (သို့) တင်သွင်းသူများ၏ တောင်းဆိုချက်အရသာ စစ်ဆေးပေးသွားမည် ဖြစ်ကြောင်း၊ ယခု အသစ်ပြဌာန်းလိုက်သည့် စည်းမျဉ်းများအရ လိုအပ်သည့်အခါမှသာ အန္တရာယ်ပေးတတ်သည့် အဆိပ်ကဲ့သို့ ဒြပ်စင်များပါဝင်မှုအား စစ်ဆေးသွားမည် ဖြစ်သည်။

အဆိုပါကြေညာချက်သည်ဩစတြေးလျနိုင်ငံအနေဖြင့် တရုတ်နိုင်ငံအတွင်း ဖြစ်ပွားခဲ့သည့် Covid-19 ကူးစက်ပျံ့နှံ့မှုနှင့် ပတ်သက်၍ စွပ်စွဲပြစ်တင်ဝေဖန်မှုများကြောင့် နှစ်နိုင်ငံအကြား ဆက်ဆံရေး တင်းမာလျက်ရှိသည့်အချိန်၌ ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၉ ခုနှစ်အတွင်း တရုတ်နှင့် ဩစတြေးလျနိုင်ငံအကြား သံသတ္တုရိုင်းတင်ပို့မှုသည် အမေရိကန် ဒေါ်လာ ၆၃ ဘီလီယံ ရှိခဲ့သည်။ ယခုကဲ့သို့ နှစ်နိုင်ငံအကြား ဆက်ဆံရေး တင်းမာလာမှုကြောင့် ဩစတြေးလျမှ သံသတ္တုရိုင်းတင်ပို့သူများအနေဖြင့် အခက်အခဲများနှင့် ကြုံတွေ့ရမည်ဟု လေ့လာ သုံးသပ်သူများမှ ခန့်မှန်း တွက်ချက်ထားသည်။ မကြာသေးမီကပင် တရုတ်နိုင်ငံသည် ဩစတြေးလျနိုင်ငံမှ အမဲသား တင်သွင်းမှုအား အရည်အသွေးနှင့် ပတ်သက်သည့် ပြဿနာရပ်များကြောင့် အများအပြား ဆိုင်းငံ့ထားခဲ့ပြီး အလားတူပင် ၁၈ လကြာ စုပုံတင်သွင်းမှုကို တန်ပြန်ခြင်းနှင့် ထောက်ပံ့မှုများ တန်ပြန်ခြင်းတို့ ဆောင်ရွက်ပြီးနောက်ပိုင်းတွင် ဩစတြေးလျမှ မုယောစပါး တင်သွင်းမှုအား အကောက်ခွန်နှုန်း ၈၀ ရာခိုင်နှုန်းပေးဆောင်ရန် ရုတ်တရက် ပြင်ဆင်သတ်မှတ်ခဲ့သည်။

**ရင်းမြစ်။ ။ ၁၉-၅-၂၀၂၀ ရက်တွင် ထုတ်ပြန်ခဲ့သည့် Global Times newspaper**
**ရွှေစင်ဦး၊ စီးပွားရေးသံမှူး၊ ပေကျင်း**

# မိုဇမ်ဘစ်နိုင်ငံမှ ပဲများ တင်သွင်းရာ၌ အိန္ဒိယအစိုးရက စည်းကမ်းချက်များ သတ်မှတ်


အိန္ဒိယနိုင်ငံအစိုးရသည် အာဖရိကဒေသရှိ ပဲစင်းငုံ စိုက်ပျိုးထုတ်လုပ်သည့် မိုဇမ်ဘစ်နိုင်ငံနှင့် နှစ်နိုင်ငံအကြား ပဲမျိုးစုံ ဝယ်ယူမှုဆိုင်ရာ နားလည်မှုစာချွန်လွှာ တစ်စောင်ကို ၂၀၁၆ ခုနှစ် ဇူလိုင်လတွင် လက်မှတ်ရေးထိုးခဲ့သည်။ ငါးနှစ်တာသက်တမ်းရှိသော ၎င်းနားလည်မှုစာချွန်လွှာအရ ပဉ္စမမြောက်နှစ်ဖြစ်သည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း မိုဇမ်ဘစ်နိုင်ငံမှ စိုက်ပျိုးထွက်ရှိသော ပဲစင်းငုံနှင့် အခြားပဲများ စုစုပေါင်း တန်ချိန် နှစ်သိန်းကို တင်သွင်းမည်ဖြစ်သည်။

ယခုအခါ အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်ပကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန (DGFT) က ဇွန် ၁ ရက်တွင် ကုန်သွယ်ရေးအသိပေးချက် ထုတ်ပြန်ခဲ့ပြီး မိုဇမ်ဘစ်နိုင်ငံထံမှအဆိုပါ ပဲစင်းငုံနှင့် အခြားပဲများတန်ချိန် နှစ်သိန်းအား အိန္ဒိယနိုင်ငံသို့ တင်သွင်းရာ၌ စည်းကမ်းချက်များနှင့် ကိုက်ညီမှုရှိရန် လိုအပ်မည်ဖြစ်သည်။ ယင်းစည်းကမ်းချက်များမှာ (က) ပဲများအား Mumbai, Tuticorin, Chennai, Kolkata, Hazira ဆိပ်ကမ်း ၅ ခုမှသာ တင်သွင်းရန်၊ (ခ) တင်သွင်းလာမည့် ပဲများ၏ ပင်ရင်း နိုင်ငံ သက်သေခံလက်မှတ် (Certificate of Origin - COO) အား မိုဇမ် ဘစ်နိုင်ငံအစိုးရမှ ထုတ်ပေးသည့် တံဆိပ်အမှတ်အသား ခတ်နှိပ်မှုနှင့်အတူ သက်ဆိုင်ရာ မိုဇမ်ဘစ်အာဏာပိုင်အဖွဲ့ အစည်းဖြစ်သော ICM ဌာနမှ တာဝန်ရှိသူ၏ လက်မှတ်ရေး ထိုးမှု ပါရှိရမည်ဖြစ်ပြီး အထက်ပါ ဆိပ်ကမ်းများရှိ သက်ဆိုင်ရာ အကောက် ခွန်ဌာနနှင့် အိန္ဒိယနိုင်ငံ အကောက်ခွန်နှင့် သွယ်ဝိုက်အခွန်များ ကြီးကြပ်မှု ဗဟိုအဖွဲ့ (CBIC) တို့ထံ မိတ္တူပေးပို့ရန်၊ (ဂ) ပဲတင်ပို့သည့် မိုဇမ်ဘစ် ပို့ကုန်လုပ်ငန်းရှင်၊ အိန္ဒိယနိုင်ငံဘက်မှ သွင်းကုန်လုပ်ငန်းရှင်နှင့် တင်ပို့သည့်ပဲတန်ချိန် ပမာဏ စသည့်အချက်များနှင့်အတူ အဆိုပါ ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ်၏ ဓာတ်ပုံမိတ္တူအား မူလထုတ်ပေးသည့် မိုဇမ်ဘစ်အာဏာပိုင် အဖွဲ့အစည်းထံမှ အိန္ဒိယ ပြည်ပ ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနထံသို့ သတ်မှတ်ထားသည့် အီးမေးလ် လိပ်စာမှတစ်ဆင့် တိုက်ရိုက်ပေးပို့ရန်၊ (ဃ)အိန္ဒိယနိုင်ငံရှိ သွင်းကုန်လုပ်ငန်းရှင်အနေဖြင့် ဆိပ်ကမ်းရှင်းလင်းမှုလုပ်ငန်း စဉ်အတွက် ကန့်ကွက်ရန်မရှိကြောင်းလက်မှတ် (NOC) လျှောက်ထားရာ၌ အထက် အပိုဒ်ခွဲ (ဂ) ပါ လုပ်ငန်းစဉ်ကဲ့သို့ COO ဓာတ်ပုံမိတ္တူအား DGFT သို့ သတ်မှတ်ထားသည့် အီးမေးလ်လိပ်စာမှတစ်ဆင့် ပေးပို့ရန်တို့ ဖြစ်သည်။

သို့ဖြစ်ရာ အိန္ဒိယပြည်ပကုန်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာနသည် နှစ်နိုင်ငံနားလည်မှု စာချွန်လွှာအရ မိုဇမ်ဘစ်နိုင်ငံထံမှ ပဲစင်းငုံနှင့် အခြားပဲများ တန်ချိန် နှစ်သိန်းအား တင်သွင်းရာ၌ အိန္ဒိယသွင်းကုန်လုပ်ငန်းရှင်မှ တင်ပြသည့် ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် ဓာတ်ပုံမိတ္တူအား သက်ဆိုင်ရာ နိုင်ငံရှိ အာဏာပိုင် အဖွဲ့အစည်းက တိုက်ရိုက်ပေးပို့သည့် အလားတူမိတ္တူနှင့် တိုက်ဆိုင်စစ်ဆေးပြီးမှသာလျှင် ကန့်ကွက်ရန်မရှိကြောင်း လက်မှတ်ထုတ်ပေး မည်ဖြစ်ပြီး သက်ဆိုင်ရာ ဆိပ်ကမ်းရှိ အကောက်ခွန်ဌာနသည်လည်း DGFT ၏ ခွင့်ပြုချက်ရရှိမှသာ ဆိပ်ကမ်းရှင်းလင်းမှုလုပ်ငန်းစဉ်များအား ဆက်လက်ဆောင်ရွက်ခွင့်ပြုမည်ဖြစ်သည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ပဲနီလေးနှင့် ပဲစင်းငုံ သွင်းကုန်အခွန်လျှော့ချပေးရန် အိန္ဒိယကုန်သည်များ တောင်းဆို



အိန္ဒိယနိုင်ငံ၌ COVID-19 ဗိုင်းရပ်စ် တားဆီးထိန်းချုပ်ရန်အတွက် မတ် ၂၅ ရက်မှစတင်၍ နိုင်ငံတစ်ဝန်းလုံး အသွားအလာများ ကန့်သတ်တားမြစ်ခဲ့သည့်နောက်ပိုင်း ပြည်တွင်းဈေးကွက်၌ ပဲနီလေးနှင့် ပဲစင်းငုံတို့၏ သွင်းအားစု လျော့ကျလျက် ဈေးနှုန်းများမြင့်တက်လာခဲ့ရာ အစိုးရအနေဖြင့် ၎င်းပဲများအပေါ် ကောက်ခံလျက်ရှိသည့် သွင်းကုန်အခွန်အား လျှော့ချပေးရန် အိန္ဒိယကုန်သည်များက တောင်းဆိုလျက်ရှိကြသည်။

အိန္ဒိယနိုင်ငံ စားသုံးသူရေးရာ အစားအစာနှင့် ပြည်သူ့ ဖြန့်ဖြူးမှုဝန်ကြီးဌာန၏ စာရင်းများအရ ပြည်တွင်း လက်ကားဈေးကွက်၌ Lockdown မစတင်မီက ပဲနီလေး တစ်ကီလိုဂရမ်လျှင် ဈေးနှုန်း ၆၈ ရူပီးရှိရာမှ နှစ်လအကြာတွင် ၇၆ ရူပီးသို့ မြင့်တက်လာခဲ့ကြောင်း၊ အလားတူ ပဲတီစိမ်း တစ်ကီလိုဂရမ်လျှင် ဈေးနှုန်း ၉၇ ရူပီး ရှိရာမှ ၁၁၂ ရူပီးသို့ ရောက်ရှိခဲ့ကြောင်း၊ ပျမ်းမျှဈေးနှုန်းများမှာ ပဲနီလေး၌ ၁၄ရာခိုင်နှုန်း၊ ပဲတီစိမ်းတွင် ၁၃ ရာခိုင်နှုန်း အသီးသီး မြင့်တက်သည်ကို တွေ့ရှိရကြောင်း၊ ထို့အတူ မတ်ပဲ၊ ပဲစင်းငုံနှင့် ကုလားပဲတို့၏ ပျမ်းမျှ ဈေးနှုန်းများသည်လည်း ၆ ရာခိုင်နှုန်းမှ ၉ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ကြောင်း၊ ထိုသို့ ကုန်ချောများ ဈေးနှုန်းမြင့်တက်သော်လည်း ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်သည့် ပဲမျိုးစုံ သီးနှံကုန်ကြမ်းများမှာမူ အခြေခံရည်ညွှန်းဈေးနှုန်း၏ အောက်တွင်သာ ရောင်းဝယ်လျက်ရှိကြောင်း၊ Lockdown ကာလအတွင်းပြည်တွင်းရှိ ပဲခွဲစက်နှင့် သန့်စင်ထုတ်ပိုးမှုလုပ်ငန်းများ၏ ၃၀ မှ ၄၀ ရာခိုင်နှုန်းခန့်သာ လည်ပတ်လုပ်ကိုင်နိုင်မှုနှင့် သယ်ယူ ပို့ဆောင်ရေး ခက်ခဲမှုများက လက်လီဈေးကွက်၌ ဈေးနှုန်းများ သိသာစွာ မြင့်တက်စေခဲ့ကြောင်း၊ ပြည်တွင်း၌ လက်လီဈေးနှုန်း မြင့်တက်နေမှုကို သက်သာစေရေး အစိုးရအနေဖြင့် ပဲနီလေးနှင့် ပဲစင်းငုံတို့ တင်သွင်းမှုအပေါ် သွင်းကုန်ခွန် ၃၃ရာခိုင်နှုန်း နှင့် ၁၀ ရာခိုင်နှုန်း အသီးသီး လျှော့ချပေးရန် ပဲတင်သွင်းသည့်ကုန်သည်အချို့က ပြောဆိုလျက်ရှိကြောင်းဖြင့် Business Standard သတင်းဌာနက ဖော်ပြသည်။

အိန္ဒိယဗဟိုဘဏ်၏ မေ ၂၂ ရက်က ငွေကြေးမူဝါဒဆိုင်ရာ ထုတ်ပြန်ချက်တွင် လက်လီဈေးနှုန်းများ မြင့်တက်နေမှုမှာ စိုးရိမ်ဖွယ်ရှိကြောင်း ဖော်ပြခဲ့ပြီး ဗဟိုဘဏ်ဥက္ကဋ္ဌ Mr. Shaktikanta Dasu ငွေကြေးမူဝါဒနှင့် စပ်လျဉ်း၍ ဖိအားဖြစ် ပေါ်စေသည့် အချက်များ အနက် ပဲမျိုးစုံ၏ လက်လီဈေးနှုန်းများ ဖောင်းပွလာမှုမှာ စိုးရိမ်ဖွယ်ရာရှိသဖြင့် သွင်းအားစု စီမံခန့်ခွဲမှုအပိုင်း၌ သွင်းကုန်အပေါ် ကောက်ခံလျက်ရှိသည့် အခွန်နှုန်းထားများအား ပြန်လည်သုံးသပ်ခြင်း အပါအဝင် သင့်လျော်မည့် အစီအမံများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**



# အိန္ဒိယအစိုးရသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် ခွင့်ပြုမတ်ပဲကိုတာ တင်သွင်းခွင့်ကာလ ပြင်ဆင်သတ်မှတ်

အိန္ဒိယနိုင်ငံအစိုးရသည် ကန့်သတ်တင်သွင်းကုန်ပစ္စည်းအဖြစ် သတ်မှတ်ထားသည့် မတ်ပဲအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် တင်သွင်းခွင့် ကိုတာ တန်ချိန် ၄ သိန်းသတ်မှတ်၍ တင်သွင်းခွင့်ပြုမည်ဖြစ်ပြီး အဆိုပါ မတ်ပဲတန်ချိန် လေးသိန်းအားတင်သွင်းခွင့် ကာလသတ်မှတ်ချက်ကို မူလက ၃၁-၃-၂၀၂၁ ရက် နောက်ဆုံးထား ဆိပ်ကမ်းအရောက်တင်သွင်းရန် သတ်မှတ်ခဲ့သည်။

အဆိုပါမတ်ပဲများကိုပြည်တွင်းရှိပဲခွဲစက်နှင့် ပဲသန့်စင်မှုလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ မတ် ၂၀ ရက်မှ ၃၁ ရက်အတွင်း အင်တာနက်စာမျက်နှာမှတစ်ဆင့် လျှောက်လွှာတင်သွင်းနိုင်ကြောင်း အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနရှိ ပြည်ပကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန (DGFT) က ၁၉-၃-၂၀၂၀ ရက်တွင် ကုန်သွယ်ရေး အသိပေးချက်ထုတ်ပြန်ခဲ့သော်လည်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုအကျပ်အတည်းကြောင့် လျှောက်လွှာများအား ၁၅-၄-၂၀၂၀ ရက် နောက်ဆုံးထားတင်သွင်းရန် ခွင့်ပြုခဲ့သည်။

သို့ရာတွင် အဆိုပါမတ်ပဲတန်ချိန် လေးသိန်းအားမူလက ၃၁-၃-၂၀၂၁ ရက်နောက်ဆုံးထား၍ ဆိပ်ကမ်းသို့ အရောက်တင်သွင်းရန် သတ်မှတ်ခဲ့သော်လည်း အိန္ဒိယကူးသန်းရောင်းဝယ်ရေးဦးစီးဌာနမှ ၂၂- ၅-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာဖြင့် အဆိုပါ မတ်ပဲတင်သွင်းခွင့်ကာလကို ၃၁-၈-၂၀၂၀ ရက်သို့ ပြောင်းလဲပြင်ဆင် သတ်မှတ်ခဲ့သည်။

အိန္ဒိယအစိုးရအနေဖြင့် မတ်ပဲတင်သွင်းရန် ခွဲတမ်းလျှောက်ထားမှု ၁၆၉၇ ခုကို လက်ခံရရှိခဲ့ကြောင်း၊ ပို့ကုန်သွင်းကုန်လုပ်ငန်းများ အထောက်အကူပြုကော်မတီ (Exim Facilitation Committee – EFC) သည် လျှောက်လွှာများအား စိစစ်ပြီး ကုမ္ပဏီပေါင်း ၁၆၇၁ ခုအား မတ်ပဲတန်ချိန် လေးသိန်းတင်သွင်းရန် ကိုတာ ပမာဏများခွဲဝေချထားရန် ဆုံးဖြတ်ခဲ့ကြောင်း၊ သို့ဖြစ်ရာပဲ တင်သွင်းသည့် ကုမ္ပဏီများအနေဖြင့် ၁၅-၉-၂၀၂၀ ရက်အတွင်း မတ်ပဲတင်သွင်းမှု အပြီးသတ် အစီရင်ခံစာကို ပေးပို့ရမည်ဖြစ်ကြောင်း၊ ယခုကုမ္ပဏီ ၁၆၇၁ ခုသို့ မတ်ပဲတင်သွင်းမှုကိုတာခွဲဝေချထားရန် ကော်မတီ၏ ဆုံးဖြတ်ချက်အပေါ် ကျေနပ်မှုမရှိပါက ၂၈-၅-၂၀၂၀ ရက်အတွင်း ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် မတ်ပဲတင်သွင်း ခွင့်ရရှိသည့် ကုမ္ပဏီများအနေဖြင့် ပဲတင်သွင်းရန် ဆန္ဒမရှိတော့ပါက ၃၁-၇-၂၀၂၀ ရက်နောက်ဆုံးထား၍ ကိုတာပြန်လည်အပ်နှံရမည်ဖြစ်ကြောင်း အိန္ဒိယပြည်ပကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန (DGFT) က ၂၆-၅-၂၀၂၀ ရက်တွင် ထုတ်ပြန်ခဲ့သည်။

သို့ဖြစ်၍ အိန္ဒိယအစိုးရအနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း မတ်ပဲတန်ချိန် လေးသိန်းတင်သွင်းခွင့်ပြုသည့် ကာလအား လျှော့ချသတ်မှတ်လျက် တင်သွင်းပြီးစီးမှုအခြေအနေပေါ် မူတည်၍ ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်မှုကို ချိန်ဆဆောင်ရွက်လိုသည့် သဘောရှိနေကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ **နေအေးလွင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ၂၀၂၀ ပြည့်နှစ်တွင် စင်ကာပူ၏ စီးပွားရေး တိုးတက်မှုနှုန်း ကျဆင်းနိုင်

၂၀၂၀ ပြည့်နှစ် စင်ကာပူ၏ GDP တိုးတက်မှုနှုန်း ခန့်မှန်းချက်ကို ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနကမေ ၂၆ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ ယင်းခန့်မှန်းစာရင်းအရ ၂၀၂၀ ပြည့်နှစ်တွင် စင်ကာပူ၏ စီးပွားရေးမှာ (-) ၇ ရာခိုင်နှုန်းမှ (-) ၄ ရာခိုင်နှုန်းဘောင်အတွင်း ကျဆင်းနိုင်ပြီး ယခင်မတ် ၂၆ ရက်က ပြုလုပ်ခဲ့သော (-) ၄ ရာခိုင်နှုန်းမှ (-) ၁ ရာခိုင်နှုန်းဘောင်အတွင်း စီးပွားရေးကျဆင်းနိုင်ကြောင်း ၎င်း၏ရှေ့ပြေး ခန့်မှန်းချက်ထက် ပိုမိုလျှော့ချလိုက်ခြင်းဖြစ်သည်။

ထိုပြင် ၂၀၂၀ ပြည့်နှစ် ပထမသုံးလပတ် (ဇန်နဝါရီလမှ မတ်လအထိ) အတွင်းစင်ကာပူ၏ စီးပွားရေးသည် (-)၀ဒသမ၇ ရာခိုင်နှုန်းကျဆင်းခဲ့သည်။

COVID-19 သည် ကမ္ဘာတစ်ဝန်းရှိ စီးပွားရေးလုပ်ငန်းဆောင်ရွက်ချက်များအပေါ် မျှော်လင့်ထားသည်ထက်ပင် ပိုမိုဆိုးရွားစွာ ဂယက်ရိုက်ခတ်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် ထိပ်သီးဖွံ့ဖြိုးပြီးနိုင်ငံနှင့် ဖွံ့ဖြိုးဆဲနိုင်ငံ အများစုတို့သည် စီးပွားရေးကျဆင်းမှုကို ရင်ဆိုင်ရဖွယ်ရှိသောကြောင့် ကမ္ဘာ့စီးပွားရေးမှာ (-) ၃ ရာခိုင်နှုန်းခန့် ကျဆင်းနိုင်သည်ဟု IMF က ဧပြီလတွင် ခန့်မှန်းထားကြောင်း၊ အမေရိကန်နိုင်ငံသည် ပြည်တွင်း စားသုံးမှုကျဆင်းခြင်းနှင့် အလုပ်လက်မဲ့နှုန်းမြင့်တက်လာခြင်းတို့နှင့်အတူ စီးပွားရေးကျဆင်းနိုင်ကြောင်း၊ EU နိုင်ငံများသည် ၎င်းတို့၏ ရောဂါထိန်းချုပ်မှုအစီအမံများက လုပ်ငန်းဆောင်ရွက်မှုများအပေါ် များစွာ သက်ရောက်မှုရှိခဲ့ပြီး လုပ်သားဈေးကွက် အားပျော့ခဲ့ခြင်းကြောင့် စီးပွားရေးကျဆင်းမှုနှင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် အနာဂတ်ကာလတွင် ဖြစ်ပေါ်လာနိုင်သော မသေချာမရေရာမှုများနှင့် ရောဂါဖြစ်ပွားမှု ထပ်မံ ပေါ်ပေါက်လာနိုင်သည့်အခြေအနေတို့ကြောင့် ပုဂ္ဂလိကကဏ္ဍ၏ သုံးစွဲမှုလျော့ကျလာခြင်းနှင့်



တရုတ်၏ ပို့ကုန်များအပေါ် ကမ္ဘာ့နိုင်ငံအသီးသီး၏ ဝယ်လိုအားကျဆင်းလာနိုင်ခြင်းတို့ကြောင့် တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းမှာ အလွန်အမင်းအားနည်းသွားဖွယ်ရှိကြောင်း၊ အလားတူ အာဆီယံဒေသရှိ မလေးရှား၊ အင်ဒိုနီးရှားနှင့် ထိုင်းနိုင်ငံတို့သည် ပြည်တွင်းစားသုံးမှု နှေးကွေးလာခြင်းနှင့်အတူ ၎င်းတို့၏ ထုတ်ကုန်များအပေါ် ပြည်ပဝယ်လိုအား လျော့နည်းလာခြင်းတို့ကြောင့် စီးပွားရေးကျဆင်းနိုင်ကြောင်း ဖော်ပြထားသည်။

အဆိုပါ ကမ္ဘာ့စီးပွားရေးနောက်ခံအခြေအနေအရ စင်ကာပူနိုင်ငံအနေဖြင့် ၎င်း၏ အဓိက ဝယ်လိုအားဈေးကွက်များ၏ စီးပွားရေးကျဆင်းလာမှုနှင့် ကုန်ထုတ်လုပ်မှု ကွင်းဆက်ပြတ်တောက်မှု အခြေအနေတို့ကြောင့် ပြည်ပဈေးကွက်များ၏ ဝယ်လိုအားအပေါ် အဓိကမှီခိုဆောင်ရွက်သော ကုန်ထုတ်လုပ်မှု၊ လက်ကားကုန်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေးနှင့် သိုလှောင်ထိန်းသိမ်းရေးလုပ်ငန်းကဏ္ဍများမှာ ဆိုးရွားစွာ ထိခိုက်လျက်ရှိကြောင်း၊ ရောဂါကူးစက်မှုကို ထိန်းချုပ်နိုင်ရန်အတွက် ဆောင်ရွက်နေသော Circuit Breaker အစီအမံသည် ပြည်တွင်းစားသုံးမှုကို နှေးကွေးသွားစေပြီး အထူးသဖြင့် လက်လီ ရောင်းဝယ်ရေးနှင့် အစားအသောက်ဝန်ဆောင်မှု လုပ်ငန်းများအပေါ် ရိုက်ခတ်မှုပြင်းထန်ခဲ့ကြောင်း၊ နိုင်ငံခြားလုပ်သားများ နေထိုင်သောအဆောင်များတွင် ရောဂါကူးစက်မှုမြင့်တက်လာခဲ့ပြီးလုပ်သား မလုံလောက်မှုဖြစ်ပေါ်လာကာ ဆောက်လုပ်ရေးနှင့် ပင်လယ်ကမ်းဝေး အင်ဂျင်နီယာလုပ်ငန်းများအပေါ် များစွာ ထိခိုက်လျက်ရှိကြောင်း၊ သို့ရာတွင် ကုန်ထုတ်လုပ်မှုကဏ္ဍမှ ဆေးဝါးနှင့် ဇီဝထုတ်ကုန်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍမှ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးလုပ်ငန်းများမှာ ဆက်လက်တိုးတက်မည့် အလားအလာကောင်းများရှိကြောင်း ဖော်ပြထားသည်။

**မြတ်နိုး၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ စင်ကာပူမြို့**

## ဂျပန်နိုင်ငံတွင် လူမှုရေး၊ စီးပွားရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်ခွင့်ပြုရန် ပြင်ဆင်နေ



ကိုရိုနာဗိုင်းရပ်စ်ပြန့်ပွားမှုကြောင့် ချမှတ်ခဲ့သည့် နိုင်ငံတစ်ဝန်းအရေးပေါ် အခြေအနေကြေညာချက်ကိုမေ ၂၅ ရက်တွင် ပြန်လည်ရုပ်သိမ်းပြီးနောက် လူမှုရေးနှင့် စီးပွားရေးလုပ်ငန်းများကို အဆင့်လိုက် ပြန်လည် လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသွားရန် ဂျပန်အစိုးရက စီစဉ်နေသည်။ ဂျပန်၏ခရိုင် ၄၇ ခုတွင် နောက်ဆုံး ကျန်ရှိနေသည့် ခရိုင်ငါးခုအား အရေးပေါ်အခြေအနေကြေညာချက်အား ရုပ်သိမ်းကြောင်း ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက မေ ၂၅ ရက်တွင် ပြောကြားခဲ့ခြင်း ဖြစ်သည်။

ကိုရိုနာဗိုင်းရပ်စ် လွှမ်းမိုးနေသည့် ခေတ်ကာလတွင် ဂျပန်နိုင်ငံ၏ လူနေမှုပုံစံသစ်ကိုဖန်တီးထူထောင်သွားမည်ဖြစ်ကြောင်း မစ္စတာအာဘေးက ပြောကြားခဲ့သည်။ အရေးပေါ်ကြေညာချက်ကို ရုပ်သိမ်းလိုက်သော်လည်း ကူးစက်မှုဖြစ်နိုင်သည့်အန္တရာယ်ကို သုညအဆင့်အထိဖြစ်သွားရန် လျှော့ချနိုင်မည် မဟုတ်ပါကြောင်း အစိုးရအနေဖြင့် နိုင်ငံတစ်ဝန်းလုံးရှိ ဒေသတစ်ခုချင်းစီတွင် ရောဂါကူးစက်မှုအတိုင်းအတာနှင့် ရောဂါပျံ့နှံ့မှုအန္တရာယ်ဖြစ်နိုင်ခြေရှိမှုများကို အကဲဖြတ်လျက် ခန့်မှန်းခြေအားဖြင့် သီတင်းသုံးပတ်ခန့်ခြားပြီး ကန့်သတ်တားမြစ်ချက်များအား ဆက်လက်ဖြေလျှော့သွားရန် ပြင်ဆင်နေကြောင်း ၎င်းကပြောကြားခဲ့သည်။

ဂီတဖျော်ဖြေပွဲများနှင့် ပြပွဲများနှင့်ပတ်သက်၍ တက်ရောက်သူအရေအတွက်ကို ကန့်သတ်သတ်မှတ်ပြီးမှသာ ကျင်းပဆောင်ရွက်ခွင့် ပြုသွားမည်ဖြစ်ကြောင်း၊ ကန့်သတ်ချက်များကို အဆင့်လိုက် ဖြေလျှော့သွားမည်ဖြစ်ကြောင်း၊ အားကစားပွဲများကိုဇွန် ၁၉ ရက် တွင်စတင် ကျင်းပရန် ခွင့်ပြုသွားမည်ဖြစ်ပြီး ပွဲကြည့်ပရိသတ်အရေအတွက်ကိုလည်း တဖြည်းဖြည်း တိုးမြှင့် ခွင့်ပြုသွားမည်ဖြစ်ကြောင်း၊ မည်သည့်ပမာဏအမျိုးအစားရှိ အားကစားပွဲမျိုးကိုမဆို ဩဂုတ် ၁ ရက်ကစ၍ ပြန်လည်ကျင်းပခွင့်ပြုသွားရန် ဂျပန်အစိုးရက စီစဉ်နေသည်။

**နန္ဒာဝင်း၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ တိုကျို**

## ကွမ်ရှီးတွင် မြန်မာ့ဆန်ကွဲများဖြင့် ဆန်ခေါက်ဆွဲ ထုတ်လုပ်မှုများလာ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့ရှိ မြန်မာကုန်သွယ်ရေး ကိုယ်စားလှယ်ရုံးတွင် ၂၀၂၀ ခုနှစ် မတ် ၁၇ ရက်က မြန်မာနိုင်ငံမှ A12 Sortexed အမျိုးအစား ဆန်ကွဲအား ဝယ်ယူတင်သွင်းရန် ကွမ်ရှီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ကုမ္ပဏီနှင့် မြန်မာနိုင်ငံဘက်မှ တရုတ်နိုင်ငံသို့ တရားဝင် တင်သွင်းခွင့်ရရှိထားသော ကုမ္ပဏီတို့ လက်မှတ်ရေးထိုးခဲ့ကြသည်။ ယခုအခါ ၎င်းအရောင်းအဝယ်စာချုပ်အောက်တွင် တင်သွင်းလာသည့် ဆန်ကွဲများရောက်ရှိလာပြီဖြစ်ကာ တရုတ်ဆန်ခေါက်ဆွဲစက်ရုံများတွင် မြန်မာဆန်ကွဲများကို အသုံးပြုလျက် ဆန်ခေါက်ဆွဲအမျိုးမျိုးစတင်ထုတ်လုပ်နေကြပြီဖြစ်သည်။

မြန်မာနိုင်ငံမှ တင်သွင်းလာသည့် ဆန်ကွဲများမှာ တရုတ်နိုင်ငံမှ သတ်မှတ်ထားသော စံချိန်စံညွှန်းများပြည့်မီသောကြောင့် တရုတ်နိုင်ငံ၌ အကောက်ခွန်စစ်ဆေးရာတွင် အခက်အခဲမတွေ့ဘဲ ချောမွေ့စွာ ဝင်ရောက်လာနိုင်ခြင်းဖြစ်ပါသည်။ ၎င်းဆန်ကွဲများမှာ ဆန်ခေါက်ဆွဲထုတ်လုပ်ရာတွင် အဆင်ပြေမှုရှိကြောင်းနှင့် ဆန်ခေါက်ဆွဲထုတ်လုပ်သူများက မြန်မာနိုင်ငံမှ ယခုကဲ့သို့ ဆန်ကွဲအမျိုးအစားအပြင် ဆန်စီး (ဆန်စေး)မှ ထွက်ရှိသော ဆန်ကွဲကိုလည်း ကွမ်ရှီးဒေသ၏ အထူးခေါက်ဆွဲထုတ်လုပ်နိုင်ရေး ဝယ်ယူရန် စိတ်ဝင်စားကြသည်ဟု သိရသည်။

မြန်မာနိုင်ငံမှ စိုက်ပျိုးရေး၊ မွေးမြူရေးကဲ့သို့သော အဓိက အသက်သွေးကြောဖြစ်သည့် ကဏ္ဍများမှ ကုန်ကြမ်းများနှင့် တစ်ဝက် တစ်ပျက်ပြုပြင်ထုတ်လုပ်ထားသော စိုက်ပျိုးရေးထွက်ကုန်များကို တရုတ်နိုင်ငံမှ ကုန်ချောထုတ်လုပ်သူများနှင့် ယခုကဲ့သို့ ချိတ်ဆက်ပေးနိုင်ခြင်းမှာ မြန်မာနိုင်ငံ၏ကဏ္ဍကို ကူညီပံ့ပိုးပေးရာရောက်ပါသည်။ ထို့ပြင် နိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးမှုပန်းတိုင်မျှော်မှန်းချက်များကိုလည်း အထောက်အကူပြုသဖြင့် ယခု ကဲ့သို့ ချိတ်ဆက်မှုများ ထပ်မံဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**ရင်းမြစ်။ မြန်မာကုန်သွယ်ရေး**
**ကိုယ်စားလှယ်ရုံး၊ (နန်နင်းမြို့)**
**ဒေါက်တာရွှေစင်ကို၊ နန်နင်းမြို့**

# အဒိပတိလယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလီမိတက်






ဆန်နှင့် ဆန်ထွက်ပစ္စည်းများ ကြိတ်ခွဲထုတ်လုပ်၍ ပြည်တွင်း/ပြည်ပသို့ဖြန့်ဖြူးတင်ပို့ရောင်းချသည်၊

SATAKE Corporation ထုတ် ဆန်စက်ပစ္စည်းများအား တစ်ဦးတည်းကိုယ်စားလှယ်အဖြစ်ဖြန့်ဖြူးရောင်းချသည်၊







**Head Office:** Satsan (12) Compound, Upper Pazundaung Road, Mingalar Taung Nyunt Township, Yangon
+951 292 895, +951 292 803. Fax: +951 292 819, mail : adipatlimited@gmail.com, website: www.adipatiagri.com
**Show Room:** Corner of BayintNaung Road and Parami Road, Hlaing Township, Yangon, +959 449957760, +959 250253328

# SUN

ELECTRICAL ENGINEERING & CONSTRUCTION CO.,LTD.


INSTALLATION OF 66/33 KV, 66/11 KV, 33/11 KV, 33/.04 KV,
11-6.6/0.4 KV, 11/0.4 KV SUBSTATION
66 KV LINE, 33 KV LINE, 11 KV LINE, 6.6 KV LINE & 400 V LINE
CIVILWORK FOR SWITCH BAY, SWITCH YARD, SUBSTATION
CONTROL BUILDING CONSTRUCTION



66/11 KV, 2 X 30 MVA GIS SUBSTATION @ YADANA



66/11 KV, 5 MVA SUBSTATION @ VERTICAL WIND TUNNEL



66 KV DOUBLE CIRCUIT O/H LINE @ FORTUNE PLAZA



66 KV DOUBLE CIRCUIT O/H LINE @ BAYINT NAUNG

# Myanmar Golden Service

ကုမ္ပဏီအကျိုးဆောင်လုပ်ငန်းနှင့်
စာရင်းကိုင်၊ စာရင်းစစ်လုပ်ငန်း

- အမှတ် (105/B)၊ သံသရာကျောင်းလမ်းသွယ်၊
  ရွှေဟင်္သာလမ်းမ၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊
  ဖုန်း - ၀၁၅၀၇၀၁၁၇၊ ၀၁၅၀၇၂၆၈၊
  ၀၉၅၁၂၂၅၁၉၊ ၀၉၉၆၅၁၂၂၅၁၉၊
- အမှတ် (၂၆)၊ အောင်သိဒ္ဓိလမ်း၊ မရမ်းကုန်းမြို့နယ်၊
  ဖုန်း - ၀၉၂၅၀၀၁၅၅၅၊ ၀၉၄၀၄၉၆၈၆၈၂
- အမှတ်(၈၃)၊ ပထမထပ်၊ ဥလမ်း၊
  (အောက်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊
  ဖုန်း - ၀၉၄၀၄၉၆၈၆၈၃

Email : mmgoldenmm@gmail.com



MADE IN ITALY
PEDROLLO
... the spring of life
အီတလီနိုင်ငံထုတ်ရေစုပ်စက်အမျိုးမျိုး
Uni Trade Yangon Limited
Sales/Service Center Yangon-01-653330,653448,296778,385402 Naypyitaw-067-22842,21505 Mandalay-02-30649,32431,73011
Fax-01-663524 Email:



JPM
CAR SALE CENTER
jpmautocenter@gmail.com
www.jpmmotors.com
အရည်အသွေး
ကောင်းမွန်သောကားအမျိုးအစားကို
စိတ်ကြိုက်ရွေးချယ်ဖို့
JPM နဲ့ဆက်သွယ်ဖို့...
Ph: 09 44 888 2944
HOT LINE : 09253008800

# လာမည့်သုံးနှစ်အတွင်း နည်းပညာလုပ်ငန်းများတွင် စင်ကာပူနိုင်ငံသား ၃၀၀၀ ကျော်ကို လေ့ကျင့်အစားထိုးသွားမည်

နည်းပညာနှင့် ဆက်နွယ်နေသော အလုပ်အကိုင်များတွင် စင်ကာပူနိုင်ငံသား ၃၀၀၀ ကို အစားထိုးသွားနိုင်ရန်နှင့် လာမည့်နှစ်နှစ်၊ သုံးနှစ်အတွင်း သူတို့ကိုလေ့ကျင့်ပေးသွားရန် အစိုးရ၏ လက်ရှိစီမံကိန်းကို တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဝန်ကြီး အက်စ်အစ္စဝါရန်က ဇွန် ၄ ရက်တွင်ပြောကြောင်း ချန်နယ်နယူးအေရှသတင်း၌ ဖော်ပြသည်။

ဤအစီအစဉ်ကို ဆောင်ရွက်ခြင်းဖြင့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဖြစ်နေသော်လည်း သတင်းအချက်အလက်၊ ဆက်သွယ်ရေးနှင့်နည်းပညာ( အိုင်စီတီ)ကဏ္ဍ ဆက်လက်ဖွံ့ဖြိုးခြင်းနှင့်အတူ နည်းပညာနှင့် ဒစ်ဂျစ်တယ်ပညာရှင်များ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးရန် စင်ကာပူနိုင်ငံက ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ကုမ္ပဏီများက ဦးစီးသော လေ့ကျင့်ရေး (Company-led Training -CLT) အစီအစဉ်ကို တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ရှေ့ဆောင်နည်းပညာ လုပ်ငန်းများနှင့် နည်းပညာမဟုတ်သော စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဆောင်ရွက်ပါမည်။



ဤအစီအစဉ်က နည်းပညာအလုပ်ကောင်းများတွင် စင်ကာပူနိုင်ငံသားများ ပိုမိုပါဝင်လာနိုင်အောင် အစားထိုးလေ့ကျင့်ပေးသွားမည်ဖြစ်သည်။ အဓိကအားဖြင့် ဒစ်ဂျစ်မားကက်တင်း၊ ဆော့ဝဲဖ်အင်ဂျင်နီယာ၊ ဆိုက်ဘာလုံခြုံရေးနှင့် ဒေတာအချက်အလက် ဆန်းစစ်ရေးလုပ်ငန်းတာဝန်များကိုဖြည့်ဆည်းပေးရန်ဖြစ်ကြောင်း ပါလီမန်တွင်ပြုလုပ်သော ဘတ်ဂျက်ဆွေးနွေးပွဲတွင် အမှာစကားပြောကြားရာ၌ ဝန်ကြီးက ပြောသည်။

စင်ကာပူနိုင်ငံ သတင်းအချက်အလက်ဆက်သွယ်ရေး မီဒီယာဖွံ့ဖြိုးရေးအာဏာပိုင်အဖွဲ့က စီမံကွပ်ကဲထားသော TechSkills Accelerator (TeSA) စီမံကိန်းတွင်ပါဝင်လျက်ရှိသည့် CLT အစီအစဉ်၏ အစိတ်အပိုင်းအဖြစ်ဆောင်ရွက်ရာတွင် ကုမ္ပဏီများသည် အသစ်နှင့် အလယ်အလတ်အဆင့်ပညာရှင်များကို ငှားရမ်းခန့်ထားပြီး လုပ်ငန်းခွင်သင်တန်းများကို ပေးသွားမည်ဖြစ်သည်။

အသက် ၄၀ နှင့်အထက်ရှိ အလယ်အလတ်အဆင့်ကျွမ်းကျင်သူပညာရှင်များအတွက် လုပ်ငန်းခွင်လေ့ကျင့်ရေး အခွင့်အရေးပေးသည့်အနေဖြင့် လူ ၂၅၀၀ အတွက် TeSA Mid-Career Advance programme အစီအစဉ်ကိုလည်း တစ်ပြိုင်နက်တည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မစ္စတာ အစ္စဝါရမ်က ပြောသည်။

မရေရာမှုများ ဆက်လက်ဖြစ်ပွားနေသော်လည်း ICT ကဏ္ဍက စီးပွားရေးတွင် အလားအလာကောင်းသောနေရာတွင် ရှိနေကြောင်း ဝန်ကြီးကပြောသည်။ ဤကဏ္ဍသည် ယခုနှစ်ပထမသုံးလပတ်တွင် နှစ်အလိုက်နှိုင်းယှဉ်ပါက ၃ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ပြီး အလုပ်အကိုင် ၁၁၀၀ ကိုဖန်တီးပေးနိုင်ခဲ့သည်။

## ငှက်ဖျားဆေး ဟိုက်ဒရိုဇီကလိုရိုကွင်းက ကိုဗစ်-၁၉ ကို မကာကွယ်နိုင်ဟု သုတေသီအဖွဲ့ဆို

ကိုဗစ်-၁၉ ကာကွယ်ဆေးအဖြစ် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ညွှန်းထားသော ငှက်ဖျားဆေးမှာ လူများ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရမှု ကာကွယ်ရာတွင် ထိရောက်မှုမရှိဟု ဇွန် ၃ ရက်က ကျယ်ကျယ်ပြန့်ပြန့် ထုတ်ပြန်ခဲ့သော ဆေးပေးခန်းစမ်းသပ်မှုများအရ သိရကြောင်း ချန်နယ်နယူးအေရှသတင်းတွင် ဖော်ပြသည်။

ဟိုက်ဒရိုဇီကလိုရိုကွင်းကို သုံးခြင်းအားဖြင့် ပြင်းထန်ဘေးထွက်ဆိုးကျိုး သို့မဟုတ် နှလုံးနှင့်ဆိုင်သော ပြဿနာများဖြစ်ပွားသည်ကိုလည်း စမ်းသပ်စစ်ဆေးမှုအသစ်အရ မတွေ့ရပါ။

အငြင်းအခုံ ပြင်းပြင်းထန်ထန် ဖြစ်ပွားနေချိန်တွင် ထရမ့်၏ နှုတ်အားဖြင့်ထောက်ခံမှု ထွက်ပေါ်လာခြင်းဖြစ်ပြီး ကူးစက်ခံရသူ ၆ ဒသမ ၄ သန်းနှင့်သေဆုံးသူ ၃၈၂၀၀၀ ဦးရှိခဲ့သော ကမ္ဘာ့ကပ်ရောဂါကို တိုက်ဖျက်ရာတွင် ဆယ်စုနှစ်များစွာ သက်တမ်းရှိခဲ့သော ဆေးဝါးကဈေးသက်သာစွာဖြင့် ကျယ်ကျယ်ပြန့်ပြန့်ရနိုင်မည်ဟု မျှော်လင့်ခဲ့ကြသည်။

ကိုရိုနာဗိုင်းရပ်စ်ကို ကုသရာတွင် အကျိုးသက်ရောက်မှုကို သိရှိနိုင်ရန်အတွက် ပထမလေ့လာစူးစမ်းမှုတွင် ဟိုက်ဒရိုဇီကလိုရိုကွင်းကို အသွင်တူဆေးတစ်ခုဖြင့် နှိုင်းယှဉ်၍ ဗိုင်းရပ်စ်ပိုးနှင့် မကြာသေးမီက ထိတွေ့မှုရှိထားသူ သို့မဟုတ် ကူးစက်နိုင်မှုအန္တရာယ် မြင့်မားသောအိမ်ထောင်စုများမှ လူ ၈၂၁ ဦးကို စမ်းသပ်စစ်ဆေးခဲ့ခြင်းဖြစ်သည်။

လေ့လာစမ်းသပ်မှုကို မင်နီဆိုတာတက္ကသိုလ်မှ အဖွဲ့တစ်ဖွဲ့က ဦးစီးဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လေ့လာတွေ့ရှိချက်ကို New England Journal of Medicine ဂျာနယ်တွင် ဖော်ပြခဲ့သည်။

## အိုင်တီကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ဗီယက်နမ်နိုင်ငံက စီမံကိန်းချမှတ်

၂၀၂၅ ခုနှစ်တွင် သတင်းအချက်အလက်နှင့် နည်းပညာ(အိုင်တီ) လုပ်ငန်းတစ်ခုစီမှ ဝင်ငွေ တစ်ဘီလီယံရနိုင်မည့်လုပ်ငန်း ၁၀ ကို တည်ထောင်မည့် စီမံကိန်းကို ဗီယက်နမ်နိုင်ငံက ရည်မှန်းထားသည်။

ယခုသီတင်းပတ် စောစောပိုင်းက တီယန်းဂီယောင်းပြည်နယ်တွင် ကျင်းပသော ၂၀၁၅-၂၀၂၀ ပြည့်နှစ်တောင်ပိုင်းဒေသ အိုင်တီဖွံ့ဖြိုးရေး အစီအစဉ် ပြန်လည်သုံးသပ်ပွဲ ကွန်ဖရင့်တွင် ဤရည်မှန်းချက်ကို ချမှတ်ခဲ့ခြင်းဖြစ်သည်။

လွန်ခဲ့သော ငါးနှစ်အတွင်း အလွန်အရေးပါသော ဖွံ့ဖြိုးတိုးတက်မှုများနှင့်အတူ အိုင်တီ၊ အီလက်ထရွန်နစ်နှင့် တယ်လီကွန်ဆက်သွယ်ရေးကဏ္ဍတို့သည် လျင်မြန်စွာတိုးတက်လာခဲ့ကြောင်း သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး ဒုတိယဝန်ကြီး ဖန်တမ်က ပြောသည်။

၂၀၁၉ ခုနှစ်တွင် အိုင်တီ၊ အီလက်ထရွန်နစ်နှင့် ဆက်သွယ်ရေးကဏ္ဍမှ ရရှိသော ဗီယက်နမ်နိုင်ငံ၏ ဝင်ငွေသည် အမေရိကန်ဒေါ်လာ ၁၁၂ ဒသမ ၅ ဘီလီယံရှိခဲ့သည့်အတွက် ၂၀၁၅ ခုနှစ်ကထက် နှစ်ဆမြင့်တက်ခဲ့သည်။ ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်ကာလအတွင်း ၂၆ ရာခိုင်နှုန်း တိုးတက်ခဲ့သဖြင့် ဂျီဒီပီတိုးတက်မှုနှုန်းထက် လေးဆပိုမိုပြီး ယခင်နှစ်နိုင်ငံတော်ဘတ်ဂျက်တွင် ဗီယက်နမ် ဒေါင် ၅၃ ထရီလီယံ (အမေရိကန်ဒေါ်လာ ၂ ဒသမ ၁ ယီလီယံ) ထည့်ဝင်နိုင်ခဲ့သည်။ လူတစ်သန်းအတွက် အလုပ်အကိုင်များကို ဖန်တီးပေးနိုင်ခဲ့သည်။

၂၀၁၉ ခုနှစ်တွင် ဆော့ဖ်ဝဲလ်လုပ်ငန်း၏ ဝင်ငွေပျမ်းမျှတိုးတက်နှုန်းမှာ ၁၇ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ ၂၀၁၉ ခုနှစ်တွင်ဆော့ဖ်ဝဲလ်ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၅ ဘီလီယံရှိခဲ့သည်။

Recycle for clean and green future
သန့်ရှင်းစိမ်းလန်းသော အနာဂတ်ဖြစ်စေဖို့
စွန့်ပစ်ပစ္စည်းများကို ပြန်လည်ပြုပြင်သုံးစွဲစို့




## ဇူလိုင်တွင် အမေရိကန်အဲလိုင်း ခရီးစဉ်များ တိုးချဲ့ပြေးဆွဲမည်

ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါဖြစ်ပွားပြီးနောက်ပိုင်း အကြီးအကျယ် လျှော့ချထားခဲ့သော လေကြောင်းခရီးစဉ်များကို လာမည့်လမှစတင်ကာ တိုးချဲ့ပြေးဆွဲသွားပြီး ၂၀၁၉ ခုနှစ် ဇူလိုင်ကပြေးဆွဲခဲ့သော ပမာဏ၏ ၅၅ ရာခိုင်နှုန်းကျော်ကို ပြန်လည်ပြေးဆွဲသွားမည်ဟု အမေရိကန်အဲလိုင်းကုမ္ပဏီက ဇွန် ၄ ရက်တွင်ပြောကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

အမေရိကန်တွင် အကြီးဆုံးဖြစ်သော ဤလေကြောင်းလိုင်းက အပြည်ပြည်ဆိုင်ရာခရီးစဉ်များကိုလည်း လာမည့်လတွင် တိုးချဲ့သွားမည်ဖြစ်ရာ ၂၀၁၉ ခုနှစ် ဇူလိုင်က ဆောင်ရွက်ခဲ့သောပမာဏ၏ ၂၀ ရာခိုင်နှုန်းနီးပါးကို ဆောင်ရွက်သွားမည်ဖြစ်သည်။

အမေရိကန်အဲလိုင်းသည် မေလက ပြည်တွင်းခရီးစဉ်၏ ၂၀ ရာခိုင်နှုန်း၊ ဇွန်လတွင် ၂၅ ရာခိုင်နှုန်းကိုသာ ဆောင်ရွက်နိုင်ခဲ့ကြောင်း အမေရိကန်အဲလိုင်းကွန်ရက်မဟာဗျူဟာဌာန အကြီးတန်း ဒုတိယဥက္ကဋ္ဌ ဗာစူးရာဂျာကပြောသည်။

'လေကြောင်းလိုင်းတစ်ခုအနေနဲ့ ကျွန်တော်တို့က ပြန်ရမယ့် ဝယ်လိုအားကို တွက်နေရပါတယ်။ စီးပွားရေးအခြေအနေကိုလည်း ကြည့်နေပါတယ်"ဟု အမေရိကန်အဲလိုင်းက အခြားပြိုင်ဘက်များထက် ခရီးစဉ်များ ပိုမိုဆောင်ရွက်နေသည်ကို ရည်ညွှန်း၍ ရာဂျာကပြောသည်။

လူအသွားအလာများသည့်ရက်များတွင် မေလက ခရီးစဉ် ၂၀၀၀ ပြေးဆွဲခဲ့ရာမှ ဇူလိုင်တွင် ခရီးစဉ် ၄၀၀၀ အထိပြေးဆွဲမည်ဖြစ်ကြောင်း ရာဂျာက ရိုက်တာကို ပြောသည်။ ဤခရီးစဉ်အရေအတွက်မှာ အကျပ်အတည်းမတိုင်မီက နေ့စဉ်ပျံသန်းသော ခရီးစဉ် ၆၈၀၀ နှင့်နှိုင်းယှဉ်ပါက များစွာနည်းနေသေးသည်။

စံမီအောင် စုစည်းသည်